The Commerce Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 1 တနင်္လာနေ့တိုင်းထုတ်ဝေသည် January 4 , 2016



# အစားထိုးနည်းပညာများနှင့် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး

ညီညီအောင် ၁၈



## အသက်ကလေးရှယ်တဲ့ ရှည်စေလို

၁၂

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် စပါးဆန်ဈေးနှုန်းများ ယခင်လထက် ဈေးနှုန်းမြင့်တက် အရောင်းအဝယ်သွက်လျက်ရှိ ၄

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအားဖျက်သိမ်း ၁၃

ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ သန်းလေးထောင်ကျော်ရှိလာ ၁၆


Ocean
SUPERCENTER
မုံရွာခရိုင်ရှိ ဈေးဝယ်သူ မိဘပြည်သူများအတွက်
နိုင်ငံတကာအဆင့်မီ အကြီးဆုံး Shopping Center
အကောင်းဆုံးဝန်ဆောင်မှုများ၊ အတွေ့အကြုံများပေးနိုင်ဖို့ရည်ရွယ်ပြီး ဧရိယာ sqft – ၂၀၀,၂၂၅ ကျယ်ဝန်း၍
ကား ၁၀၀ စီးနှင့် မော်တော်ဆိုင်ကယ် ၃၀၀ စီးခန့်ရပ်နားနိုင်သည့် ကားပါကင်၊ ငွေရှင်းကောင်တာ ၁၈ ခုပါဝင်သော
Ocean Supercenter နှင့်အတူ Seasons Bakery & Cafe ၊ City Care Health and Beauty Store၊
ဖက်ရှင် (အဝတ်အထည်နှင့် ဖိနပ်) ၁၇ ဆိုင်၊နိုင်ငံတကာအဆင့်မီ စားသောက်ဆိုင် ၃ ဆိုင်၊ အလှပြင်ဆိုင် ၁ဆိုင်၊
ဖုန်း နှင့် IT ဆက်စပ်ပစ္စည်း ၂ဆိုင်၊ ပန်းအမျိုးမျိုးနှင့်အလှပန်းဆိုင် ၁ ဆိုင်အပါအဝင် ဆိုင်ခန်းပေါင်း ၄၀ ကျော် ပါဝင်ပါသည်။
၂၀၁၆ ဇန်နဝါရီလ (၁၄)ရက်နေ့တွင်
စတင် ဖွင့်လှစ်ပါမည်။
LIKE US ON facebook
Ocean Supercenter Myanmar
အမှတ် (၆၈၁)၊ ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းထောင့်၊
မုံရွာတောင်ရပ်ကွက်၊ မုံရွာမြို့။ Tel : 071-28372, 28373

# မြောင်းမြ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ပြုလုပ်သည့် ကျေးလက်ဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် စက်မှုလယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မြောင်းမြမြို့နယ် ဆန်စက်အသင်းရုံးတွင် ဒီဇင်ဘာလ ၂၈ ရက် နေ့လယ် ၂ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြောင်းမြခရိုင် ခရိုင်ဦးစီးမှူး ဦးတိုးလွင်က ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၏ အရေးပါမှု (AEC) အတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များကို (Projector) ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။



တက်ရောက်လာသော လယ်ယာစက်မှုလက်မှုလုပ်ငန်းရှင် ဦးထွန်းထွန်းဦးက လက်ရှိလုပ်ငန်း လုပ်ကိုင်နေမှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးခြင်း၊ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူလုပ်ငန်းရှင်များနှင့် သုံးသပ်ဆွေးနွေးခဲ့ကြောင်းလည်း သိရှိရပါတယ်။

**လှထွန်းဦး**

# ပျော်ရွှင်ကံထူးနှစ်သစ်ကူးအစီအစဉ်၏ နောက်ဆုံး ကံထူးရှင်ရွေးချယ်ပွဲကြီးကို Junction Square တွင် ကျင်းပကာ ဆုမဲပေါင်း နှစ်သောင်းအား MPT မှ ပေးအပ်သွားမည်




မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က ဆုမဲပေါင်း နှစ်သောင်းပါဝင်မည့် နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲကြီးကို ဇန်နဝါရီလ ၉ ရက်တွင် ရန်ကုန်မြို့ Junction Square ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ကံထူးရှင်ရွေးပွဲတွင် မြန်မာနိုင်ငံအတွင်းနေထိုင်သူများအားလုံး ပျော်ရွှင်စွာဆင်နွဲနိုင်ရန်အတွက် နာမည်ကြီး အဆိုတော်များ၏ ဖျော်ဖြေမှုများနှင့်ဆော့ကစားနိုင်သည့် ဂိမ်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး ဆုမဲပေါင်းများစွာကို ကံထူးနိုင်မည့် အခွင့်အရေးများလည်း ရရှိမည်ဖြစ်သည်။

ကံထူးရှင်ရွေးချယ်သည့်နေ့တွင် လာရောက်ကြည့်ရှုသူပရိသတ်များထဲမှ ပရိသတ်တချို့ကို စင်မြင့်ပေါ်သို့ ဖိတ်ကြားပြီး ကံထူးရှင်ကို ကိုယ်တိုင်ပါဝင်ရွေးချယ်ပေးနိုင်မည်ဖြစ်သည်။

MPT အသုံးပြုသူအားလုံးကံထူးနိုင်မည့် ဆုမဲများမှာ တိုယိုတာလင့်ခရူဇာကားသစ်တစ်စီး၊ iPhone 6s 10 လုံး၊ iPad air2 ၁၀ လုံး၊ ဆိုနီလက်မ ၄၀ တီဗွီ ၁၀ လုံး၊ ၁ ကျပ်သားရွှေဆွဲကြိုး ၁၁ ကုံး၊ MPT ငါးထောင်တန် ငွေဖြည့်ကတ်ပေါင်း ၁၉,၉၅၉ ခုတို့ ပါဝင်မည်ဖြစ်သည်။ MRTV-4 မှလည်း ညနေ၃း၄၅ နာရီမှ ၄း၄၅ နာရီအထိ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး ထိုအချိန်အတွင်း လင့်ခရူဇာကားကံထူးရှင်ရွေးချယ်ခြင်းကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

ပျော်ရွှင်ကံထူး နှစ်သစ်ကူးအစီအစဉ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်ကစတင်ခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်းတွင် MPT သုံးစွဲသူများအတွက် ဆုပေါင်းတစ်သောင်းစီကို ကံစမ်းပေးခဲ့သည်။

နောက်ဆုံးကံထူးရှင် ရွေးချယ်ပွဲကြီးတွင် ဆုအရေအတွက်နှစ်ဆဖြင့် ဆုပေါင်းနှစ်သောင်းစီကံစမ်းပေးမည်ဖြစ်ပြီး ကံစမ်းမဲကာလအတွင်း စုစုပေါင်း ဆုအရေအတွက် ခုနစ်သောင်းကို "ဤပျော်ရွှင်ကံထူးနှစ်သစ်ကူးအစီအစဉ်မှ MPT သုံးစွဲသူ မိဘပြည်သူအားလုံးအတွက် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.KoichiKawase က "အခုလို လူအများစုဝေးတဲ့ Junction Square လိုနေရာမျိုးမှာ ပျော်ရွှင်ကံထူး နှစ်သစ်ကူးအစီအစဉ်ရဲ့ နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲကြီးကို ကျင်းပပြုလုပ်ရင်းဆုရရှိတဲ့ လူတွေရဲ့အပြုံးကို မြင်တွေ့ခွင့်ရဖို့အတွက် အရမ်းပဲ ဝမ်းသာစိတ်လှုပ်ရှားမိပါတယ်။ MPT ဟာ မြန်မာနိုင်ငံအတွင်း နေထိုင်သူများအကြားမှာ အချိန်အကြာကြီးအတူရှိခဲ့ပြီးပါပြီ။ အသုံးပြုသူတွေကလည်း ကျွန်တော်တို့ပေးတဲ့ ဝန်ဆောင်မှုတွေကို အပြည့်အဝ အားပေးသုံးစွဲကြပါတယ်။ ဒီလို အမြဲအားပေးကြတဲ့ မိဘပြည်သူတွေအတွက် ဆုမဲအစီအစဉ်တွေပြုလုပ်ပေးပြီး နှစ်သစ်မှာကံထူးမှုတွေပေးခွင့်ရတာကို အရမ်းကျေနပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကံစမ်းမဲအစီအစဉ်အစမှ ဇန်နဝါရီ ၇ ရက်အထိ ကံစမ်းမဲကာလတစ်လျှောက်တွင် သုံးစွဲသူများရရှိထားခဲ့သော ကံစမ်းမဲလက်မှတ်များအား ဇန်နဝါရီ ၉ ရက်တွင် ပြုလုပ်မည့် နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲတွင် ပြန်လည်ထည့်သွင်းရေတွက်ပေးသွားမည်ဖြစ်သဖြင့် ယခင်ဆုမဲများနှင့် လွဲချော်ခဲ့သူများလည်း ပြန်လည်ကံစမ်းနိုင်ခွင့်ကို ရရှိမည်ဖြစ်သည်။ ကံစမ်းမဲလက်မှတ်တစ်စောင်မျှ မရရှိသေးသူများလည်း ပါဝင်နိုင်ရန် အချိန်ကျန်ရှိသေးကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူး၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အဝင်ပါး လူကြိုက်များလို့ ဆန်ချောဆန်သစ် ဈေးအနည်းငယ်မာလာ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက် ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း၊ ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်နဲ့ ယခင်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေပါတယ်။ မြောင်းမြ၊ ပုသိမ်၊ ပေါ်ဆန်း ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၈၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ် ဈေးကျလာပါတယ်။

ဆန်ချော ဆန်ဟောင်းများသည် သိုလှောင်မှုကာလကြာမြင့်လာပြီဖြစ်၍ ဆန်သားပွခြင်း၊ ဆန်အရောင်မလှတော့ခြင်းများကြောင့် ဈေးကွက်မှာ ဆန်ဈေးအနည်းငယ်ကျလာရခြင်းဖြစ်တယ်လို့သိရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေး ထိပ်စ တစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၅၀၀ ကျပ် နဲ့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး၊ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်း ဆန်အသစ်ဈေးက ထိပ်စတစ်အိတ် ၃၁၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၈၅၀၀ ကျပ်နဲ့နယ်စုံပေါ်ဆန်းဆန်သစ်ဈေး ထိပ်စတစ်အိတ် ၂၈၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် ၁၀၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ချောအသစ်မှာ ဆန်သားမာလာခြင်းနှင့်အတူ ဆန်ဟောင်းထက်ဈေးသက်သာခြင်းကြောင့် ဝယ်ယူမှုများလာခြင်း၊ ကုန်စည်ဒိုင်သို့ အဝင်ပါးခြင်းတို့ကြောင့် ဆန်ချော ဆန်သစ်ဈေးမှာ အနည်းငယ်တက်လာရခြင်းဖြစ်ကြောင်း၊ အရောင်းအဝယ်ပုံမှန်သာရှိပြီး ဝယ်လိုအားအေးလျက်ရှိတယ်လို့ ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်အသစ်ဈေး ထိပ်စ တစ်အိတ် ၂၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၀၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ၅၀၀ ကျပ်ခန့်ဈေးကျလာပါတယ်။ မနောသုခသစ်ရှယ် ဈေးနှုန်းက ၂၁၅၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့်ဈေးတက်လာတာ တွေ့ရပါတယ်။ ဆန်ကြမ်းအရောင်းအဝယ်မှာ ပုံမှန်သာရှိနေသော်လည်း ရှယ်စများ အဝင်ပါးနေသဖြင့် ဆန်ကြမ်းသုခရှယ် ဈေးနှုန်းအနည်းငယ်တက်ရခြင်းဖြစ်ကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဒီတစ်ပတ် မူဆယ်ဆန်ဈေးကွက်ရဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီနဲ့ စူပါ တစ်အိတ် ၁၃၉-၁၄၁ ယွမ်နဲ့ ၅ မှတ် မနောသုခတစ်အိတ် ၁၃၄-၁၃၆ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါ တစ်အိတ် ၁၃၇-၁၃၈ ယွမ်နဲ့ ၁၀ မှတ် မနောသုခ တစ်အိတ် ၁၃၂-၁၃၃ ယွမ်၊ ဧည့်မထ ၁၅ မှတ် မော်ဘီတစ်အိတ် ၁၃၄-၁၃၆ ယွမ်နဲ့ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၃၀-၁၃၁ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၇-၁၂၉ ယွမ်၊ ၂၅ မှတ် ရတနာတိုး ၁၂၈-၁၃၃ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခတစ်အိတ် ၁၂၄-၁၂၆ ယွမ်၊ ၃၅ မှတ် ရတနာတိုး ၁၂၄-၁၂၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၄-၁၃၆ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၁-၁၃၃ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၈-၁၃၀ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး၊ ဧည့်မထ ၅ မှတ် မော်ဘီနဲ့ စူပါမှာ တစ်ယွမ်ခန့်ဈေးကျခဲ့ပြီး ကျန်ဆန်များ ဈေးငြိမ်နေကြောင်း၊ ငစိန်ဆန်မှာလည်း တစ်ယွမ်ခန့်ဈေးကျလာကြောင်း ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၉ ဒသမ ၂၀ ကျပ်ဖြစ်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန်ပျမ်းမျှ ၃၀၀၀ မှ ၄၀၀၀ ကျော်ခန့် ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၂၁၄၅၈ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် တန်ချိန် ၅၆၅ လျော့နည်းဝင်ရောက်ခဲ့ပြီး ငွေဈေး၊ ဆန်ဈေးများ ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန် ရှိတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၂၅ ရက်ထိ တန်ချိန် ၇၉၈၁၂၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၉၃ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၄၉၂၉၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၇၉၂၀၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၆ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၇၅၆၄၆ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်ဖိုးရှိကြောင်း သိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၀-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၆၅ | ၃၆၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၆ | ၃၅၆ | □ | ၃၆၅ | ၃၆၀ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၀ | ၃၅၀ | □ | ၃၅၅ | ၃၄၅ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၀၀ | ၃၀၀ | □ |
| ပေါင်းဆန် | ၃၄၅ | ၃၅၀ | △ | - | - | - | ၃၅၅ | ၃၅၅ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၀-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၅ | ၄၇၅ | □ | ၅၁၀ | ၅၁၀ | □ | ၅၀၅ | ၅၀၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၁-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၆၀ | □ | ၂၉၀၀၀ | □ | ၆၁၆၄ | □ | ၂၇၀၀၀ | □ |
| ပုသိမ် | ၅၇၀၄ | △ | ၂၁၅၀၀ | □ | ၆၆၇၁ | □ | ၂၈၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | △ | ၁၉၅၀၀ | △ | ၆၀၀၀ | △ | ၂၆၀၀၀ | □ |
| ရွှေဘို | ၅၃၀၀ | ▽ | ၂၁၀၀၀ | □ | ၉၀၀၀ | □ | ၃၁၀၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | □ | ၁၈၀၀၀ | | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | △ | ၂၀၅၀၀ | △ | - | - | ၂၇၅၀၀ | △ |
| မန္တလေး | ၆၂၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၂၃၀၀ | ▽ | - | - | ၃၀၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၁၉၀၀၀ | □ | ၆၃၀၀ | □ | ၂၃၀၀၀ | □ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၄၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၄၆၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၁၀၀၀ | ▽ | - | - | ၂၁၀၀၀ | ▽ |
| တောင်ကြီး | - | - | ၂၅၀၀၀ | □ | - | - | ၃၃၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် စပါးဆန်ဈေးနှုန်းများ ယခင်လထက် ဈေးနှုန်းမြင့်တက် အရောင်းအဝယ်သွက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင်းရှိ စပါးဆန်ဈေးနှုန်းမှာ ယခင်လထက် ဈေးနှုန်းမြင့်လို့ အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ ယခုနှစ်မိုးစပါးစိုက်ပျိုးသော တောင်သူများမှာ ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိပြီး တွက်ချေကိုက်လျက်ရှိကြောင်း၊ ယခင်နှစ်မိုးစပါးပေါ်ချိန် မနောသုခ၊ မျိုးပွား၊ ဆင်းသုခပေါင် ၅၀၊ တင်း ၁၀၀ ဈေးနှုန်းမှာ ၄၂၀၀၀၀ ကျပ်ဝန်းကျင်သာရရှိသော်လည်း ယခုနှစ်အဖွင့်ဈေးမှာပင် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ၊ တင်း ၁၀၀ ကိုတောဈေး ၅၈၀၀၀၀ ကျပ်၊ မြို့ပေါ်ဈေး ၆၀၀၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေသောကြောင့် ယခင်နှစ်ထက် ၁၀၀၀၀၀ ကျပ်ကျော် ဈေးနှုန်းပိုမိုရရှိကြောင်း၊ အောက်တိုဘာလလယ်မှ စတင်ထွက်ရှိတဲ့စပါးသစ်ဈေး ၆၀၀၀၀၀ ကျပ်ဈေးမှ ယခု ဒီဇင်ဘာလတွင် ၆၃၀၀၀၀ ကျပ်၊ ၆၄၀၀၀၀ ကျပ်ဈေးဖြစ်သွားပြီး၊ စပါးတင်း ၁၀၀ ကို ယခင်လထက် ကျပ် ၂၀၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းမြင့်တက်လာမှုတို့နဲ့အတူ ဆန်သစ်ဈေးမှာလည်း ယခင်တစ်အိတ်ကို ၂၀၅၀၀ ကျပ်၊ ၂၁၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်၊ ၂၁၅၀၀ ကျပ်ဈေးနဲ့ ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။



ယခင်နှစ် ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင်ကိုက်တင်း ၁၀၀ ကို ၇၀၀၀၀၀ ကျပ်နဲ့ ဈေးဖွင့်ဝယ်ယူသော်လည်း ယခုနှစ် အဖွင့်ဈေးမှာပင် ၇၅၀၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်သောကြောင့် စပါးတင်း ၁၀၀ ကို ၅၀၀၀၀ ကျပ်ဈေးပိုရရှိပြီး၊ ယခုအချိန် ပေါ်ဆန်းရင်စပါးဈေးမှာ ၈၀၀၀၀၀ ကျပ်၊ ၈၂၀၀၀၀ ကျပ်ဈေး ဖြစ်သွားသောကြောင့် ယခင်ပေါ်ဆန်းရင်တစ်အိတ်ကို ၂၆၀၀၀ ကျပ်၊ ၂၇၀၀၀ ကျပ်ဈေးမှ ယခုလက်ရှိ ဆန်တစ်အိတ်ကို ၂၈၀၀၀ ကျပ်၊ ၂၉၀၀၀ ကျပ်နဲ့ ဈေးနှုန်းမြင့်တက်ရောင်းဝယ်လျက်ရှိတယ်လို့ သိရပါတယ်။

လက်ရှိဈေးကွက်မှာ ဆန်စပါးများ အရောင်းအဝယ် သွက်လျက်ရှိတာကြောင့် ဒီဇင်ဘာလနောက်ဆုံးပတ် ဇန်နဝါရီလမှာ ထွက်ရှိမယ့် သက်ကြီးစပါးများဖြစ်တဲ့ မီးကောက်၊ ဧရာမင်း၊ ပေါ်ဆန်းဘေးကြား၊ ဧရာဝတီ ပေါ်ဆန်းစပါးဈေးနှုန်းမှာ အမြင့်ဘက်မှာ ဆက်လက်တည်ရှိနိုင်တယ်လို့ ကုန်သည် ပွဲစားများက ခန့်မှန်းလျက်ရှိကြောင်း၊ ပုသိမ်မြို့ရဲ့ ဆန်ဈေးကွက်မှာ ယခင်ကရန်ကုန်၊ ဘုရင့်နောင်ပွဲရုံသို့သာ အဓိကထားပြီးရောင်းချသော်လည်း ယခုနောက်ပိုင်းမှာ ပြည်၊ မန္တလေးနဲ့ အထက်အညာဒေသများသို့ ပိုမိုတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပုသိမ်မြို့၊ ဧရာမင်း ဆန်ဆိုင်ပိုင်ရှင်က ပြောပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၁-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၄/၁၂ | ၁/၁ | ပြောင်းလဲမှု | ၂၄/၁၂ | ၁/၁ | ပြောင်းလဲမှု | ၂၄/၁၂ | ၁/၁ | ပြောင်းလဲမှု | ၂၄/၁၂ | ၁/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၃၄၀ | ၃၀၂၃ | ▼ | ၂၀၃၃ | - | - | ၂၇၅၀ | ၂၈၀၀ | ▲ | ၃၃၅၀ | ၃၃၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၂၉၃ | ၂၃၄၃ | ▲ | - | - | - | ၂၂၀၀ | ၂၂၈၅ | ▲ | ၂၂၅၀ | ၂၂၈၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၉၆၅ | ၁၈၇၅ | ▼ | ၁၉၅၆ | ၁၈၆၇ | ▼ | ၁၉၂၃ | ၁၈၉၅ | ▼ | ၁၈၄၀ | ၁၈၄၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၃၀၀ | ၂၅၅၀ | ▲ | - | - | - | - | - | - | ၁၈၉၅ | ၂၁၅၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၄၁၅ | ၁၄၁၅ | ■ | ၁၄၁၇ | - | - | ၁၄၅၀ | ၁၄၇၀ | ▲ | ၁၀၃၀ | ၁၀၃၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | - | - | ၆၅၀ | - | | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁-၁-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၃/၁၂ | ၃၁/၁၂ | ပြောင်းလဲမှု | ၂၃/၁၂ | ၃၁/၁၂ | ပြောင်းလဲမှု | ၂၃/၁၂ | ၃၁/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၆၈၀ | ၁၃၅၀ | ▼ | ၁၄၈၀ | ၁၄၇၀ | ▼ | ၁၄၃၅ | ၁၄၃၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၂၀ | ၁၁၀၀ | ▼ | ၁၃၆၀ | ၁၂၃၆ | ▼ | ၁၃၇၅ | ၁၂၅၂ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၅၀ | ၉၃၀ | ▼ | ၁၀၂၇ | ၁၀၅၅ | ▲ | ၁၁၀၃ | ၁၀၈၆ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၀၂ | ၆၈၆ | ▼ | ၇၄၀ | ၆၉၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၉.၁၂.၁၅)ထိ | ယခုတစ်ပတ် (၂၆.၁၂.၁၅)ထိ | (၁.၄.၁၅) မှ (၂၆.၁၂.၁၅) ထိ |
| မတ်ပဲ | ၇၀၁ | ၃၃၂ | ၃၉၀၁၂၉ |
| ပဲတီစိမ်း | ၅၉၇၁ | ၃၀၉၀ | ၁၃၉၇၉၀ |
| ပဲစင်းငုံ | ၉၆၅ | ၁၉၈၄ | ၁၁၉၀၆၆ |
| ကုလားပဲ | - | - | ၂၃၃၆၈ |
| ပဲလွန်းဖြူ | ၈၁ | ၅၂ | ၁၃၄၆၅ |
| မြေထောက်ပဲ | ၅၆ | ၁၇၁ | ၁၃၀၈၇ |

## မုံရွာကုန်စည်ဒိုင်သို့ ပဲစင်းငုံနီသစ်များအဝင်လှိုင်

မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ပုလဲ၊ ဆားလင်းကြီးစတဲ့ မြို့နယ်စုံမှ ပဲစင်းငုံနီသစ်များ အဝင်လှိုင်နေပြီဖြစ်ကြောင်း ကုန်သည်တစ်ဦးကပြောပြလို့သိရပါတယ်။ Export ဝယ်လက်ရှိလို့ ဝင်သမျှအားလုံး အရောင်းအဝယ်ဖြစ်ကာ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်အကောင်းဆုံး သီးနှံမှာ ပဲစင်းငုံသီးနှံဖြစ်ပြီး၊ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း တစ်ရက်ပျမ်းမျှအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ဒီဇင်ဘာလအတွင်း ပဲစင်းငုံနီ တစ်တင်းပေါက်ဈေး အနိမ့်၊ အမြင့်မှာ ၄၄၀၀၀ ကျပ်၊ ၅၂၀၀၀ ကျပ်၊ ယခင်နှစ်ကာလတူပေါက်ဈေးမှာ ၂၁၀၀၀ ကျပ်၊ ၂၄၃၀၀ ကျပ် ဈေးပေါက်ခဲ့ပါတယ်။ **သန်းသန်းတင်-မုံရွာ**

# ၂၀၁၅ ခုနှစ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲဈေးနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ၂၀၁၅ တစ်နှစ်တာလုံးမှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲဈေးနှုန်းအခြေအနေများကို လေ့လာရာမှာ ပဲသီးနှံအားလုံးလိုလို နှစ်ဆန်းဈေးထက်၊ နှစ်ကုန်မှာ ဈေးပိုရခဲ့တာ တွေ့ရပါတယ်။ ပဲပုပ်သီးနှံတစ်မျိုးသာ တစ်နှစ်တာလုံးဈေးအေးအေးနဲ့ ဈေးအပြောင်းအလဲ အတက်အကျ သိပ်မဖြစ်ဘဲ ရောင်းဝယ်ခဲ့ကြပါတယ်။ လအလိုက်ဖြစ်ပေါ်ခဲ့တဲ့ ပဲမျိုးစုံဈေးနှုန်းအခြေအနေများကို အောက်ဖော်ပြပါ ဇယားအတိုင်းတွေ့ရပါတယ် -

| လအမည် | မတ်ပဲ | ပဲတီစိမ်း | ကုလားပဲ | ပဲစင်းငုံ | ပဲကြီး (ရွှေကျွန်း) | ပဲကြီး (ကမ်းနား) | ပဲပုပ် |
|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | ၂၉၀၀၀ | ၃၆၀၀၀ | ၁၆၂၀၀ | ၂၆၀၀၀ | ၂၃၀၀၀ | ၂၂၅၀၀ | ၁၇၀၀၀ |
| ဖေဖော်ဝါရီ | ၂၇၅၀၀ | ၃၃၀၀၀ | ၁၇၅၀၀ | ၂၉၅၀၀ | ၂၄၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ |
| မတ် | ၃၁၂၀၀ | - | ၁၈၃၀၀ | ၂၉၇၀၀ | ၂၄၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ |
| ဧပြီ | ၃၇၅၀၀ | - | ၂၂၅၀၀ | ၃၅၀၀၀ | ၂၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ |
| မေ | ၄၀၂၀၀ | - | ၂၄၀၀၀ | ၃၉၃၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ |
| ဇွန် | ၄၄၅၀၀ | - | ၂၅၉၀၀ | ၄၁၅၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | ၁၆၅၀၀ |
| ဇူလိုင် | ၄၃၂၀၀ | ၃၈၀၀၀ | ၂၈၀၀၀ | ၄၃၃၀၀ | ၂၆၅၀၀ | ၁၈၀၀၀ | ၁၆၅၀၀ |
| ဩဂုတ် | ၄၈၅၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | ၅၃၀၀၀ | ၃၆၀၀၀ | ၃၃၀၀၀ | ၁၇၅၀၀ |
| စက်တင်ဘာ | ၆၃၀၀၀ | ၄၀၀၀၀ | ၃၄၃၀၀ | ၅၃၀၀၀ | ၃၅၀၀၀ | ၃၂၅၀၀ | ၁၈၅၀၀ |
| အောက်တိုဘာ | ၇၂၀၀၀ | - | ၄၀၅၀၀ | - | ၃၅၀၀၀ | ၃၂၅၀၀ | ၁၉၅၀၀ |
| နိုဝင်ဘာ | ၇၂၀၀၀ | ၄၁၀၀၀ | ၃၉၁၀၀ | - | ၃၅၀၀၀ | ၃၂၅၀၀ | ၁၉၀၀၀ |
| ဒီဇင်ဘာ | ၇၂၀၀၀ | ၃၇၅၀၀ | ၄၀၅၀၀ | ၄၅၀၀၀ | ၃၄၀၀၀ | ၃၀၅၀၀ | ၁၈၀၀၀ |

မတ်ပဲဈေးမှာ နှစ်စတွင် ပဲဟောင်းများသာရှိတဲ့အတွက် ဈေးနှုန်းကလည်း တစ်တင်း ၂၉၀၀၀ ကျပ်သာ ရရှိခဲ့ကာ ပြည်ပဝယ်လက်ပဲများဖြစ်သော ပဲတီစိမ်းသီးနှံထက် ဈေးလျော့နေပြီး ပဲစင်းငုံသီးနှံထက်တော့ ဈေးပိုရလာ ခဲ့ပါတယ်။ မတ်ပဲသီးနှံကို ရန်ကုန်ဝယ်လက်ကအဓိကထားဝယ်ယူလို့ တစ်နှစ်တာလုံး အရောင်းအဝယ်ဖြစ်တဲ့ပဲ ဆိုသော်လည်း ယခုနှစ်မှာ သကြံန်ပြီးချိန်မှစလို့ ဈေးမြင့်တက်လာပါတယ်။

ပဲလျှောင်သူများကလည်းထုတ်ရောင်းချ ကြတာကြောင့် မျိုးပဲဝယ်ယူချိန်မှာ ပဲလက်ကျန် နည်းနေလို့ ပဲဈေးနှုန်းမှာလည်း တစ်တင်း ၇၂၀၀၀ ကျပ်ကျော်ထိ ရရှိခဲ့ကြပါတယ်။ ယခုနှစ်ကုန်မှာတော့ မျိုးပဲလည်းအဝယ် ရပ်သွားကာ ပဲလက်ကျန်လည်းမရှိတော့လို့ ပဲဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ သိရပါတယ်။ ပဲဈေးနှုန်းမှာ ဈေးကွက်အတွင်း ဈေးနှုန်းစံချိန်တင်မြင့်တက်ခဲ့တဲ့နှစ်ဖြစ်ပါတယ်။

ပဲတီစိမ်းသီးနှံမှာ နှစ်စ တစ်တင်း ၃၆၀၀၀ ခန့်နဲ့ ဆောင်းပဲတီစိမ်းများ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ မတ်၊ ဧပြီ၊ မေ၊ ဇွန်လများတွင် ပဲလက်ကျန်မရှိတော့ဘဲ ဇူလိုင်လတွင်သာ မိုးပဲတီစိမ်းသစ်များ ဈေးကွက်သို့ပြန်ဝင် လာကာ တစ်တင်း ၃၈၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ထိရရှိခဲ့ပါတယ်။ အောက်တိုဘာလတွင် မိုးပဲတီစိမ်း လက်ကျန်ပြတ်သွားပြီး နိုဝင်ဘာလမှာ ဆောင်းပဲသစ်များပြန်လည်ဝင်ရောက်လာကာ တစ်တင်း ၄၁၀၀၀ ကျပ်ဖြင့် နှစ်ကုန်မှာတော့ ဈေးပြန်လျော့ကာ တစ်တင်း ၃၇၅၀၀ ကျပ်ရရှိခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံက ယခုနှစ်မှာ မတ်ပဲဈေးထက် ဈေးလျော့နည်းခဲ့သော်လည်း နှစ်စဉ်ဈေးကောင်းခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ မန္တလေးဝယ်လက်မှ ပဲတီစိမ်းအား အဓိကထားဝယ်ယူပြီး တရုတ်သို့ တင်ပို့ရောင်းချကြောင်းသိရပါတယ်။

ကုလားပဲသီးနှံမှာ နှစ်စတွင်တစ်တင်း ၁၆၂၀၀ ကျပ်ရရှိပြီး၊ ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများနဲ့ယှဉ်ရင် ဈေးအနိမ့်ဆုံးရတဲ့ပဲဖြစ်ခဲ့ပေမယ့် သင်္ကြန်ပြီးကာလမှစ၍ ပဲဈေးနှုန်းများတဖြည်းဖြည်းမြင့်တက်လာခဲ့သလို ဩဂုတ်လမှစလို့ ပြည်ပဝယ်လက်ပဲဈေးများကို မှီလာကာ တစ်တင်းကျပ် သုံးသောင်းအထက်ရရှိလာပြီး၊ နှစ်ကုန်မှာ တစ်တင်း ၄၀၅၀၀ ကျပ်ရရှိခဲ့ပါတယ်။ ကုလားပဲသီးနှံဟာ တစ်နှစ်တာလုံး အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသတွင်းသာ ပဲခွဲစက်သမားများ ပုံမှန်အဝယ်ရှိခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ နှစ်စတွင် ပြည်ပဝယ်လက်ပဲထဲမှာ ဈေးအနိမ့်နဲ့ ရောင်းဝယ်ခဲ့ပြီး တစ်တင်း ၂၆၀၀၀ ကျပ် ရရှိခဲ့ကာ ပဲစင်းငုံသီးနှံဟာ ရန်ကုန်ဝယ်လက်ရော၊ ဒေသတွင်းလက်လီသမားပါ အဝယ်ရှိခဲ့ကြပါတယ်။ ဧပြီလမှစလို့ ပဲစင်းငုံဈေးမြင့်တက်လာခဲ့ရာ မတ်ပဲနဲ့ဈေးပြိုင်မြင့်တက်ခဲ့ပြီး၊ ဩဂုတ်လမှာ မတ်ပဲဈေးထက် ဈေးပိုခဲ့ကာ တစ်တင်း ကျပ် ငါးသောင်းကျော်ရရှိခဲ့ပေမယ့် စက်တင်ဘာလမှာတော့ ပဲစင်းငုံဈေးက ဈေးနိမ့်ခဲ့ပြီး မတ်ပဲဈေးက တစ်တင်း ၆၃၀၀၀ ကျပ်ရရှိခဲ့ပါတယ်။ အောက်တိုဘာ၊ နိုဝင်ဘာလတွင် ပဲစင်းငုံသီးနှံလက်ကျန် ပြတ်သွားလို့ ပဲဈေးကွက်မှာ အရောင်းအဝယ်အေးခဲ့ပြီး၊ ဒီဇင်ဘာလလယ်မှစလို့ ပဲစင်းငုံသစ်များ စတင်ဝင်ရောက်ခဲ့ကာ ပဲသစ်ဈေးတစ်တင်း ၄၅၀၀၀ ကျပ်ရရှိခဲ့ပြီး ပဲတီစိမ်းထက်တော့ ဈေးပိုနေခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံမှာလည်း နှစ်စမှာ ကျပ်နှစ်သောင်းကျော်ရရှိခဲ့ကာ ပဲစင်းငုံဈေးနဲ့အပြိုင် ဈေးတူညီသလောက် ဖြစ်ခဲ့ပြီး၊ ဩဂုတ်လမှစလို့ တစ်တင်း ၃၆၀၀၀ ကျပ်ရရှိလို့ ဈေးမြင့်တက်လာခဲ့ပါတယ်။ ဒေသတွင်း ပဲကြော်ဖိုသမား များမှ ဝယ်ယူလျက်ရှိတာကြောင့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပြီး (ရွှေကျွန်း) ပဲထက် (ကမ်းနား) ပဲများ အရောင်း အဝယ်ပိုသွက်ခဲ့ကြောင်းသိရပါတယ်။ ပြည်တွင်းပဲဈေးကွက်မှာ ယခုနှစ်အတွင်းကုလားပဲဈေးထက် ဈေးလျော့နည်းခဲ့ပေမယ့် ယခင်နှစ်များကတော့ ပဲကြီးသီးနှံဟာ ပြည်တွင်းပဲဈေးကွက်မှာ ဈေးကောင်းရခဲ့တဲ့သီးနှံဖြစ်ခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာ တစ်တင်း ၁၇၀၀၀ ကျပ်ဖြင့် နှစ်စမှာဆောင်းပဲများ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲအထွက်လှိုင် လာချိန်မှာ ဈေးထပ်မံလျော့ခဲ့လို့ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေခဲ့ပြီး၊ ဩဂုတ်၊ စက်တင်ဘာလမှစလို့ ဈေးအနည်းငယ်မြင့်တက်လာခဲ့ပေမယ့် ပဲဈေးကွက်မှာ ဈေးအနိမ့်ဆုံးရတဲ့ပဲဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံဟာ ပဲအထွက်လှိုင်ချိန်တွင်သာ ရန်ကုန်ဝယ်လက်ဝယ်ယူပေမယ့် ပဲလက်ကျန်နည်းချိန်မှာတော့ ရက်ခြားလောက်သာ အဝယ်ရှိကာ လက်လီသမားများနဲ့သာ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

နှစ်ကုန်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ရာမှာတော့ မတ်ပဲက ဈေးအမြင့်ဆုံးရရှိခဲ့ကာ ပဲတီစိမ်းနဲ့ပဲစင်းငုံသစ်မှာ ဈေးကောင်းသော်လည်း မတ်ပဲဈေးထက်တော့ လျော့နည်းခဲ့ပါတယ်။ ကုလားပဲသီးနှံမှာလည်း ကျပ်လေးသောင်းကျော်ရရှိလို့ ဈေးကောင်းနေသလို ပဲကြီးသီးနှံကလည်း ကျပ်သုံးသောင်းအထက်ရရှိလို့ ဈေးကောင်းရတယ်လို့ ဆိုရမှာဖြစ်ပြီး၊ ပဲပုပ်ဈေးနှုန်းသာ ကျပ်နှစ်သောင်းအောက်ရရှိလို့ ဈေးအေးခဲ့တာကို လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲစင်းငုံသစ်ဈေးအမြင့် နဲ့ ရန်ကုန်ဝယ်လက်အဝယ်လိုက်

ဒီဇင်ဘာလကုန်တွင် ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ်များစတင်၍ ပြည်အနီးတစ်ဝိုက် နယ်စုံမှ ဝင်ရောက် ခဲ့ရာ တစ်ရက် ၃၀၀ ကျော်အထိ ဝင်ရောက်မှုရှိခဲ့ပါတယ်။ ယခုနှစ်အတွင်း ပဲစင်းငုံသီးနှံဟာ ဈေးကောင်းရတဲ့အတွက် စက်တင်ဘာလလယ်မှစ၍ ပဲလက်ကျန်ပြတ်သွားခဲ့ချိန်တွင် ပဲဈေးမှာ တစ်တင်း ၅၃၀၀၀ ကျပ်ဖြင့် မတ်ပဲဈေးထက် ဈေးပိုကောင်းနေခဲ့ပါတယ်။ ယခုပဲသစ်ဝင်ချိန်မှာတော့ ပဲဈေးမှာ တစ်တင်း ၄၅၀၀၀ ကျပ်ရရှိခဲ့လို့ ပဲဟောင်းဈေးထက်ဈေးလျော့နည်းခဲ့ပေမယ့် ယခင်နှစ်က ပဲသစ်ဈေးမှာ တစ်တင်း ကျပ် နှစ်သောင်းအထက်သာ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးက ယခင်နှစ်ရဲ့ နှစ်ဆခန့်ပိုရရှိခဲ့ပါတယ်။ ပဲစင်းငုံသီးနှံအား ရန်ကုန်ဝယ်လက်မှ ဝင်လာသမျှပဲအားလုံး ဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

# ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့ မြေပဲဆန်များ အရောင်းအဝယ်သွက်လက်တဲ့ မန်းကုန်စည်ဒိုင်ရဲ့ သီးနှံများဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) အသင်းဝင်၊ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ၁၀၀၀ ကျော်လာရောက် အရောင်းအဝယ်ပြုလုပ်ရာ လယ်ယာထွက်ကုန်သီးနှံ အမျိုးအမယ်ပေါင်း ၇၀ ကျော် ရှိကြောင်းသိရပါတယ်။ ယခု ၂၀၁၅ ခုနှစ်ရဲ့ နောက်ဆုံးလဒီဇင်ဘာလရဲ့ နောက်ဆုံးပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့မြေပဲတို့ရဲ့ တစ်ပိဿာ/ကျပ် ဈေးနှုန်းများမှာ -

| သီးနှံအမည် | ၂၄. ၁၂. ၂၀၁၅ | | ၃၀. ၁၂. ၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၉၅၆ | ၂၀၄၄ | ၁၉၂၀ | ၂၀၄၄ |
| ပဲကြီး | | ၁၆၂၉ | ၁၆၂၉ | ၁၇၁၉ |
| ပဲပုပ် (ရှမ်း) | ၉၃၉ | ၉၉၅ | ၉၃၉ | ၉၉၅ |
| ပဲပုပ် (ဗမာ) | ၉၀၁ | ၉၂၀ | | ၉၂၀ |
| ပဲယင်း (သေး) | ၇၅၀ | ၇၆၇ | | ၇၆၇ |
| ထောပတ် (သေး) | ၅၈၇ | ၆၂၂ | ၅၈၇ | ၆၂၂ |
| မတ်ပဲ | | ၂၈၃၃ | ၂၇၅၀ | ၂၇၆၇ |
| ကုလားပဲထိုင်ဝမ် | | ၁၉၅၆ | | ၂၁၃၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | | ၄၂၂ | ၄၀၇ | ၄၁၇ |
| ပြောင်းဖူးစေ့ (CP) | | ၄၃၀ | ၄၁၇ | ၄၂၀ |
| အထွက်တိုးပြောင်း | | ၅၂၈ | ၅၃၈ | ၅၄၇ |
| ဆန်ပြောင်း | | | | |
| နှမ်းဖြူ | ၁၈၄၄ | ၂၀၀၀ | ၁၈၈၉ | ၂၀၀၀ |
| နှမ်းညို | ၁၆၀၀ | ၁၆၆၇ | ၁၆၀၀ | ၁၆၆၇ |
| နှမ်းနက် | ၂၅၅၆ | ၃၄၄၄ | ၂၇၇၈ | ၃၄၄၄ |
| နှမ်းနက် (စမုံ) | ၃၇၃၃ | ၄၁၁၁ | ၃၇၃၃ | ၃၈၈၉ |
| ပန်းနှမ်း | ၁၇၅၆ | ၁၇၇၈ | ၁၇၅၆ | ၁၇၇၈ |
| မြေပဲဆန် (S1 လုံးဆန်) | ၂၄၅၀ | ၂၆၂၅ | ၂၅၅၀ | ၂၆၂၅ |

ပြည်ပ (တရုတ်) ဝယ်လက်ပုံမှန်ရှိနေတဲ့ ပဲတီစိမ်းကြီး ယခုလတစ်လလုံး ဈေးငြိမ်နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန် ၁၂၅၁၇၂၅ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပဲကြီးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်စွာပြီး တစ်ပိဿာ ၁၇၁၉ ကျပ်(တစ်တန် ၁၀၅၂၆၉၈ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ३၅၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၉၅ ကျပ် (တစ်တန် ၆၀၉၃၂၈ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၂၀ ကျပ် (တစ်တန် ၅၆၃၃၉၉ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲယင်း(သေး)တစ်ပိဿာ ၇၆၇ ကျပ် (တစ်တန် ၄၆၉၇၀၃ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀ ကျော်၊ ထောပတ်ပဲ (သေး) တစ်ပိဿာ ၆၂၂ ကျပ် (တစ်တန် ၃၈၀၉၀၇ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ မတ်ပဲ တစ်ပိဿာ ၂၇၆၇ ကျပ် (တစ်တန် ၁၆၉၄၄၈၃ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၈၀၀ ခန့်၊ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်) နဲ့ နေ့စဉ်သုံးတင်း အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၁၇ ကျပ် (တစ်တန် ၂၅၅၃၆၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက် ရောက်နေပါတယ်။ ထို့အတူ ပြောင်းဖူးစေ့(CP)တစ်ပိဿာ ၄၂၀ ကျပ်(တစ်တန် ၂၅၇၂၀၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်အပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၁၀ ကျပ် ဈေးအေးသွားကြောင်းသိရပါတယ်။ အထွက်တိုးပြောင်းမှာ ယခင်တစ်ပတ်ဈေးအထက်မှာရှိပြီး တစ်ပိဿာ ၅၄၇ ကျပ် (တစ်တန် ၃၃၄၉၇၇ ကျပ်) နဲ့ အရောင်း အဝယ်ဖြစ်ပြီး အဆိုပါပြောင်းဖူးစေ့များ သုံးမျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါ တယ်။

တရုတ် (ပြည်ပ) ဝယ်လက်ဆွဲအားကောင်းတဲ့ နှမ်းရောင်စုံများရဲ့ ယခုတစ်ပတ်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၆၆၇ ကျပ် (တစ်တန် ၁၀၂၀၈၅၄ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၄၄၄ ကျပ် (တစ်တန် ၂၁၀၉၀၇၁ ကျပ်)၊ နှမ်းနက်စမုံတစ်ပိဿာ ၂၃၈၁၅၈၅ ကျပ်၊ ပန်းနှမ်းတစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန် ၁၀၈၈၈၂၉ ကျပ်)နဲ့ နှမ်းရောင်စုံများ နေ့စဉ်သုံးတင်းအိတ် ၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၆၂၅ ကျပ် (တစ်တန် ၁၆၀၇၅၂၄ ကျပ်) နဲ့ နေ့စဉ်သုံးတင်း အိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

မန္တလေးမြို့အတွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ဖြတ်စာရင်းအရ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ စီးထွက်မှုတန်ချိန်များမှာ -

| သီးနှံအမည် | ၁. ၁၂. ၂၀၁၅မှ ၂၇. ၁၂. ၂၀၁၅ ထိ | |
|---|---|---|
| | စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
| ပဲတီစိမ်း | ၅၆၇၃. ၃၆ | ၂၁၀. ၁၂ |
| နှမ်းနက်/ညို | ၉၇၃၉. ၁၉ | ၃၆၀. ၇၁ |
| နှမ်းဖြူ | ၂၇၀၇. ၇၁ | ၁၀၀. ၂၉ |
| ပဲယင်း | ၃၁၁. ၇ | ၁၁. ၅၄ |
| ပဲနီပြား | ၅၆၅. ၆၈ | ၂၀. ၉၅ |
| နှံ့စားပြောင်း | ၁၅၂၆. ၇၂ | ၅၆. ၅၅ |
| ပဲလွန်းဖြူ | ၁၈၁. ၁၅ | ၆. ၇၁ |
| [illegible] | [illegible] | [illegible] |

ဂိတ်ဖြတ်စာရင်းအရ ပဲတီစိမ်း၊ နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူ မြေပဲဆန်တို့မှာ တရုတ်ဝယ်လက်ဆွဲအား ကောင်းပြီး ပဲယင်း၊ ပဲနီပြား၊ နှံ့စားပြောင်းနဲ့ ပဲလွန်းဖြူတို့မှာ ယခင်တင်ပို့မှု ပုံမှန်အောက်ကိုရောက်ရှိနေပါတယ်။

ဒီနှစ်အတွင်း ကျွန်တော်တို့ရဲ့ ကုန်စည်ဒိုင်မှာ အဝင်အထွက်ရှိတဲ့ ပဲသီးနှံတွေ အရောင်းအဝယ်ပြတ် (တစ်နှစ်တာထွက်ရှိတဲ့အရေအတွက်) ပါတယ်။ ကျန်ခဲ့တဲ့ နှစ် ၂၀၁၄ မှာ ပြောင်းနဲ့နှမ်းများသာ အရောင်းအဝယ်ပြတ်ပြီး ကျန်တဲ့သီးနှံတွေမှာ လက်ကျန်ရှိခဲ့ပါတယ်။ အထူးသဖြင့် မတ်ပဲ၊ ပဲစင်းငုံနဲ့ ကုလားပဲတွေပါ တရုတ်ဝယ်လက်ဆွဲတဲ့ ပဲ၊ ပြောင်း၊ နှမ်းများကတော့ အရောင်းအဝယ်ပြတ်ခဲ့ပါတယ်။ ပဲဈေးက ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် နှမ်းနဲ့မြေပဲမှာ ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ နှမ်းများရဲ့အရည်အသွေးကို ယခုထက်ပိုမိုပြီး ထိန်းသိမ်းသင့်ကြောင်း ကုန်သည်ကြီးတစ်ဦးမှပြောကြားပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်ပဲတီစိမ်းဈေးပိုလာသလို ဝယ်လိုအားလည်းကောင်းခဲ့

ပြည်ပဲဈေးကွက်အတွင်း ဆောင်းပဲသစ်များ ဝင်ရောက်လျက်ရှိရာ ပဲတီစိမ်းသီးနှံကလည်း အထွက်လှိုင် လာချိန်ဖြစ်လို့ ပဲဝင်ရောက်မှုလည်း များပြားခဲ့ပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ တစ်ရက်အိတ် ၈၀၀ ကျော်နေ့စဉ် ဝင်ရောက်နေသလို မန္တလေးဝယ်လက်ကလည်း ဝယ်လိုအားများနေတာကြောင့် ပဲဈေးကွက်မှာ အရောင်းအဝယ် အသွက်ဆုံးပဲဖြစ်နေပါတယ်။ ပဲဈေးနှုန်းကလည်း တစ်တင်း ၃၇၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုလာခဲ့ပေမယ့် အခုမှဝင်ရောက်လာသော ပဲစင်းငုံသီးနှံဈေးထက်တော့ ဈေးလျော့နည်းနေကြောင်း သိရပြီး ယခင်နှစ်က ဈေးနှုန်းအရ ဒီဇင်ဘာလအတွင်း ပဲတီစိမ်းဈေးက ပဲစင်းငုံဈေးထက် ဈေးပိုအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲလွန်းဖြူ လက်လီသာအဝယ်ရှိပြီး ဈေးလည်းငြိမ်လျက်ရှိ

ယခုနှစ်ကုန်ပိုင်းတွင် ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များ နေ့စဉ်ဝင်ရောက်နေခဲ့တာကြောင့် ပဲလွန်းဖြူသီးနှံကလည်း နေ့စဉ်ဝင်ရောက်လျက်ရှိပြီး တစ်ရက်အိတ် ၅၀ ကျော်ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပြည်၊ အောင်လံကြားမြို့နယ်များမှ ဝင်ရောက်ခဲ့တာဖြစ်ပြီး ဝယ်လက်ကတော့ လက်ကားသမားထက် လက်လီသမားပိုပြီး အဝယ်ရှိခဲ့ပါတယ်။ ပဲဈေးကတော့ ဒီဇင်ဘာလဆန်းရက်မှာ တစ်တင်း ၃၂၀၀၀ ကျပ်ရရှိခဲ့ပြီး လလယ်မှစ၍ ဈေးလျော့သွားကာ တစ်တင်း ၂၈၀၀၀ ကျပ်ဖြင့် ယခုလကုန်ထိ ၎င်းဈေးအတိုင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နှစ်ကုန်မှာ ဈေးကောင်းရလာတဲ့ ပြည်ပဲနီပြားဈေးကွက်

ပြည်ပဲဈေးကွက်မှာ ပဲဟောင်းလက်ကျန်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲနီပြားသီးနှံဟာ လက်လီ ဝယ်လက်အချို့ ဝယ်ယူမှုရှိလို့ အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲနီပြားသီးနှံဈေးမှာ လဆန်းရက်က တစ်တင်း ၂၇၅၀၀ ကျပ်မှ တဖြည်းဖြည်းဈေးမြင့်တက်လာခဲ့ကာ ယခုလကုန်ရက်မှာ တစ်တင်း ၃၃၀၀၀ ကျပ်ထိ ဈေးပိုကောင်းခဲ့ပါတယ်။ ယခင်နှစ်က ဒီဇင်ဘာလအတွင်း တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် တစ်လလုံး ဈေးအပြောင်းအလဲမဖြစ် ဈေးငြိမ်ခဲ့ကာ ယခုနှစ်မှာတော့ ယခင်နှစ်ထက် တစ်တင်း ကျပ်တစ်သောင်းကျော် ပိုရရှိလာခဲ့ပြီး လက်လီပဲဈေးကွက်မှာလည်း ဈေးကောင်းနေတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ဒီဇင်ဘာလကုန်ရက်သတ္တပတ် မုံရွာကုန်စည်ဒိုင်ပဲဈေးကွက် ပဲသစ်အားလုံးအရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာလကုန်ပတ် ပဲမျိုးစုံဈေးကွက်အနေနဲ့ နယ်စုံက ပဲသစ်တွေ အဝင်လှိုင်လာပြီး အရောင်းအဝယ်သိသာစွာ သွက်လာခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

အထူးသဖြင့် မုံရွာခရိုင်တစ်ဝိုက်မှာ ဈေးကွက်မျှော်လင့်ချက်နဲ့ စိုက်ခဲ့ကြတဲ့ပဲစင်းငုံတွေ အသီးရင့်ချိန် ရောက်ပြီဖြစ်လို့ ဒိုင်ကို အဝင်သွက်လာခဲ့ရာ တစ်ရက်အိတ် ၂၀၀၀ ခန့်ရှိပြီး ယခုတစ်ပတ်အတွင်း တစ်တင်း အနိမ့်ဆုံး ၄၄၀၀၀ ကျပ်မှ အမြင့်ဆုံး ၄၆၀၀၀ ကျပ်အထိ ပေါက်ဈေးဖြစ်ပေါ်ခဲ့ကာ ရန်ကုန်အဝယ်သွက်ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာလည်း နယ်စုံက ပဲပုံမှန်ဝင်ရောက်မှုရှိခဲ့ပြီးစိမ်းကြီး တစ်တင်း ၃၂၀၀၀ ကျပ်မှ ၃၇၀၀၀ ကျပ်ကြားပေါက်ဈေးဖြစ်ခဲ့ကာ တရုတ်ဝယ်လက်အဝယ်ရှိလို့ တစ်ရက် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ စိမ်းသေးအနေနဲ့ တစ်တင်း ၃၄၅၀၀ ကျပ်မှ ၃၉၅၀၀ ကျပ်အတွင်း ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ရန်ကုန်လက်အဝယ်များတယ်လို့ ဆိုပါတယ်။

မတ်ပဲဈေးကွက်မှာတော့ ရန်ကုန်ဝယ်လက်ရှိပေမယ့် ပြီးခဲ့တဲ့ သီတင်းပတ်ကထက် တစ်တင်း ကျပ်တစ်သောင်းခန့်လျော့ကာ တစ်တင်း ၅၅၀၀၀ ကျပ်ထိ ကျဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ်မှာ ဒေသတွင်း ဝယ်လိုအားမြင့်တက်လာလို့ လွန်းပြာဟာ တစ်တင်း ၂၉၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိ တက်ဈေးဖြစ်ခဲ့ကာ တစ်ရက်အိတ် ၂၀၀-၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တရုတ်ဝယ်လက်ရှိတဲ့ လွန်းဖြူကတော့ တစ်တင်း ၂၉၅၀၀ ကျပ်မှာ ဈေးမာနေပြီး တစ်ရက်အိတ် ၃၀၀-၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပဲလွန်းဈေးကွက်မှာ ပဲသစ်ပေါ်ချိန် လက်လီဝယ်လိုအားကောင်းလို့ ယခုလို ဈေးမြောက်ခြင်းဖြစ်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

စားတော်ပဲဈေးကွက်မှာ ဒေသထွက် စားတော်ပဲမပေါ်သေးဘဲ ကနေဒါစားတော်ပဲသာ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့ရာ အရည်အသွေးမီ စားတော်ပဲက တစ်တင်း ၂၄၃၀၀ ကျပ်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး အရည်အသွေးနိမ့် စားတော်ပဲက တစ်တင်း ၂၃၀၀၀ ကျပ်နဲ့ ကြာဆံစက်သမားတွေ ကုလားပဲ အစားထိုးသုံးဖို့ အဝယ်ရှိခဲ့တယ်လို့ ဆိုပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ကုန်သည်လက်ကျန်ရှားလွန်းတဲ့ ကုလားပဲဈေးကွက်အနေနဲ့ မရှိမဖြစ်ဝယ်နေရတဲ့ ကုလားပဲမှုန့်လိုင်းသမားအဝယ်ကြောင့် 929 ကုလားပဲ တစ်တင်း ၄၃၀၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့သလို V2 ကတော့ တစ်တင်း ၄၄၀၀၀ ကျပ် ပေါက်ဈေးဖြစ်ခဲ့ပြီး မန်းဘက်ကတော့ မျိုးအတွက်အဝယ်ရှိခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## နနွင်း

### စင်ကာပူ၊ မလေး၊ အိန္ဒိယနဲ့ အာရပ်နိုင်ငံများသို့ နနွင်းတင်ပို့

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်သီတင်းပတ်အတွင်း နနွင်း ၂၂၂ ဒသမ ၄၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၅၀၅၄၀ တန်ဖိုးရှိ နနွင်း ၇၁ ဒသမ ၅ တန်ကို အိန္ဒိယနိုင်ငံ၊ ကန်ဒေါ်လာ ၅၉၇၇၆ ဒသမ၄၈ တန်ဖိုးရှိ နနွင်း ၇၄ ဒသမ ၉၉၅ တန်ကို စင်ကာပူနိုင်ငံ၊ ကန်ဒေါ်လာ ၁၄၁၀၀ တန်ဖိုးရှိ နနွင်း တန် ၂၀ ကို မလေးရှားနိုင်ငံနဲ့ ကန်ဒေါ်လာ ၃၉၂၀၀ တန်ဖိုးရှိ နနွင်း ၅၆ တန်ကို အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၇၀ ကျော် တင်ပို့မှုပိုခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း (DOT)**

### နယ်စပ်ဒေသများမှ နနွင်းတက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်တာ သီတင်းပတ်မှာ ကန်ဒေါ်လာ ၁၁၉၇၇၀ တန်ဖိုးရှိနနွင်းတက်(ရှမ်းစ)၁၇၁ တန်တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က ၃၅ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ နနွင်းတက် တင်ပို့မှုမှာ ပိုမိုလာတာတွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ ၂၅၅၀ တန်ဖိုးရှိတဲ့ နနွင်းတက် ၃ တန်သာ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ကို (ငွေလဲနှုန်းအရ)၉၁၅၆၀၀ ကျပ်ရှိပြီး မြဝတီကုန်စည်ဒိုင်မှာတော့ ၈၉၁၁၇၆ ကျပ်-၁၄၆၇၀၆၈ ကျပ်ဈေးအသီးသီးရှိနေပါတယ်။

**မော်မော်အောင်**

### အောင်ပန်းနနွင်းဈေးကွက် အဝင်အေးအရောင်းအေး

နနွင်းမှာခုချိန်မှာစဖော်ပြီးလို့ ဈေးကွက်ထဲအဝင်သိပ်မရှိသေးဘဲ လှောင်လက်များက ပစ္စည်းလက်ကျန်များသာ ထုတ်ရောင်းနေသေးတဲ့အတွက် ပုံမှန်အဝင်လောက်ပဲရှိနေပါတယ်။ ချင်းနည်းတူ နနွင်းမှာလည်း ပြည်ပအဆွဲမရှိသေးတာကြောင့် ဈေးပတ်သမားရဲ့ ဈေးကွက်အလိုအရ ဖြေးဖြေးအေးအေးနဲ့ ရောင်းနေရတယ်လို့ သိရပါတယ်။

အရောင်းလည်း ပုံမှန်မဟုတ်တဲ့အတွက် တစ်ရက်ကို ၁၀ အိတ်၊ အိတ် ၂၀ ပုံမှန်မရှိဘဲ နည်းနည်းချင်းသာ ရောင်းနေရပါတယ်။ တစ်ခါတစ်လေမှာလည်း အောင်ပန်းဈေးကွက်ကတစ်ဆင့် ဟိုပုံး ဈေးကွက်ကို ပြန်တင်ပို့ရန်အတွက် ဝယ်ယူမှုတွေရှိတယ်လို့လည်း သိရပါတယ်။ ဈေးကတော့ ပင်လောင်း၊ တောင်ကြီးဘက်က ထွက်တဲ့ နနွင်းတွေက တစ်ပိဿာကို ကျပ် ၁၂၀၀ က ၁၅၀၀ ကျပ်ထိဈေးရှိပြီး ဆင်တောင် နနွင်းကတော့ တစ်ပိဿာ ၁၉၀၀ ကျပ်ထိဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ အောင်ပန်းထက် ပစ္စည်းအဝင်နောက်ကျတာကြောင့် ဒီတစ်ပတ်မှာ အရောင်းအဝယ်မဖြစ်သေးဘူးလို့ သိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## သီဟိုဠ်



### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၁၅ တန်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၉၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများက ယခုတစ်ပတ်တွင် သီဟိုဠ်စေ့ စတင် တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။ ဒီဇင်ဘာလ ၁ ရက်မှ ၂၅ ရက်အတွင်းမှာတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၆၆၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၁၁၀ ကျော်တင်ပို့နိုင်ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်း၊ တန်ချိန် ၇ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။

**ခင်မြနွယ်**

## ချင်း

### အဝင်နည်းပေမယ့် ပြည်ချင်းဈေးပုံမှန်ရှိ

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းများ ပိဿာ ၃၀ ဝင် အိတ် ၁၅၀ ခန့် သာ အဝင်ရှိနေပြီး ဈေးနှုန်းမှာ ပုံမှန်ဖြစ်နေပါတယ်။ အရောင်းအဝယ်အားဖြင့် ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့်ရှိပြီး ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးသို့ စားသုံးမှုအဖြစ် တစ်နေ့ ပိဿာချိန် ၂၀၀ ခန့် တင်ပို့မှုရှိပါတယ်။ ဈေးနှုန်းမှာ တစ်ပိဿာ ချင်း(ရှယ်) ၇၀၀ ကျပ်၊ (ဂွန်) ၅၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်နေပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းဈေးကွက်သို့ ချင်းပုံမှန်ဝင်

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာတော့ ချင်းက ပုံမှန်အဝင်နဲ့ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ချင်းသစ်ပေါ်ချိန်ဖြစ်ပေမယ့် ဈေးကွက်မှာလှိုင်လှိုင် မဝင်သေးဘဲ ပုံမှန်သာရှိနေပါတယ်။ ဒီနှစ်မှာ ချင်းဈေးက ဈေးလည်းသိပ်မရတော့ ခြံရှင်တွေက ထုတ်မရောင်းသေးတာကြောင့် ဈေးကွက်အဝင်နည်းနေတယ်လို့ သိရပါတယ်။ ပြည်ပဝယ်လက်လည်းမရှိတာကြောင့် ဈေးကွက်က အတော်လေးငြိမ်နေတယ်လို့လည်း သိရပါတယ်။ ငွေလိုတဲ့ တောင်သူတွေက နည်းနည်းစီထုတ်ရောင်းနေတာကြောင့် နည်းနည်းစီတော့ အဝင်ရှိနေပါတယ်။ ပြည်ပဝယ်လက်လည်းမရှိလို့ ပြည်တွင်းသုံးဈေးပတ်သမားများလောက်သာ အဝယ်ရှိပါတယ်။ ချင်းကတစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တဲ့သီးနှံဖြစ်တာကြောင့် ပုံမှန်အရောင်းတော့ရှိနေပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းပေါက်ဈေးက တစ်ပိဿာ ကျပ် ၄၀၀ ကနေ ၄၅၀ ကျပ်ဈေးရှိပါတယ်။ ဈေးပတ်သမားများ ပုံမှန်အဝယ်ရှိနေတာကြောင့် ပိဿာချိန် ၂၀၀၀-၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ပစ္စည်းအဝင်လည်းမရှိသေးတာကြောင့် အရောင်းအဝယ်ရပ်နေတယ်လို့ သိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## မန်ကျည်း

### စင်ကာပူသို့ မန်ကျည်း ၄၇ တန် တင်ပို့

ဒီဇင်ဘာ ၂၀ရက်မှ ၂၆ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မန်ကျည်း ၄၇ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ နှစ်ပတ်ဆက်တိုက် အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၅၆၁၅ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## ကြက်သွန်

### ပြည်ကြက်သွန်နီ အရောင်းအဝယ်သွက်ပြီး ဈေးဆက်ကျ

ဒီဇင်ဘာနောက်ဆုံးပတ် ပြည်ကြက်သွန်နီပွဲရုံ၊ ပြည်မြို့ မြို့မစည်ပင်ဈေးများနဲ့ ဒေသတွင်း လက်လီအရောင်းဆိုင်များမှာ ကြက်သွန်နီဝင်ရောက်မှု အနည်းငယ်လှိုင်လာပြီး ဈေးနှုန်းလည်း ကျဆင်းကာ အရောင်းအဝယ်သွက်နေတာ တွေ့ရပါတယ်။ စားသုံးသူများအနေဖြင့်လည်း မီးဖိုချောင်သုံး စားကုန်မှာ ယခုနှစ်တွင် မမျှော်မှန်းခဲ့သည့်ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲခဲ့ရသဖြင့် ယခုတစ်ပတ် ဈေးအနည်းငယ်ကျလာသည်ကိုပင် အလုအယက်ဝယ်ယူသုံးစွဲနေရသလို ခံစားချက်ဖြစ်မိတယ်လို့ စားသုံးသူများ ဝေဖန်သံကြားရပါတယ်။

ကြက်သွန်နီ တစ်ပိဿာ ပွဲရုံလက်ကားဈေး ကြီး ၁၅၀၀ ကျပ်၊ လတ် ၁၄၀၀ ကျပ်နဲ့ သေး ၁၂၀၀ ကျပ်ထိ ကျလာပြီး ဒေသတွင်း လက်လီ တစ်ပိဿာဈေး ကြီး ၁၉၀၀ ကျပ်၊ လတ် ၁၇၀၀ ကျပ်နဲ့ သေး ၁၄၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်နေကြပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဝင်ရောက်မှုမှာ အရည်အသွေးလည်းကောင်းလာပြီး အစိုဓာတ်ပါနည်းတဲ့ ကြက်သွန်နီအသစ်တွေ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ပွဲရုံများမှာလည်း အိတ်ဆွဲတွေသွက်လို့ အရောင်းအဝယ်လည်း သွက်ပါတယ်။ တစ်ရက် အိတ် ၈၀၀ ကျော်ပုံမှန် အဝင်ရှိပြီး အိတ် ၂၈၀ နီးပါး အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ မိုးကြက်သွန်နီသစ် အရောင်းအဝယ်ဖြစ်နေပြီး ယခုနှစ်နဲ့ ယခင်နှစ် ကာလတူဈေးနှုန်းများကို အောက်ပါဇယားအတိုင်း ဖော်ပြလိုက်ပါတယ်။

**မိုးကြက်သွန်နီစတင်စိုက်ချိန် လက်ကျန်ဈေးနဲ့ ထွက်ပေါ်ချိန်ဈေးနှုန်း**

ပိဿာ/ကျပ်

| လအမည် | ၂၀၁၄-၁၅ | | ၂၀၁၅-၁၆ | |
|---|---|---|---|---|
| | ပွဲရုံဈေး | လက်လီဈေး | ပွဲရုံဈေး | လက်လီဈေး |
| ဇူလိုင် | ၅၀၀ | ၆၀၀ | ၈၅၀ | ၉၅၀ |
| ဩဂုတ် | ၅၀၀ | ၆၀၀ | ၉၅၀ | ၁၁၀၀ |
| စက်တင်ဘာ | ၄၀၀ | ၅၀၀ | ၁၂၅၀ | ၁၄၀၀ |
| အောက်တိုဘာ | ၃၀၀ | ၄၅၀ | ၁၇၀၀ | ၂၀၀၀ |
| နိုဝင်ဘာ | ၃၀၀ | ၄၅၀ | ၃၀၀၀ | ၃၂၀၀ |
| ဒီဇင်ဘာ | ၃၅၀ | ၅၀၀ | ၁၄၀၀ | ၁၇၀၀ |

**နီနီဝင်း-ပြည်**

### ကြက်သွန်နီဈေးကျပေမယ့် တင်ပို့မှုမရှိ

ပြည်တွင်းဈေးကွက်သို့ ပြည်ပမှ ကြက်သွန်နီနဲ့ မိုးစိုက်ကြက်သွန်နီအများအပြား ဝင်ရောက်လာတဲ့အတွက် ကြက်သွန်နီ လက်ကားဈေးများသာမက လက်လီအရောင်းဆိုင်များတွင်လည်း ဈေးနှုန်းတွေကျဆင်းလာပါတယ်။ ယခုလို ကြက်သွန်နီဈေးတွေပြန်လည်ကျဆင်းခဲ့ပေမယ့် ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်တာသီတင်းပတ်မှာ နယ်စပ်ကုန်သွယ်ရေးကနေ အပို့ရော၊ အသွင်းပါ မရှိခဲ့ပါဘူး။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှတော့ ကန်ဒေါ်လာ ၂၂၃၁၀ တန်ဖိုးရှိကြက်သွန်ဖြူ ၁၅ တန်တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က တမူးမှ ကြက်သွန်ဖြူ ၁၄ တန် တင်ပို့ခဲ့လို့ တမူးစခန်းက ကြက်သွန်ဖြူပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါတယ်။

**မော်မော်အောင်**

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ခုနစ်ရာကျော်ဝင်

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၄၇၅၈၄၄ တန်ဖိုးရှိဒီဇယ် ၆၁၇ ဒသမ ၄၉၆ တန်နဲ့ ကန်ဒေါ်လာ ၇၉၇၄၄၇၄ တန်ဖိုးရှိ ဓာတ်ဆီ ၁၃၁ ဒသမ ၂၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်း မှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၁၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၅၂၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ် ဓာတ်ဆီအဝင်မှာ ၄၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် ၈၂တန်ကျော် အဝင်ပိုခဲ့ပါတယ်။ဒါကြောင့်ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးနဲ့ မော်လမြိုင်မှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာဈေး အပြောင်းအလဲ အနည်းငယ်ရှိခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးအနည်းငယ်မြင့်ခဲ့ပြီး ဒီဇယ်ဈေး အနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်နဲ့ အောက်တိန်း(92)ဈေးအနည်းငယ်ကျလာပြီး အောက်တိန်း (95) မှာ ဈေးငြိမ်နေခဲ့ပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၁၀ ကျပ်၊ အောက်တိန်း (92) ၆၃၀ ကျပ်၊ အောက်တိန်း (95) ၇၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၆၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဒီဇင်ဘာ ၂၈ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၅၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ နောက်ရက်များမှာ ဝယ်ဈေး ၁၀၀၀ ကျပ်၊ရောင်းဈေး ၃၀၀၀ ကျပ် ဈေးမြင့်ခဲ့ပါတယ်။ ဒီဇယ်ဈေးမှာ ဒီဇင်ဘာလ ၂၈ ရက်မှာ ဝယ်ဈေး ၁၁၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ် ဝန်းကျင်ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၄၀၀၀ ကျပ် နီးပါးဈေးကျလာခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ဒီဇယ်၊အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၂၅ကျပ်၊ ဒီဇယ် ၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၄၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။အတက်အကျ ၁၀၀၀ ကျပ် ဝန်းကျင် သာရှိခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဒီဇင်ဘာ ၂၈ ရက်မှာ ဝယ်ဈေး ၁၄၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးအတက်အကျ ၁၀၀၀ ကျပ်ဝန်းကျင်သာ ဈေးကစားခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ် ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးအနည်းငယ် ကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ကျပ်၊ ဓာတ်ဆီ၃၃၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီ ၊ ဒီဇယ်ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၂၉၀၀ ကျပ်၊ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၁၅ ကျပ်၊ အောက်တိန်း ၃၁၅၀ ကျပ်နဲ့ ရောင်းချတယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၀၀ ကျပ်၊ အောက်တိန်း ၃၂၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## Energy NYMEX 1-1-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 37.04 | 0.44 | 1.20 |
| Brent Crude Futr (USD/bbl) | 37.28 | 0.82 | 2.25 |
| Gasoline Rbob Fut (Cent/gal) | 127.00 | 2.74 | 2.20 |
| Natural Gas Futr (USD/MMBtu) | 2.34 | 0.12 | 5.56 |
| Heating Oil Futr (Cent/gal) | 112.39 | 1.29 | 1.16 |

## ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ပြန်လည်ကျဆင်းလာခဲ့ကြောင်းသိရသည်။ ပြည်တွင်းငွေလဲနှုန်းများသည် အမြင့်ဆုံးဈေးအဖြစ် ၁၃၀၉ကျပ်အထိ မြင့်တက်ခဲ့ပြီး ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

နှစ်သစ်ကူးကာလဖြစ်သဖြင့် ကုန်သည်များ အရောင်းအဝယ်များ အေးစက်နေသည့်ကာလဖြစ်သည့်အတွက် အရောင်းအဝယ်များဆိုင်းငံ့နေကြောင်း၊ ဈေးကွက်အတွင်းတွင်လည်း အရောင်းအဝယ်မရှိသလောက်ဖြစ်နေပြီး ဈေးများကျဆင်းလာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ထို့ပြင် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာခြင်းကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်ကောင်းလာနိုင်ကြောင်းငွေလဲဈေးကွက်အတွင်း ဝယ်ရောင်းလုပ်နေသူများက ပြောကြားခဲ့သည်။

"ဈေးပြန်ကျလာတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်က တော်တော်လေးကို နည်းတယ်။ နှစ်သစ်ကူးကာလလည်းဖြစ်တော့ ပြီးခဲ့တဲ့ရက်သတ္တပတ်တုန်းက ဈေးတက်လာသလို ဒီတစ်ပတ်ထဲအထိ လိုက်ပြီးတက်လာတာ။ နှစ်သစ်မကူးခင် ၃၁ ရက်အထိ ဈေးကတက်နေတုန်း။ အမြင့်ဆုံး ကျပ် ၁၃၁၀ အထိ တက်လာတယ်။ အဲဒီလောက် အထိတက်လာပြီးမှ ပြန်ကျသွားတာ။ ၁ ရက်ရောက်တော့ ကျပ် ၁၃၀၀ နဲ့ ဈေးဖြတ်ထားတယ်။ ဒီတစ်ပတ်ထဲမှာ ၁၀ ကျပ်လောက် ကျသွားတာ။ ဈေး ကျသွားတဲ့အတွက် အရောင်းအဝယ်တွေ ပြန်ကောင်းလာနိုင်ပါတယ်" ဟု ဈေးကွက်အတွင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငွေလဲစင်တာများတွင် ဒီဇင်ဘာ လ ၂၈ ရက်က ရောင်းဈေး ၁၃၁၀ ကျပ်၊ ဝယ်ဈေး ၁၃၀၅ကျပ်ရှိခဲ့ရာမှ ဒီဇင်ဘာလ ၃၀ ရက်တွင် ရောင်းဈေး ၁၃၀၃ကျပ်၊ ဝယ်ဈေး ၁၃၀၁ကျပ် သို့ကျဆင်းခဲ့သည်။ ဇန်နဝါရီ ၁ ရက်တွင် ရောင်းဈေး ၁၃၀၀ ကျပ်၊ ဝယ်ဈေး ၁၂၉၇ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး ဈေးငြိမ်၍ အရောင်းအဝယ် ကောင်းလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဈေးအနည်းငယ်တန့်ကာ ဈေးငြိမ်လျက်ရှိခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ငြိမ်သက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ဈေးငြိမ်လျက်ရှိသဖြင့် မြန်မာ့ရွှေဈေးကွက်တွင် အရောင်းအဝယ်များ ကောင်းလျက်ရှိကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ပြီးခဲ့တဲ့ တစ်ပတ်ကတည်းက ဈေးငြိမ်နေခဲ့တာ။ အခုတစ်ပတ်မှာလည်း ဈေးကငြိမ်နေတုန်းပဲ။ အတက်အကျကတော့ တစ်ထောင်လောက်ပဲရှိတာ။ဈေးငြိမ်နေတဲ့အတွက် အရောင်းအဝယ် တော်တော်လေး ကောင်းလာတယ်။ နှစ်သစ်ကူးကာလဖြစ်နေတော့ အထည်ရော၊ ဒိုးပါ အရောင်းအဝယ်ကောင်းတယ်။ ဒါပေမယ့် ကမ္ဘာ့ရွှေဈေးက ဒီတစ်ပတ်ထဲမှာ ၁၀ ဒေါ်လာလောက် ကျသွားတယ်။ ပြည်တွင်းမှာက ငွေလဲနှုန်းတက်လာတဲ့အတွက် ကမ္ဘာ့ရွှေဈေးကျလာပေမယ့် မြန်မာ့ရွှေဈေးက သိသိသာသာကြီး ကျမသွားတာပါ။ ဈေးထပ်ပြီးကျဖို့ကတော့ စောပါသေးတယ်။ ဒီရက်ပိုင်းမှာက ကမ္ဘာ့ရေနံဈေးက ကျလာတဲ့အတွက် ရေနံကုန်သည်တွေအနေနဲ့ အခက်တွေ့လာနိုင်တာကြောင့် ရွှေဈေး ထပ်ပြီးကျလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

မြန်မာ့ရွှေဈေးသည် ဒီဇင်ဘာလ ၂၈ရက်ကကျပ်၇၄၇၅၀၀ရှိခဲ့ရာမှ ဒီဇင်ဘာလ ၃၀ ရက်တွင် ကျပ် ၇၄၇၀၀၀ သို့ အနည်းငယ်ကျဆင်းခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်တွင် ကျပ် ၇၄၆၀၀၀ သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ သို့သော် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၇၄၅၀၀၀ သို့ ကျဆင်းခဲ့သည်။

## Currency Exchange Rate

January 1, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 78.68 |
| CAD | Canada Dollars | 1.39 |
| CNY | China Yuan Renminbi | 6.51 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.23 |
| I DR | Indonesia Rupiahs | 13829.90 |
| JPY | Japan Yen | 120.47 |
| MYR | Malaysia | 4.30 |
| PKR | Pakistan Rupees | 104.74 |
| PHP | Philippines Pesos | 47.06 |
| RUB | Russia Rubles | 73.00 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1175.65 |
| LKR | Sri Lanka Rupe | 144.18 |
| THB | Thailand Baht | 36.01 |
| GBP | United Kingdom Pounds | 0.68 |
| VND | VietnamDon | 22487.07 |

*Source : xe.com*

## World Gold Price

December, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 28 | 1071 | 1072 | 1072 |
| 29 | 1070 | 1071 | 1071 |
| 30 | 1060 | 1060 | 1060 |
| 31 | 1059 | 1060 | 1061 |
| 1 | 1058 | 1058 | 1059 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 28-12- 2015 | 747.00 | 747.00 |
| 29-12- 2015 | 747.50 | 747.20 |
| 30-12- 2015 | 747.00 | 747.10 |
| 31-12- 2015 | 745.00 | 744.00 |
| 1 -1 - 2016 | 743.00 | 743.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6 .49 | 36.11 | 78.12 | 66.18 |
| 29 | 6. 49 | 36.08 | 78.22 | 66.29 |
| 30 | 6 49 | 36.06 | 78.10 | 66.43 |
| 31 | 6 .49 | 36.09 | 78.50 | 66.17 |
| 1 | 6.51 | 36.01 | 78.68 | 66.23 |

ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၂၈ ရက်က ၁၀၇၃ ဒေါ်လာရှိခဲ့ရာမှ ဒီဇင်ဘာလ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ၁၀၇၀ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ၂၀၁၆ ဇန်နဝါရီလ ၁ ရက်နေ့တွင် ၁၀၆၁ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28- December | 13.94 | 1598.02 | 1550.30 | 4768.29 | 886.00 |
| 29- December | 13.87 | 1599.50 | 1549.86 | 4758.66 | 870.00 |
| 30- December | 13.91 | 1626.46 | 1548.06 | 4787.55 | 873.00 |
| 31- December | 13.88 | 1616.83 | 1550.08 | 4775.01 | 888.00 |
| 1- January | 13.82 | 1606.08 | 1525.22 | 4755.07 | 890.00 |

Source:kitco.com

## ဘိလပ်မြေ



### ဘိလပ်မြေတန်ချိန် ခုနစ်သောင်းကျော်ဝင်

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ် အတွင်းပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၆၁၁၅၉၄၉တန်ဖိုးရှိ ဘိလပ်မြေ ၇၄၇၉၂ဒသမ ၅၀ တန်ဝင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယမှ ၁၂၆၀ တန်၊ စင်ကာပူ မှ တန်ချိန် ၁၆၀၀၀ နဲ့ ထိုင်းနိုင်ငံမှ ၅၇၅၃၂ ဒသမ ၅၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့တံဆိပ်များမှာ ဆင်၊ စိန်၊ မောင်းတိန်း၊ ရန်ကို၊ အင်စီးတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန်မှာ ၃၄၀၀၀ ကျော်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် လေးသောင်းကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အဝယ်သွက်နေတဲ့ ဘိလပ်မြေဈေးကွက်

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၇၄၇၉၂ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၃၄၇၅၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် လေးသောင်းကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၀၄၉၇တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၃၆၁၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၈၇၉ တန် ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကောင်းတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ရောင်းအားကောင်းပေမဲ့ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊အပါချီ (ထိုင်း) ၅၅၀၀ ကျပ်၊ မက်စ်(မြန်မာ) ၄၇၀၀ကျပ်၊ဆင်(မြန်မာ) ၅၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဈေးတော့ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ အပါချီ ၅၀၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊နဂါး ၅၀၀၀ ကျပ်၊ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်လိုက်တယ်။အရောင်းအဝယ်ကောင်းပေမဲ့လည်းဈေးက ငြိမ်တယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၃၀၀ ကျပ်၊ မြန်မာ ဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၇၀၀ ကျပ်၊ ကျားခေါင်း၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်၊စိန် ၆၈၀၀ ကျပ်၊ ဆင် ၆၉၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် ဓာတ်မြေဩဇာတန်ချိန် ခြောက်ထောင်ကျော် အဝင်နည်း

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၅၃၆၂၀ တန်ဖိုးရှိ မြေဆီ ၂၅၂၉ ဒသမ ၄၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံမှ မြေဆီ ၂၉၄တန်၊ တရုတ်နိုင်ငံမှ မြေဆီ ၂၀၃၉ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၉၆ ဒသမ ၄၉ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့အမျိုးအစားများမှာ ယူရီးယား၊ ကွန်ပေါင်း၊ဩဂဲနစ်၊ **Gypsum** စတဲ့ အမျိုးအစားတံဆိပ်များဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၈၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၆၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေးနေတဲ့ မြေဩဇာဈေးကွက်

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၂၅၂၉ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၈၆၁၁ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၀၀၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၃၇၆၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၂၀၀၁၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ နယ်ဘက်က အဆွဲရှိတာကြောင့် မြေဩဇာက အရောင်းတက်သလို ဈေးလည်း နည်းနည်းတက်လာတယ်လို့ သိရပါတယ်။ ဈေးတက်ရတာကလည်း ကုမ္ပဏီဈေးတက်လို့ တက်ရတာဖြစ်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ပုလဲ-အသေး နဲ့ ကွန်ပေါင်း ၁၆း၁၆း၈ က၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ် လည် က ၂၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၂၀၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၈၂၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၁၀၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း)၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဆက်ဖြစ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅(တရုတ်)၁၆၅၀၀ကျပ် ၊ခါတ်ဆား (တရုတ်) ၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၇၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ရာသီစိုက်ပျိုးချိန် မဟုတ်သေးတာကြောင့် ဒီတစ်ပတ်မြေဩဇာဈေးက အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) (အစိမ်း)၁၆၀၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၂၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်၊ သီးစုံ (စိမ်းပြာ) ၁၅၅၀၀ ကျပ်၊ မြား ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ် ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက ဒီရက်ပိုင်းမှာ အရောင်းအေးသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၂၀၆၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ-တရုတ်) ၃၄၅၀၀ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှကန်ဒေါ်လာ၆၃၅၉၉၀ ဒသမ ၅၄ တန်ဖိုးရှိ နို့ဆီ ၄၆၇ ဒသမ ၂၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီ တစ်မျိုးတည်းသာဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာတန်ချိန် ၂၈၀ ကျော် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၈၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၄၈ ဒသမ၀၁၂ တန်နဲ့ နယူးဇီလန် မှ ၁၀၃ ဒသမ ၈၇၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်အဝင်မှာ တန်ချိန် ၂၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂မှ၂၅/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၂ မှ ၁၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၀၁.၂၅ | ၉၂၆.၇၅ | (+) ၂၇၄.၅၀ |
| ၂။ | လွယ်ဂျယ် | ၈၈၀.၀၀ | ၅၀၆.၀၀ | (+) ၃၇၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၃၄၁၀.၀၀ | ၂၀၄၅.၀၀ | (+) ၁၃၆၅.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၇၅၀.၀၀ | (+) ၁၂၅၀.၀၀ |
| ၆။ | မြဝတီ | ၈၄၂.၄၀ | ၁၁၇၉.၃၉ | (-) ၃၃၆.၉၉ |
| ၇။ | ကော့သောင်း | ၁၁၁၇၄.၀၀ | ၈၁၁၁.၀၀ | (+) ၃၀၆၃.၀၀ |
| ၈။ | မြိတ် | ၉၉၀.၀၀ | ၁၀၀.၀၀ | (+) ၈၉၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၀၄၉၇.၆၅ | ၁၃၆၁၈.၁၄ | (+) ၆၈၇၉.၅၁ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၂ မှ ၂၅/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၂ မှ ၁၈/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၈၆၆.၂၅၀ | ၁၈၉၄၇.၃၀၀ | (-) ၆၀၈၁.၀၅၀ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | ၁၄၀.၂၅၀ | (-) ၁၄၀.၂၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၂၆၃.၇၂၀ | ၃၀၀.၀၀၀ | (-) ၃၆.၂၈၀ |
| ၆။ | ကော့သောင်း | - | ၁၃၀.၀၀၀ | (-) ၁၃၀.၀၀၀ |
| ၇။ | မြိတ် | ၁၃၅.၀၀၀ | - | (+) ၁၃၅.၀၀၀ |
| ၈။ | ရိဒ် | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | - |
| | စုစုပေါင်း | ၁၃၇၆၄.၉၇၀ | ၂၀၀၁၇.၅၅၀ | (-) ၆၂၅၂.၅၈၀ |

တင်တင်ထွန်း MIRT

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း/မြေပဲ

### နှမ်းဈေးကျနေသဖြင့် နှမ်းစိုက်တောင်သူနည်းပါး

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှမ်းကို အဓိကစိုက်ပျိုးပြီး ယခုနှစ်နှမ်းဈေးကျသဖြင့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးနေတဲ့အတွက် နှမ်းစိုက်ပျိုးသူ နည်းပါးလာကြောင်း တောင်သူများထံ မှ သိရပါတယ်။

ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၆၂ သန်းဖိုးရှိတဲ့ နှမ်းဖြူ(အခွံချွတ်)တန် ၄၀၊ ချင်းရွှေဟော်မှ နှမ်းနက် ၂၁၈၃ တန်၊ နှမ်းဖြူ ၆၆၂ တန်ကို ကန်ဒေါ်လာ ၃ ဒသမ ၄၈၁ သန်းဖိုး တင်ပို့ခဲ့ပါတယ်။

မြန်မာ- ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်းတန်ဖိုးရှိ နှမ်းနက် ၂၈ တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူဈေး ၁၅၈၃၉၆၄ ကျပ်နဲ့ နှမ်းနက်ဈေး ၁၉၈၂၃၇၁ ကျပ်သို့ ဈေးများဆက်လက်ကျဆင်း နေခဲ့ပါတယ်။

လက်ရှိဈေးကွက်မှာ နှမ်းဝါတစ်တင်း ၂၈၀၀၀ ကျပ်၊ နှမ်းနီ ၃၀၅၀၀ ကျပ်၊ နှမ်းဖြူ ၃၁၅၀၀ ကျပ်ရှိ ပြီး နှမ်းဈေးများ အေးနေတယ်လို့ နှမ်းပွဲရုံ တစ်ခုမှ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်သို့ ဝင်လာသမျှ နှမ်းများ ဆီစက်သမားများ အဝယ်လိုက်

ဒီဇင်ဘာ နောက်ဆုံးပတ် ဆီထွက်သီးနှံ နှမ်းများကို ပေါင်းတည်၊ မြန်အောင်၊ ကြံခင်းတို့ဘက်မှ ပြည်ပွဲရုံများသို့ တစ်ရက်ကို အိတ် ၅၀၀ ခန့် အဝင်ရှိတယ်လို့ သိရပါတယ်။ ယခုတစ်ပတ် ပြည်ပွဲရုံတွင် နှမ်းနီတစ်တင်း ၂၆၀၀၀ ကျပ်၊ နှမ်းနက် ၄၀၀၀၀ ကျပ်နဲ့ စမုံနက် ၅၆၆၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်ကျပြီး အဝင်များလာပါတယ်။ ဒေသတွင်း ဆီစက်သမားများကလည်း တစ်ရက်ကို အိတ် ၁၄၀-၁၅၀ ခန့် အဝယ်ရှိနေတာကြောင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ နှမ်းဆီသန့် (ဦးဆီ) တစ်ပိဿာကို ၄၅၀၀ ကျပ်၊ နှမ်းဆီသန့် ၄၂၀၀ ကျပ်၊ နှမ်းဆီ (ရိုးရိုး) ၃၄၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

### ပြည်ဆီထွက်သီးနှံ (မြေပဲ)ကို ဆီစက်သမားများ အဆွဲသန်

ပြည်မြို့ ပဲပွဲရုံများသို့ ဒီဇင်ဘာ နောက်ဆုံးသီတင်းပတ်မှာ ပြည်နဲ့ အောင်လံအကြား ရွာများဘက်မှ မြေပဲဆန်အိတ်များ တစ်နေ့ကို အိတ် ၁၀၀၀ ထိ အဝင်များလာပါတယ်။ အဝင်လှိုင်လာတာနဲ့အမျှ ဆီစက်သမားများ ဝယ်ယူသလို နယ်သို့တင်ပို့မှုများလည်း ရှိပါတယ်။

ယခုဒီဇင်ဘာနောက်ဆုံးသီတင်းပတ်၏ မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာဆီဆန် ၁၉၇၅ ကျပ်နဲ့ လုံးဆန် ၂၄၅၀ ကျပ်တို့ ဖြစ်ကြောင်း သိရပါတယ်။ မြေပဲဆီဆန်များ ဈေးငြိမ်နေသော်လည်း လုံးဆန်မှာ ဈေးအနည်းငယ်တက်လာပါတယ်။ လုံးဆန်များကို ရန်ကုန်သို့ နေ့စဉ်အိတ် ၅၀၀ ကျော်တင်ပို့နေပါတယ်။ ဆီဆန်များကို ဒေသတွင်း ဆီစက်သမားများ အဆွဲသန်နေတာကြောင့် အရောင်းအဝယ် အများဆုံးဖြစ်တယ်လို့ သိရပါတယ်။ ဆီဆန်ဈေးအေးပြီး အရောင်းအဝယ်ဖြစ်တာကြောင့် ဒေသတွင်း ပဲဆီဈေးလည်း အနည်းငယ်ကျလာပါတယ်။ ပဲဆီ(ရှယ်) တစ်ပိဿာ ၄၅၀၀ ကျပ်၊ (ရိုးရိုး) ၄၀၀၀ ကျပ်တို့ဖြင့် ဈေးကွက်မှာ ပဲဆီသန့်များ အရောင်းအဝယ်သွက်လျက်ရှိနေပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### ရာသီဥတုခြောက်သွေ့မှုကြောင့် အထွက်နှုန်းကျဆင်းနိုင်သဖြင့် မလေးရှားစားအုန်းဆီဈေး ၁၈ လအတွင်း အမြင့်ဆုံးနှုန်းကိုရောက်ရှိ

နှစ်အကုန်မှာ မိုးရွာသွန်းမှုနဲ့ အယ်လ်နီညိုနဲ့ ဆက်နွယ်နေတဲ့ ပူပြင်းခြောက်သွေ့မှုစတဲ့ အကြောင်းရင်း များကြောင့် စားအုန်းဆီ ထုတ်လုပ်မှုကျဆင်းမှာ စိုးရိမ်တဲ့အတွက် မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးက ဒီဇင်ဘာ ၃၀ ရက်က ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်ပြီး ၁၈ လအတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange ) မှာ ဒီဇင်ဘာ ၃၀ ရက် ညနေဈေးပိတ်ချိန်က စားအုန်းဆီဈေးက သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၄၉၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၈၁ ဒသမ ၈၆) နှုန်းရှိခဲ့ပါတယ်။ တစ်ရက်အတွင်း အမြင့်ဆုံးနှုန်းက စားအုန်းဆီ တစ်တန်ကို ၂၅၀၄ ရင်းဂစ်နှုန်းရှိခဲ့တဲ့ အတွက် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

ဒီဇင်ဘာလမှာ စားအုန်းဆီထုတ်လုပ်မှု ကျဆင်းမယ်လို့ ခန့်မှန်းထားကြကြောင်း ကွာလာလမ်ပူအခြေစိုက် အကျိုးဆောင်လုပ်ငန်းမှ ကုန်သည်တစ်ဦးက ပြောပါတယ်။ ဒီဇင်ဘာ ၃၀ ရက်မှာ စားအုန်းဆီရောင်းချရတဲ့ ပမာဏက တစ်တွဲကို ၂၅ တန်ရှိ အတွဲ ၃၂၀၄၂ တွဲရှိခဲ့ပါတယ်။

နှစ်အကုန်မှာကျရောက်တတ်တဲ့ မုတ်သုံမိုးက အရှေ့တောင်အာရှဒေသရှိ စားအုန်းဆီထုတ်လုပ်မှုကို နှစ်စဉ်ဒုက္ခပေးတတ်ပါတယ်။ ရာသီအလိုက်ရွာတဲ့ မိုးနဲ့ ရေလွှမ်းမိုးမှုကြောင့် စားအုန်းဆီအခိုင်တွေ စုစည်းရတာကို အခက်အခဲတွေ့စေပြီး လမ်းကွန်ရက်ကိုထိခိုက်မှုဖြစ်စေကာ စားအုန်းဆီထွက်ရှိမှုကို ကျဆင်းစေခဲ့ပါတယ်။ အယ်လ်နီညိုရာသီဥတုပုံစံရဲ့ အကျိုးသက်ရောက်မှုက လာမယ့်နှစ်မှာ စားအုန်းဆီအသီးအထွက်နှုန်းနဲ့ ထုတ်လုပ်မှုကို ကျဆင်းစေနိုင်ပါတယ်။ သိုလှောင်လက်ကျန်တွေကိုလည်း ကျဆင်းစေမှာဖြစ်တဲ့အတွက် ဈေးနှုန်းကို မြင့်တက်စေပါတယ်။ စားအုန်းဆီအများဆုံး ထုတ်လုပ်တဲ့ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတွေမှာ ၂၀၁၆ ခုနှစ်အတွင်း စားအုန်းဆီထုတ်လုပ်မှု ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

ဒီဇင်ဘာတစ်လလုံးအတွက် စားအုန်းဆီဝယ်လိုအား ကျဆင်းမယ်လို့ ကုန်သည်တွေက ခန့်မှန်းထားပါတယ်။ ယခင်လကာလတူနဲ့ နှိုင်းယှဉ်ရင် ဒီဇင်ဘာ ၁ ရက်မှ ၂၅ ရက်ထိ စားအုန်းဆီတင်ပို့မှုက ၁၅ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအတွင်း ကျဆင်းမယ်လို့ ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့က ခန့်မှန်းပါတယ်။

စားအုန်းဆီဈေးက လာမယ့်သုံးလအတွင်း တစ်တန်ကို ၂၆၄၉ ရင်းဂစ်နဲ့ ၂၆၉၈ ရင်းဂစ်ကြားရှိမယ်လို့ ရိုက်တာသတင်းဌာနရဲ့ ကုန်စည်နဲ့စွမ်းအင်ဈေးကွက်လေ့လာဆန်းစစ်သူ ဝမ်တာအိုက ပြောပါတယ်။

အခြား ဟင်းသီးဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ဇန်နဝါရီအတွက် ချုပ်ဆိုတဲ့ ပဲပုပ်ဈေးက သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange ) မှာ ပဲပုပ်ဆီဈေးက ၁ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁-၁-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၈၀၀ | ၄၈၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၃၈၅ | ၁၃၆၅ | ▽ |
| မန္တလေး | ၃၈၀၀ | ၃၈၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၄၉၀ | ၁၄၇၀ | ▽ |
| ပဲခူး | ၃၀၀၀ | ၃၀၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၀၀ | ၁၄၅၀ | △ |
| မကွေး | ၄၅၀၀ | ၅၀၀၀ | △ | ၄၀၀၀ | ၄၅၀၀ | △ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၅၂၀ | ၁၄၉၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၁-၂၀၁၆ US$/Ton

| အမျိုးအစား | ဒီဇင်ဘာစတုတ္ထပတ် | ဒီဇင်ဘာပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၁.၀၀ | ၀.၀၀ | – |
| RBD P.Olein | ၅၃၄.၀၀ | ၅၄၈.၅၀ | △ |
| RBD P.Strarin | ၄၈၉.၅၀ | ၄၉၂.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၁- ၁၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၇၂.၆၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၈.၀၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၉၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၁၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှော့ထား | (CIF x 35/-)/ 612 | ၃၄.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၁၃.၂၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၁-၁၂-၂၀၁၅နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၉၅ ဒေါ်လာ၊ FOB ၅၇၀ ဒေါ်လာနှင့် USD ဈေး ၁၃၀၉ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၃၁-၁၂-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၃၀၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။
၈။ ၁. ၁. ၂၀၁၆ ရက်နေ့သည် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏ အစိုးရရုံးပိတ်ရက်ဖြစ်ပါသည်။



# အသက်ကလေးရယ်တဲ့ ရှည်စေလို

(နေကျော်ဆန်း၊ TPD )

တစ်လောက သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ဖားကန့်မှာ မြေစာပုံပြိုကြလာ၍ မြေပိကာ လူတစ်ရာ ကျော် သေဆုံးသွားသည်တဲ့ . . ။ နောက်ထပ် သတင်းတွေကရှိသေးသည်။ အိမ်နီးချင်း နိုင်ငံများသို့ သွားရောက်အလုပ်လုပ်နေရသည့် လုပ်သားက စုစုပေါင်း သုံးလေးသန်း ရှိသည်တဲ့ . . ။ထိုသူများ လူ့အခွင့်အရေးများစွာ ချိုးနှိမ့်ခံရသည်တဲ့ . . ။ တချို့များ အကြောင်းမလှ၍ သေကြေပျက်စီး ရသည့် သတင်း။ နောက်ရှိသေးသည်။ လူကုန်ကူးခံရသူများသတင်းဖြစ်သည်။ သတင်းတွေက ရာသီမလပ် ကြားနေရသည်။ ဖတ်နေရသည်။ တကယ်စဉ်းစား ကြည့်တော့ . . သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် စွန့်စား လုပ်ကိုင်နေကြရခြင်းဖြစ်ပေသည်။ ဒီလိုလုပ်ကိုင်နေကြရင်း ဘဝတစ်ခုအတွက် အသက်များကို အချိန်မတိုင်မီ စတေးနေကြရ၊ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေကြရ ၊ နိုင်ထက်စီးနင်းခံရမှုတွေကြုံတွေ့နေကြရခြင်းဖြစ်သည်။ ဒီလိုအဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ရသည့် မိသားစုများ ဖြေမဆည်နိုင်အောင် ပူဆွေးကြေကွဲကြရသည်။ ဒီရက်ထဲ ထိုင်းနိုင်ငံ လိပ်ကျွန်းလူသတ်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ လူငယ်နှစ် ယောက်အား သေဒဏ် ပေးခံရသည်။ မှားသည်မှန်သည် မပြောလိုသော်လည်း ထိုလူငယ်နှစ်ယောက်သည် မြန်မာရွှေ့ပြောင်းလုပ်သားများဖြစ်နေသည်။ ထိုလူငယ်နှစ်ဦး ဘာကြောင့် ထိုင်းနိုင်ငံသို့ အလုပ်သွားလုပ်ကြရသနည်း . . . ။ အဖြေက ရှင်းသည်။ ဝမ်းရေးအတွက်ဖြစ်သည်။

လူတွေ လူမှုလောကကို စရောက်လာကတည်းက ခြေကားယား လက်ကားယားနဲ့ ရုန်းရင်းကန်ရင်းနဲ့ တဖြည်းဖြည်းကြီးပြင်းလာခဲ့ကြသည်။ ဒီလိုနဲ့ မိသားစုအသိုက်အဝန်းကလေးဖြစ်လာခဲ့ကြသည်။ လူ့လောကဆိုတာ ကလည်း မွေးဖွားလာကြ သေဆုံးသွားကြနဲ့ ဘဝသက်တမ်းတစ်ခုသည် ရေပွက်ပမာ ခဏတာသာ ဖြစ်တည်နေကြရသည်။ လူ့ဘဝသက်တမ်းတစ်ခုအတွင်း ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းရပါက ဘဝမှာ နေပျော်သည်ဟု ဆို ကြပြန်သည်။ ဒါပေမဲ့ ဘဝဆိုတာ စိတ်ကူးယဉ်သလို မဖြစ်လာတာက များသည်။ အဆင်ပြေသော မိသားစုဘဝ ပိုင်ဆိုင်ဖို့ အဆိုပါမိသားစုတွင် သင့်တင့်သော အလုပ်အကိုင်ရှိရမည်။ သင့်တင့်သည့် ဝင်ငွေရဖို့လိုအပ်သည်။ ဒါကြောင့် လူတွေ ဝင်ငွေရဖို့ အလုပ် လုပ်နေကြရခြင်းဖြစ်သည်။ အလုပ်ဆိုတာကလည်း ကိုယ်လုပ်ချင်သလို လုပ်ရသည်မရှိ။ အဆင်ပြေသလို လုပ်နေကြရသည်။ တစ်ခါတလေ မိမိမကျွမ်းကျင်သည့် အလုပ်ကိုလည်း လုပ်နေကြ ရသည်။ လက်လှုပ်မှ ပါးစပ်လှုပ်နိုင်မည်ဟု ဆိုစကားလည်းရှိသည်။ ကျေးရွာမှာ အလုပ်လုပ်ရတာနဲ့ မြို့ပြများမှာ အလုပ်လုပ် နေရတာခြင်းမတူသလို အလုပ်အကိုင်ရရှိဖို့ အခြေအနေတွေက ကွာခြားချက်တွေ ရှိသည်။ လုပ်ခဝင်ငွေ ရရှိမှုကလည်း ကျေးရွာနဲ့မြို့ပြကွာခြားသည်။

ကျေးလက်နေပြည်သူများ၏ လူဦးရေသည် ခုနစ်ဆယ် ရာခိုင်နှုန်းခန့်ရှိသည်။ အများအားဖြင့် လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြရသည်။ ကျပန်းလုပ်ကြ တာလည်း ရှိသည်။တချို့က ငါးရှာဖားရှာလုပ်ကိုင်စားသောက်ကြသည်။ တစ်ပိုင်တစ်နိုင်မွေးမြူ၍ ငွေစုကြတာလည်း တွေ့ရသည်။တချို့က ရိုးရာလက်မှုလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အများအားဖြင့် တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ကျေးလက်နေပြည်သူတွေက များသည်။ ကျေးရွာများတွင် မိသားစုအားလုံး အလုပ်လုပ်နိုင်မှ တော်ကာကြသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများအဖို့ ရာသီဥတု ဖျက်ပြန်ပါက ကြိုးစားထားသမျှ သဲထဲရေသွန် သလို ဆုံးရှုံးကြရပြန်သည်။ တစ်နှစ်ဆုံးရှုံးမှု ကြုံလိုက်တာနဲ့ ပြန်နာလန်ထူနိုင်ဖို့ အတော်ကို ရုန်းရသည်။ ဒီလိုနဲ့ ကျေးလက်နေပြည်သူ အများစုသည် ဆင်းရဲမွဲတေ လာခဲ့ကြသည်။ မိသားစုဘဝ ရပ်တည်ရေးအတွက် ရရာအလုပ်တွေကို လုပ်ကြရတော့သည်။ ကျေးရွာများတွင် အလုပ်အကိုင်တွေက ရှားပါးလာသည်။ နောက်ပိုင်း အများသူငါလုပ်တဲ့ အလုပ်တွေကို အတုယူလုပ်ကိုင်လာကြသည်။ အများသူငါဈေးရောင်းရင် လိုက်ရောင်းသည်။ အများသူငါ အဆင်ပြေသည့် လုပ်ငန်းတွေပါက အဲဒီအလုပ်ကို ဝိုင်းလုပ်ကြပြန်သည်။ ကိုယ်တိုင်တီထွင် လုပ်ကိုင်သည့်အလုပ်ဆိုတာ မတွေ့ရသလောက်ဖြစ်လာသည်။ ငွေအလွယ်ရမည့် အထင်နဲ့ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး လောင်းကစားမှုတွေ နဲ့ နပန်းလုံးကြပြန်သည်။ နောက်ဆုံးတော့ လူလုံးမလှ မွဲပြာကျ သွားကြတော့သည်။ တကယ်တွေးကြည့်တော့ မှန်နေသည်။ ကောက်စိုက်၊ စပါးရိတ် ဆိုတဲ့ တောင်ယာအလုပ်တွေက ရာသီစာအလုပ်တွေဖြစ်သည်။ ကျေးလက်များတွင် တကယ်မယ်မယ်ရရ အလုပ်အကိုင်တွေရှားပါးလာသည်။ ဒါဆိုရင်ကျေးရွာများတွင် ဘယ်လို အသက်မွေးဝမ်းကျောင်း ပြုကြမည်နည်း . . ။

ခေတ်စနစ်တွေက ပြောင်းလဲလာသည်။ ပြောင်းလဲမှုနှင့်အညီ နေထိုင်မှု ပုံစံများသည် ပြောင်းလဲလာသည်။ လူဆိုသည်မှာ အတုမြင် အတတ်သင်လာကြသည်။ ဘဝတစ်ခု အတွင်း တောက်တောက်ပြောင်ပြောင် ထည်ထည် ဝါဝါ နေထိုင်လိုကြသည်။ လက်ရင်းအလုပ်တွေက စားဖို့အတွက်တာ အနိုင်နိုင်ရသည်။ ကိုယ့်ရပ်ဌာနေမှာ လုပ်မည်ဆိုသော်လည်း လုပ်ကိုင်စရာအလုပ်က ရှားလာသည်။ ဒါကြောင့် ကျေးလက်နေပြည်သူများသည် မိမိနေရပ်ကိုပစ်ကာ မြို့တက် အလုပ်ရှာလုပ်လာကြသည်။ အခြားနိုင်ငံများတွင် သွားရောက် လုပ်ကိုင်လာကြသည်။ ကျောက်တွင်းကျောက်မှော်များသို့ သွားရောက် လုပ်ကိုင်လာကြသည်။ တချို့ ပြောစကားရှိသည်။ သူဌေးဖြစ်ဖြစ် ခွေးဖြစ်ဖြစ် တဲ့။ သူဌေးမဖြစ်ခင် ကြွေလင့်ခဲ့ကြတာတွေလည်းရှိသည်။တချို့များ ကျန်းမာရေးချို့တဲ့စွာနဲ့ ပြန်လာကြရသည်။

ထိုသို့ဖြစ်တည် နေရခြင်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် စီမံဆောင်ရွက်နိုင်မှု အားနည်းနေခြင်းကြောင့်ဟု ထင်မြင်မိပါသည်။ ကျေးလက်ဒေသများတွင် ထိရောက်သည့် အလုပ်အကိုင်အခွင့်အလမ်းများ စီမံဖော်ဆောင်ပေးဖို့ ထိရောက်သည့်မူဝါဒ၊ ထိရောက်သည့် စီမံမှုများ အမှန်တကယ် လိုအပ်လာပြီဖြစ်ပါသည်။ လူမှုစီးပွားပြည့်စုံလုံလောက်ပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးလက်ဒေသများဖြစ်တည်ရေးအတွက် ဖြစ်နိုင်ခြေရှိသည့် စီမံကိန်းမော်ဒယ်ပုံစံများ ဖန်တီးဖော်ဆောင်ပေးဖို့လိုအပ်နေပါပြီ။ လက်ရှိဆောင်ရွက်နေသော်လည်း ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များသည် ထိရောက်မှု အားနည်းနေသည်ဖြစ်ရာ ထိရောက်အောင်ဆောင်ရွက်နိုင်ရေး ပြန်လည်သုံးသပ် ဆောင်ရွက်ဖို့ လိုမည်ဖြစ်ပါသည်။ အမှန်တကယ် အကောင်အထည်ဖော်မည့် ဌာနများကိုလည်း သတ်မှတ်မှတ် ရှိဖို့ လိုသည်ဟု ထင်မြင်မိပါသည်။ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ စီမံချက်များနှင့်အညီ ဘတ်ဂျက်လည်းလိုပါသည်။ အမျိုးသားရေးတာဝန်တစ်ခုသဖွယ် စိတ်ဝင်တစား ရှိဖို့လိုသည်။ ထို့ပြင် ထိရောက်သည့် ပြည်ပအကူအညီများ ရယူဆောင်ရွက်ဖို့ လိုသည်။ ကျေးလက်ဒေသများတွင် ရိုးရာအိမ်တွင်းလက်မှုလုပ်ငန်းများစွာ ရှိသည်။ အဆိုပါ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ဈေးကွက်ရရှိရေး၊ နည်းပညာရရှိရေး၊ ရင်းနှီးငွေကြေးရရှိရေး ထိရောက်သည့် စီမံချက်များ ချမှတ်ကာ ထိထိရောက်ရောက် ဆောင်ရွက်ဖို့က အရေးကြီးလာပြီဖြစ်သည်။ ကျေးလက်ဒေသ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာရေး ထိရောက်စွာစီမံဆောင်ရွက်ဖို့ လိုပါသည်။ သို့မှသာ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင် လာမည် ဖြစ်ပါသည်။

ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှ ကျေးလက်နေပြည်သူများ၏ အသက်များ သက်တမ်းစေ့နေနိုင်လာမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည် ။

■

## အိန္ဒိယပြည်တွင်းသံမဏိလုပ်ငန်းရှင်များအတွက် တရုတ်နိုင်ငံမှ သံမဏိတင်သွင်းနေခြင်းက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ

အိန္ဒိယနိုင်ငံ မဟာရာသျှတ္တရ-ပြည်နယ်ရှိ သံမဏိလုပ်ငန်းများအတွက် တရုတ်နိုင်ငံမှ တင်သွင်းလာတဲ့ သံမဏိတွေရဲ့စိန်ခေါ်မှုများနဲ့ အဓိကရင်ဆိုင်နေရလျက်ရှိတယ်လို့ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး နီတင်ဂတ်ကာရီ ကပြောကြားပါတယ်။ပြည်တွင်း သံမဏိလုပ်ငန်းက အကျပ်အတည်းများနဲ့ ရင်ဆိုင်နေကြရပြီး လုပ်ငန်းအများစုဟာလည်း ပိတ်သိမ်းနေကြပြီဖြစ်ကြောင်း၊ ဒါပေမယ့် ဒီပြဿနာကို ဖြေရှင်းရန် နည်းလမ်းရှာဖွေနေကြောင်းနဲ့ များမကြာမီမှာ အဖြေရတော့မှာဖြစ်ကြောင်း Jalna မှ ၅ ကီလိုမီတာအကွာ Javas ကျေးရွာမှာပြုလုပ်တဲ့ ကုန်းတွင်းဝင်ထွက်ပေါက် အုတ်မြစ်ချပွဲမှာ ဂတ်ကာရီက ပြောကြားလိုက်ပါတယ်။

တည်ဆောက်မယ့် ကုန်းတွင်းဝင်ထွက်ပေါက်သည် စက်မှုလုပ်ငန်းရှင်များရော စိုက်ပျိုးထုတ်လုပ်သူများပါ ကုန်ကျစရိတ်သက်သာစွာနဲ့ ကုန်သွယ်မှုပြုစေနိုင်မယ့် အကျိုးကျေးဇူးရရှိနိုင်စေမယ်လို့ သိရပါတယ်။ တည်ဆောက်ရေး ပထမအဆင့်အနေနဲ့ ရူပီး ကုဋေ ၃၅၀ အကုန်အကျခံပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ဝန်ကြီးရဲ့ ပြောကြားချက်အရ ဒီကုန်းတွင်းဝင်ထွက်ပေါက်ဟာ ကုန်စည်များ သယ်ယူပို့ဆောင်စရိတ်ကို သက်သာစေမယ့်အပြင် ဒေသတွင်းရှိစက်မှုလုပ်ငန်းသစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တာဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ထွန်းလာမှာဖြစ်ကြောင်း၊ ကုန်သည်များနဲ့တောင်သူများကို အကျိုးပြုစေမယ့် အအေးခန်းသိုလှောင်ရုံများ၊ကုန်လှောင်ရုံများလည်း ဆောက်လုပ်သွားမှာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

အစိုးရအနေနဲ့ ယာဉ်အိုယာဉ်ဟောင်းများကို ဝယ်ယူပေးမယ့် အစီအစဉ်နဲ့ ယာဉ်အသစ်များ ရောင်းချပေးမယ့် အစီအစဉ်လည်း ရေးဆွဲနေပြီး၊ ယာဉ်ဟောင်းများကို သံမဏိလုပ်ငန်းများထံသို့ သက်သာသောဈေးနဲ့ ရောင်းချပေးသွားမယ်လို့ ဝန်ကြီးက အုတ်မြစ်ချပွဲအခမ်းအနားမှာ ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင်ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်ရန်လည်းအစီအစဉ်ရှိကြောင်း၊ ဒီလိုထုတ်လုပ် နိုင်မယ်ဆိုရင် တောင်သူများအနေနဲ့ သက်သာသော ဈေးနှုန်းနဲ့သုံးစွဲနိုင်မယ်လို့လည်း ပြောကြားခဲ့တယ်လို့ India Time သတင်းမှာဖော်ပြထားပါတယ်။

CMK

■

# စပါးရိတ်သိမ်းခြွေလှေ့စက်အကြိုက်တွေ့လို့တောင်သူများ စက်မှုလယ်ယာစနစ်ပြောင်းလဲလာ



အင်းတော်မြို့နယ်၊ မော်လူးဒေသ၊ မံဟဲကျေးရွာမှ တောင်သူဦးမောင်မောင်ဝယ်ယူခဲ့တဲ့ ဂွတ်ဘရားသား စပါးရိတ်သိမ်းခြွေလှေ့စက်ကို ဒေသနေတောင်သူများ အကြိုက်တွေ့နေပြီး အခကြေးငွေနဲ့ ငှားရမ်းရိတ်သိမ်း နေကြလို့ စက်ပိုင်နဲ့ တောင်သူနှစ်ဦးနှစ်ဖက် အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။

ဦးမောင်မောင်က စပါးရိတ်သိမ်းခြွေလှေ့စက်ကို မော်လူးဒေသမှာ ပထမဆုံးလုပ်ကိုင်တဲ့ တောင်သူဖြစ်ပါတယ်။ မန္တလေးဂွတ်ဘရားသားကုမ္ပဏီက ရောင်းချတဲ့သိန်း ၃၈၀ တန်ဖိုးရှိ စက်အလတ်ဖြစ်ပါတယ်။ တစ်ရက် ငါးဧက ရိတ်သိမ်းခြွေလှေ့နိုင်ပြီး စက်ပိုင်က တစ်ဧက ပုတ်ပြတ် ၄၅၀၀၀ ကျပ်နဲ့ စပါးရိတ်သိမ်းခြွေလှေ့ပေးပါတယ်။ ဆီဖိုးနဲ့ လုပ်သားဖိုးကုန်ကျစရိတ်နှုတ်ပြီး တစ်ရက် ၁၅၀၀၀၀ ကျပ် အသားတင်ကျန်ပါတယ်။ ငှားရမ်းတဲ့တောင်သူများလွန်းလို့ လက်လွှတ်လိုက်ရတဲ့ သူတွေလည်းရှိပါတယ်။ စပါးက တစ်ချိန်တည်းရင့်မှည့်တတ်လို့ လုပ်ငန်းအတွက် စပါးရိတ်သိမ်းခြွေလှေ့စက်လိုအပ်ချက်ရှိနေပါတယ်လို့ စက်ပိုင်ထံက သိရပါတယ်။

မော်လူးဒေသမှာ စပါးစိုက်ဧက ၁၅၈၂၈ ရှိပြီး တစ်ဆက်တစ်စပ်တည်း တည်ရှိမှု ၈၅ ရာခိုင်နှုန်းကျော်ရှိပါတယ်။ တောင်သူများအနေနဲ့လည်း စက်မှုလယ်ယာနဲ့ စိုက်ပျိုးမယ်၊ ရိတ်သိမ်းမယ်ဆိုပါက မိမိပိုင် လယ်ကွက်ငယ်များကို အပြင်စည်းချန်ပြီး အတွင်းကန်သင်းများကို ဖယ်ထားမယ်၊ ကုန်ထုတ်လမ်းချန် ဖောက်ထားမယ်ဆို စက်မှုလယ်ယာ ဖော်ထုတ်ရာမှာ ပိုလို့အဆင်ပြေနိုင်ပါတယ်။ သတင်းအချက်အလက်နည်းပညာ တိုးတက်လာသည့်အတွက် တောင်သူများ မိမိဆန္ဒအလျောက် စက်မှုလယ်ယာနဲ့ ပြောင်းလဲလုပ်ကိုင်ချင်လာပါတယ်။ စက်မှုလယ်ယာရဲ့ အားသာချက်ဖြစ်တဲ့ လုပ်သားရှားပါးမှု ဖြေရှင်းနိုင်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လျင်မြန်ထိရောက်စွာ လုပ်ငန်းပြီးစီးခြင်းတို့ကြောင့် တောင်သူများ စက်မှုလယ်ယာစနစ်ပြောင်းလဲဖို့ ပြင်ဆင်ဆောင်ရွက်နေကြကြောင်း တောင်သူများထံက သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# မြိတ်မြို့တွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ရည်မှန်းချက်ပါ ဒေသထွက်ကုန်များ အကောင်အထည်ဖော်ရေးနှင့် ကျေးလက်ဒေသအသေးစားကုန်ထုတ် လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ စောဂျက်ဟိုတယ်ခန်းမ၌ ဒီဇင်ဘာလ ၂၉ ရက်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ ဖိတ်ကြားထားတဲ့ ဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အသီးသီးနဲ့ စိတ်ပါဝင်စားသူ ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

အလုပ်ရုံဆွေးနွေးပွဲကို စောဂျက်ဟိုတယ်ခန်းမ၌ ဒီဇင်ဘာလ ၂၉ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) လုပ်ငန်းအကြောင်းကိုလည်းကောင်း၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ကုန်သွယ်ရေး စခန်း(မြိတ်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေကြိုင်က AEC နှင့် ကုန်သွယ်မှုရေးရာလုပ်ငန်းအကြောင်းကို လည်းကောင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိန်သောင်းက ရေမြေသယံဇာတထိန်းသိမ်းရေးနှင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအခြေအနေအားလည်းကောင်း၊ ခရိုင်စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်စောရီက ရော်ဘာထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရေးကဏ္ဍတို့ကိုလည်းကောင်း ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရော်ဘာလုပ်ငန်းရှင် ဦးယုကြိုင်ကလည်း စိုက်ပျိုးထုတ်လုပ်သော်လည်း ဈေးကွက်ပျောက်နေခြင်းကြောင့် SME လုပ်ငန်းများအနေဖြင့် ရင်းနှီးမတည်ငွေရရှိရန် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ပုလောရော်ဘာထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ရာသီချေးငွေအား နှစ်ရှည်ချေးငွေဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ကြောင်း သိရှိရပါတယ်။

**ဇော်မင်းလတ်+မျိုးအေး - ထားဝယ်**

# အိန္ဒိယ နို့ထွက်ထုတ်ကုန်ပစ္စည်းများကို ရုရှားက မကြာမီမြည်းစမ်းခွင့်ရတော့မည်



ဂူဂျာရတ် သမဝါယမ နို့ဈေးကွက်အဖွဲ့ချုပ်က ၎င်းတို့ရဲ့ ဈေးကွက်အမှတ်တံဆိပ်၊ ဗာကူ နို့ထွက်ကုန်များကို ရုရှားသို့ မကြာမီတင်ပို့တော့မှာဖြစ်ပြီး ရုရှားဈေးကွက်ဝင် ပထမဆုံးသော အိန္ဒိယနို့ထွက်ကုန်စည်ဖြစ်လာတော့မှာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်မိုဒီ ရုရှားသို့ လည်ပတ်တဲ့ခရီးစဉ်အပြီးမှာ ရုရှား FSVPS (Federal Service for Veterinary & Phytosanitary Surveillance) က ဗာကူ နို့ထွက်ပစ္စည်းများကို မကြာမီ တင်သွင်းခွင့်ပေးတော့မှာဖြစ်ပါတယ်။ ဂူဂျာရတ် သမဝါယမ နို့ဈေးကွက်အဖွဲ့ချုပ်မှ ထိပ်ပိုင်းအရာရှိကြီးများသည် ဝန်ကြီးချုပ်မိုဒီရဲ့ ရုရှားခရီးစဉ်မှာ လိုက်ပါသွားခဲ့ပါတယ်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလကတည်းက ရုရှားနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့နို့ထွက်ပစ္စည်းစက်ရုံများကို လေ့လာခဲ့ကြပြီး ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရှိ သမဝါယမလုပ်ငန်းများအားလုံးရဲ့ ထုတ်လုပ်နိုင်မှုဟာ နို့မှုန့်တန်ချိန် ၅၀၀၀၀ ရှိပြီး ဗာကူ တစ်ခုတည်းက နို့ ၂၀၅ လီတာသိန်းပေါင်း ထုတ်လုပ်နိုင်တာဖြစ်ပါတယ်။

မိုဒီရဲ့ ခရီးစဉ်အတွင်းမှာ ဂူဂျာရတ်သမဝါယမ နို့ဈေးကွက်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက နှစ်နိုင်ငံဝန်ကြီးဌာနများ တွေ့ဆုံဆွေးနွေးရာမှာ အိန္ဒိယနိုင်ငံမှထုတ်လုပ်တဲ့ပစ္စည်းများ ရုရှားသို့တင်ပို့နိုင်ရေးနဲ့ အိန္ဒိယ ရုရှားကုန်သွယ်မှုမြှင့်တင်ရေးကို ဆွေးနွေးခဲ့ကြပါတယ်။

ရုရှားတာဝန်ရှိသူများကလည်း FSVPS ရဲ့ အိန္ဒိယမှ ပစ္စည်းတင်သွင်းခွင့်ကို စောင့်ဆိုင်းနေကြပြီး မကြာမီခွင့်ပြု ချက်ရတော့မယ်လို့ တာဝန်ရှိသူများကပြောပါတယ်။

ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနဲ့ နယူးဇီလန်တို့မှ နို့ထွက်ပစ္စည်းတင်သွင်းမှုကို တားမြစ်ထားတဲ့အတွက် ရုရှားဈေးကွက်မှာ နို့ထွက်ပစ္စည်းပြတ်လတ်မှုဖြစ်နေပါတယ်။

လူဦးရေသန်း ၁၄၄ နဲ့နို့ထွက်ပစ္စည်း ကောင်းကောင်းကို စားသုံးကြတဲ့ ရုရှားနိုင်ငံဟာ နို့ထွက်ပစ္စည်းအများဆုံး တင်သွင်းတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ နို့မှုန့်မက်ထရစ်တန် တစ်သိန်း၊ ထောပတ်တန်ချိန် ၁ ဒသမ ၄ သိန်းနဲ့ ဒိန်ခဲ ( Cheese ) တန်ချိန် ၃ ဒသမ ၅ သိန်းဝန်းကျင်နှစ်စဉ် တင်သွင်းလျက်ရှိပါတယ်။

**CMK**

## တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအားဖျက်သိမ်း

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာ (၉၇/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့သော တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှစ၍ ဖျက်သိမ်းကြောင်း နိုင်ငံတော်သမ္မတရုံးရဲ့ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာလိုက်တယ်လို့ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိပါတယ်။

မိုဘိုင်းအဖွဲ့အားလုံးရဲ့ ဆောင်ရွက်မှုလုပ်ငန်းများအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် ၁၆း၀၀ နာရီ အချိန်မှစ၍ ရပ်ဆိုင်းရန်နဲ့ မိုဘိုင်းအဖွဲ့အားလုံးအား ဖျက်သိမ်းသွားရန် စီးပွားကူးသန်းဝန်ကြီးရုံးမှ ဒီဇင်ဘာလ ၃၀ ရက် ရက်စွဲပါစာနဲ့ ထပ်ဆင့်ညွှန်ကြားထားပြီးဖြစ်တယ်လို့သိရပါတယ်။ **MIRT**

Vol: 16, No.1 Monday January 4 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၄–၁–၂၀၁၆)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) ဈေးအနည်းငယ်ကျပေမယ့် အရောင်းအဝယ်ပုံမှန်ရှိနေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပဲစင်းငုံနီ (သစ်) တွေ အဝင်ပုံမှန်ရှိပေမယ့် ဈေးအနည်းငယ်ကျလာပြီး တစ်တန်ကို ၁၄၃၀၀၀၀ ကျပ်ဈေးဖြင့်နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်)က ဈေးကွက်စတင်ဝင်ရောက်ချိန်မှာ တစ်တန်ကို ၁၅သိန်းနဲ့ ဈေးကောင်းရခဲ့ပေမယ့် ဒီရက်ပိုင်းမှာတော့ ဈေးအနည်းငယ် ပြန်ဆင်းလာပေမယ့် ပုံမှန်အရောင်းအဝယ်တော့ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ပဲစင်းငုံနီ (သစ်) ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ပုံမှန်အဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၄၄ ကျပ် (တစ်တန်ကို ၁၂၅၁၇၂၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) က ဈေးကွက်ထဲစတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးတန့်နေ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနှင့် ပြောင်းလက်ကျန်ပြတ် အရောင်းအဝယ်အေး

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် လက်ကျန်ပဲဟောင်းဖြစ်တဲ့ မတ်ပဲက ကုန်သည်လက်ဝယ်မှာ လက်ကျန်ပြတ်သွားပြီး ပဲအရောင်းအဝယ်သမားများက နောက်ထွက်လာမယ့် မတ်ပဲ (သစ်)ကိုစောင့်နေကြောင်း ဒေသထွက်ပြောင်းကလည်း ရန်ကုန်အဝယ်အေးနေပြီး ပစ္စည်းလက်ကျန်လည်း နည်းနေကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ လက်ကျန်ပဲဟောင်းထက် ပဲသစ်က ပိုပြီး အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်လက်ကျန်ပဲဟောင်းတွေထက်စာရင်ဈေးကွက်ထဲအသစ်ဝင်လာတဲ့ ပဲစင်းငုံနီ (သစ်)ကတော့ ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီးအရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေးစဖွင့်တုန်းက တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် ဈေးဖွင့်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဝယ်လက်တွေက ဈေးချအဝယ် ရှိတာကြောင့် ဈေးအနည်းငယ် ကျလာပြီး တစ်ပိဿာကို ၂၂၆၀ ကျပ် (တစ်တန်ကို ၁၃၈၄၀၀၀ ကျပ်) ဈေးဖြင့်နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) ဈေးအနည်း ငယ်ကျလာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေပေမယ့် ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ရောင်းသူကုန်သည်များ အရောင်းနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏ နည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၈၀၀ ကျပ် (တစ်တန်ကို ၁၁၀၂၃၀၂ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) အဝင်များလာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်) တွေ ဈေးကွက်ထဲအဝင်ပိုလာကြောင်း ဒါပေမယ့် ဝယ်လက်တွေက ဈေးလျှော့ အဝယ်ရှိတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းကိုတော့ ရန်ကုန်-မန္တလေး ဝယ်လက်က တစ်ပိဿာ ၃၇၇၈ ကျပ်ဈေးဖြင့် အရောင်းအဝယ်နည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးနှင့် ပဲစင်းငုံနီ(သစ်) ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို တရုတ်အတွက်အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကတန့်နေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၄၇ ကျပ် (တစ်တန်ကို ၁၁၉၂၃၂၀ ကျပ်) ဈေးဖြင့်နေ့စဉ် အိတ် ၄၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) တွေ ဈေးကွက်ထဲဆက်လက်ဝင်ရောက်နေပေမယ့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၂၂၇၅ ကျပ် (တစ်တန်ကို ၁၃၉၃၁၈၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းသီးနံ အဝင်လှိုင်လို့ ဈေးကျ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံအဝင်လှိုင်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်ပိဿာကို ၃၉၀ ကျပ်ဈေးဖြင့် တရုတ်ဘက်မှ တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အခု ပြောင်းသီးနှံက အဝင်လှိုင်လာတော့ ဈေးကွက်မှာရောင်းသူဈေးကွက်မဟုတ်ဘဲ ဝယ်သူဈေးကွက်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်အတွင်း ပြောင်းဝင်ရောက်မှုက တန်ချိန် ၃၉၀၀၀ ကျပ် ဝန်းကျင်ဝင်ရောက်ခဲ့သလို တရုတ်ဘက်မှလည်း ဝယ်လိုအား ပုံမှန်ရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၇၈ ယွမ်မှ အမြင့်ဆုံး ၈၀ ယွမ်ကြား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို မန္တလေးဝယ်လက်မှ အဝယ်များ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံဈေးကွက်သို့ဝင်ရောက်မှုများပြားသလိုမန္တလေး-ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲတီစိမ်းကြီးနှင့် ပဲစင်းငုံနီ (သစ်) အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၃၅ ကျပ် (တစ်တန်ကို ၁၁၂၃၇၃၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) တွေကတော့ ဈေးကွက်ထဲဝင်လာပြီးတစ်ပိဿာကို ၂၂၇၅ ကျပ် (တစ်တန်ကို ၁၃၉၃၁၈၀ ကျပ်) ဈေးဖြင့် စတင်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



သင့်ကျန်းမာရေး

# အတွင်းတိမ်ရောဂါများ (Cataract)

ဒေါက်တာလွင်သန့်

**မေး။** အမြင်မကြည်လင်လို့ မျက်လုံးသွားပြကြည့်တာ “ အတွင်းတိမ်” ဖြစ်မှန်းသိရတယ်။ မခွဲစိတ်ရင် မရဘူးလားဆရာ။ ဆောင်ရန်၊ ရှောင်ရန်များအကြံပေးပါဦးခင်ဗျာ။

**ဦးမောင်လှိုင်(လက်ပံတန်း)**

**ဖြေ။** အသက်အိုမင်းလာရင် မျက်စိအမြင်လည်းကျလာတယ်။ အသက်ကြီးလာတာနဲ့အမျှ ကြည်လင်ပြီး ဖောက်ထွင်းမြင်နိုင်တဲ့ မျက်လုံးအတွင်းရှိ မှန်ဘီလူးငယ်ဟာ ဓာတ်တိုးဖြစ်စဉ်ပြောင်းလဲပြီး၊ ကြည်လင်မှုမရှိဘဲ နောက်ကျိကာ အမြင်အာရုံဆိုးဝါးအောင် ထိခိုက်စေတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအပူပိုင်းဒေသတွေမှာ မျက်စိကွယ်ရခြင်း (Blindness) က အတွင်းတိမ် (Cataract) ကြောင့်ဖြစ်တယ်။ နေပူဆာလှုံတာ၊ နေပူထဲအလုပ်လုပ်ရတာ၊ အာဟာရဓာတ်ပြည့်ဝအောင် မစားသောက်ရင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းမပါခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆီးချိုရောဂါဝေဒနာများ၊ စတီးရွိုက်ဆေးအလွန် အကျွံသောက်ခြင်း၊ အခြားဆေးဝါးများဟာ အတွင်းတိမ်ဖြစ်နိုင်ချေများစေတယ်။ အတွင်းတိမ်ဖြစ်မှ ကုသတာထက် မဖြစ်မီကြိုတင်ကာကွယ်ဖို့နည်းလမ်းလိုတယ်။

**ရှောင်ကြဉ်ရန်။** ကျပ်တင်ထားတဲ့အစာ၊ ဆီကြော်အစာ၊ သကြားတို့ဟာ ဓာတ်တိုးဖြစ်စဉ် မြန်ဆန်မှုရှိပြီးအတွင်းတိမ်ရောဂါ ပိုမိုဖြစ်စေတယ်။

**စားသင့်တဲ့အစားအစာ။** ဘာလီနဲ့ဘလူးဘယ်ရီသီးတို့မှာ ဘိုင်အိုဖလေဗင်နွိုက်ပါဝင်လို့ အမြင်ကောင်းတယ်။ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ၊ ဟင်းနုနွယ်ရွက်မှာ လူတင်းဓာတ်ပါရှိလို့ အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းလည်းဖြစ်တယ်။ လူတင်းဓာတ်က အစိမ်းရင့် ဟင်းသီးဟင်းရွက်မှာ ပါတယ်။ ကန်စွန်းဥမှာ ကယ်ရိုတင်းဓာတ်မြင့်မားပြီး ခန္ဓာကိုယ်တွင်း ဗီတာမင်အေအဖြစ် ပြောင်းလဲနိုင်တယ်။

**အခြားအစားအစာများ -** မုန်လာဥနီ၊ အစိမ်းရင့်ဟင်းသီးဟင်းရွက်များ၊ ခရမ်းချဉ် သီး၊ ဖရဲသီး၊ ရွှေဖရုံသီးတို့မှာ ဗလေဗင်နွိုက်ပါတယ်။ အဆီဆူဖြိုးတဲ့ငါးမှာ ဗီတာမင်အေ ဓာတ်ကြွယ်ဝလို့ အများအပြားစားသင့်ပါတယ်။ ဗီတာမင်အေ၊ ဗီတာမင်အီးနဲ့ဆီလီနီယမ်ဓာတ်ကြွယ်ဝတဲ့အစာတို့ဟာ မျက်စိထောက်ပံ့မှု ပေးတယ်။

**ဗီတာမင်အေ။** ဂျုံစေ့ပင်ပေါက်၊ ရှားစောင်းလက်ပတ်၊ ပဲညှောင့်၊ ပဲတီ၊ နေကြာ၊ ဖရုံ၊ သဘော်သီး၊ နှမ်းစေ့များ၊ ဥအမျိုးမျိုး၊ အစေ့အဆန်များ၊ အဆီမပါတဲ့အသား၊ နို့စားသီးနှံများနဲ့ လတ်ဆတ်တဲ့ သစ်သီးဝလံများ၊ ချယ်ရီသီး၊ ကီဝီသီးနဲ့ အစိမ်းရောင် ငရုတ်ကောင်းတို့မှာ ဗီတာမင်အေ ပေါလျှံစွာပါဝင်ပါတယ်။

**ဆေးဝါးများ။** ဗီတာမင်စီကို နှစ်ပေါင်းများစွာ ဖြည့်စွက်စားသုံးရင် အတွင်းတိမ်ဖြစ်မှု လျော့နည်းနိုင်ပါတယ်။ နေ့စဉ် ဗီတာမင်ဘီဝမ်းတစ်ဂရမ်ကို အစာနဲ့အတူ စားသုံးသင့်တယ်။ ဗီတာမင်အီးချို့တဲ့ရင် အတွင်းတိမ်ဖြစ်နိုင်ချေ လေးဆမြင့်လာလို့ နေ့စဉ်ဗီတာမင်အီး (၄၀၀) အိုင်ယူဖြည့်စွက်စားသုံးပေးသင့်ပါတယ်။

**အကြံပြုချက်များ။** မျက်လုံးကို နေရောင်ခြည်မှ ကာကွယ်ဖို့ နေကာမျက်မှန်တပ်ပေးရမယ်။ ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ဖို့ နေကာမျက်မှန်တပ်ဆင်ပေးရမယ်။ နေပူထဲထွက်ရင် နေရောင်ခံကရင်မ်၊ သနပ်ခါးလိမ်းရုံမက၊ ခရမ်းလွန်ရောင်ခြည် (၉၉ ရာခိုင်နှုန်း) ကာကွယ်နိုင်တဲ့ မျက်မှန်တပ်ဆင်သင့်ပါတယ်။ နေပူထဲသွားရင် ဦးထုပ်၊ ထီးသုံးပြီး အကာအကွယ်ယူသင့်တယ်။

**ခွဲစိတ်ခြင်း။** အတွင်းတိမ်ကို ခွဲစိတ်ဖယ်ရှားခြင်းက၊ အမြင်အာရုံပြန်လည်ကြည်လင်စေပါတယ်။ မြန်မာနိုင်ငံမှာ အတွင်းတိမ်ဖြစ်နှုန်းမြင့်မားလှပြီး “ စက္ခုပါလ မျက်စိအလင်းဖွင့်” အသင်းလို မျက်စိတိမ်စွဲလူနာများ၏တိမ်များ ဖယ်ရှားပေးပြီး အမြင်အာရုံ ပြန်ကောင်းစေတဲ့ ကုသိုလ်ဖြစ်အလှူရှင်အဖွဲ့ရှိတတ်ကြတယ်။ မြင်လွှာမဆုံးရှုံးစေဖို့ဆိုခဲ့တဲ့ အစားအသောက်များစားပေးဖို့ လိုတဲ့အပြင် တီဗီ၊ ဂိမ်း၊ ကွန်ပျူတာကြည့်တာကို လျှော့ချသင့်တယ်။

## ဆီးချိုရောဂါကြောင့် မှတ်ဉာဏ်ချို့ယွင်းမှု ဖြစ်နိုင်ခြေများလာနိုင်ဟုဆို

ဆီးချိုရောဂါဖြစ်ပွားနေသည့် ရောဂါသည်များသည် စဉ်းစားဉာဏ်နှင့် မှတ်ဉာဏ်ကို ထိခိုက်စေနိုင်သည့် မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာဖြစ်နိုင်ခြေ ပိုမိုများပြားနိုင်ကြောင်း ဩစတြေးလျသုတေသန ပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။ အဆိုပါပညာရှင်များသည် ဆီးချိုရောဂါဖြစ်ပွားနေသည့် ဝေဒနာသည်များနှင့် ရောဂါဖြစ်ပွားခြင်းမရှိသည့် သာမန်ပုဂ္ဂိုလ်နှစ်သန်းကျော်တို့အား လေ့လာခဲ့ပြီးနောက် သုံးသပ်ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းလေ့လာချက်များမှ သုံးသပ်ချက်ပေါင်း ၁၄ ခုကိုအခြေခံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အစီရင်ခံတင်ပြထားကြောင်း အဆိုပါသုတေသနအဖွဲ့မှ ပြောကြားခဲ့သည်။ ယင်းလေ့လာချက်များတွင် ဆီးချိုရောဂါရှင်များသည် စိတ်ကစင့်ကလျားဖြစ်သည့်ရောဂါကိုပါ ပူးတွဲခံစားရနိုင်ကြောင်းဖြင့် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် ဆီးချိုရောဂါအဆင့်-၂ သို့ ရောက်ရှိနေသည့် လူနာများသည် ဆီးချိုရောဂါမရှိသူများထက် စိတ်ကစင့်ကလျားဝေဒနာကို ၆၀ ရာခိုင်နှုန်းကျော် ပိုမိုခံစားရနိုင်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အမျိုးသမီးဆီးချိုဝေဒနာသည်များသည် ဆီးချိုရောဂါမရှိသူများထက် ဦးနှောက်သို့သွေးပို့လွှတ်မှု ပိုမိုနည်းပါးနိုင်သဖြင့် မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာ ပိုမိုနည်းပါးနိုင်ကြောင်း၊ အမျိုးသား ဆီးချိုရောဂါသည်များထက်လည်း ဖြစ်နိုင်ခြေပိုမိုများပြားကြောင်း သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

အမျိုးသမီးများသည် သွေးပေါင်ချိန်မြင့်တက်နေသည့်အခြေအနေမျိုးတွင် အမျိုးသားများကဲ့သို့ ဆေးကုသမှုခံယူခြင်းမရှိသဖြင့် သွေးကြောဆိုင်ရာ မှတ်ဉာဏ်ချို့ယွင်းမှုဝေဒနာနှင့် နှလုံးရောဂါဖြစ်နိုင်ခြေများ ပိုမိုများပြားရသည်ဟုဆိုသည်။

အဆိုပါ စိတ်ကစင့်ကလျားဖြစ်မှု ဝေဒနာကိုလျှော့နိုင်ရန်အတွက် တစ်ခုတည်းသောဆေးမှာ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်းပင်ဖြစ်ကြောင်း၊ နေ့စဉ် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊အစားအသောက်များ ဆင်ခြင်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ အရက်သောက်ခြင်းအား ဆင်ခြင်ခြင်းတို့ဖြင့် ဆီးချိုတက်လာခြင်းမရှိအောင် ထိန်းပေးခြင်းဖြင့် စိတ်ကစင့်ကလျားရောဂါဖြစ်ပွားမှုကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားထားသည်။

**မယ်သီတာ**

## အင်္ဂလန်နိုင်ငံမှ အဝလွန်သူအမျိုးသမီးများသည် ကျန်းမာရေးပိုမိုချို့တဲ့နိုင်ကြောင်း သတင်းထုတ်ပြန်

အင်္ဂလန်နိုင်ငံတွင် အဝလွန်သူအမျိုးသမီးများ တစ်နေ့တစ်ခြား ပိုမိုများပြားလျက်ရှိရာ အဆိုပါအဝလွန်သူအမျိုးသမီးများသည် ကျန်းမာရေးချို့တဲ့မှုကို တခြားသော အမျိုးသမီးများထက်ပိုမိုဖြစ်ပွားနိုင်ကြောင်း အင်္ဂလန်နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာကို အင်္ဂလန်နိုင်ငံကျန်းမာရေးဌာန အကြီးအကဲ ဒေါက်တာဒိန်းဆယ်လီဒေးဗီးစ်က ရေးသားတင်ပြထားခြင်းဖြစ်သည်။

ဒေါက်တာဒိန်းသည် အင်္ဂလန်နိုင်ငံရှိ အဝလွန်သူအမျိုးသမီးများကို နှစ်စဉ် လေ့လာလျက်ရှိရာတွင် အဝလွန်သူ အမျိုးသမီးများသည် ရသခြောက်ပါးကို အလွန်အကျွံစားသုံးသူများဖြစ်သဖြင့် ၎င်းတို့ထံတွင် ရောဂါတစ်မျိုးမဟုတ် တစ်မျိုး ခံစားနေရကြောင်း၊ အင်္ဂလန်နိုင်ငံတွင်ထုတ်လုပ်သည့် အစားအသောက်များထဲ၌ သကြားဓာတ်ပါဝင်မှု အချိုးအဆမှာလည်း ပါဝင်သင့်သည်ထက် ပိုမိုများပြားနေကြောင်း ၎င်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံတွင် ၂၀၁၃ခုနှစ်အတွင်းက အသက် ၃၃ နှစ်မှ ၄၄နှစ်ကြားအရွယ်ရှိ အမျိုးသမီးများ၏ ၅၆ ဒသမ ၄ ရာခိုင်နှုန်းမှာ အဝလွန်သူအမျိုးသမီးများဖြစ်နေကြပြီး အသက် ၄၅နှစ်မှ ၅၄ နှစ်ကြားအရွယ်ရှိအမျိုးသမီးများအနက် ၆၂ ရာခိုင်နှုန်းမှာ



အဝလွန်သူများ ဖြစ်နေကြကြောင်း အဝလွန်ခြင်းကို သုတေသနပြုစုနေကြသည့်ဆရာဝန်များက ပြောကြားခဲ့သည်။

အဝလွန်ခြင်းကြောင့် ဖြစ်ပွားသောရောဂါများအနက် ရင်သားကင်ဆာ၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါအဆင့်(၂)တို့ ပိုမိုဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များက ထောက်ပြထားသည်။

ထို့ကြောင့် အင်္ဂလန်နိုင်ငံသို့ တင်သွင်းနေသည့်သကြားအတွက် အခွန်များကို ပိုမိုကောက်ခံသင့်ကြောင်း ဒေါက်တာဒိန်းက ဝေဖန်ပြောကြားခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် သကြားဈေးသည် တခြားကုန်ပစ္စည်းများထက် ဈေးနှုန်းချိုသာနေသဖြင့် စားသောက်ကုန်များတွင် သကြားကို လိုအပ်သည်ထက် ပိုမိုထည့်သွင်း အသုံးပြုနေသဖြင့် သကြား တင်သွင်းမှုအပေါ် အခွန်ပိုမိုကောက်ခံသင့်ကြောင်း ဒေါက်တာဒိန်းက ထည့်သွင်းပြောကြားခဲ့သည်။

**မယ်သီတာ**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုဝင်ဘာလတွင် နယ်စပ်မှ ပို့ကုန် အမေရိကန်ဒေါ်လာ ၄၂၃ သန်းဖိုး ဆောင်ရွက်နိုင်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုဝင်ဘာလတွင် နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန် ကန်ဒေါ်လာ ၄၂၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ပို့ကုန်အုပ်စုအလိုက် တင်ပို့နိုင်မှုတွေကတော့ လယ်ယာထွက်ကုန် ကန်ဒေါ်လာ ၁၃၄ သန်း ဝန်းကျင်၊ရေထွက်ကုန် ကန်ဒေါ်လာ ၂၅ သန်းကျော်၊သစ်တောထွက်ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၄၅ သန်း၊ သတ္တုတွင်းထွက် ကန်ဒေါ်လာ ၁၄ ဒသမ ၃၅၈ သန်း၊တိရစ္ဆာန်ထွက်ပစ္စည်းကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်း၊စက်မှုကုန်ချောပစ္စည်း ကန်ဒေါ်လာ ၁၈၄ သန်းကျော်နဲ့ အခြားအုပ်စု ကန်ဒေါ်လာ ၆၄ သန်းကျော် အသီးသီးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။စက်မှုကုန်ချောအုပ်စုက အများဆုံးတင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ကုန်ပစ္စည်းနဲ့ အခြားအုပ်စုက ဒုတိယနဲ့ တတိယနေရာမှာ ရှိနေပါတယ်။

နယ်စပ်မျက်နှာစာအလိုက် တင်ပို့နိုင်မှုတွေကတော့ တရုတ်နယ်စပ်မှ တင်ပို့မှုမှာ အများဆုံးဖြစ်ပါတယ်။ နယ်စပ်အလိုက်၊ အုပ်စုအလိုက် တင်ပို့နိုင်မှုများကို ဖော်ပြပေးလိုက်ရပါတယ်-

ရေတွက်ပုံ-ကန်ဒေါ်လာသန်း

| | တရုတ် | ထိုင်း | ဘင်္ဂလားဒေ့ရှ် | အိန္ဒိယ | စုစုပေါင်း |
|---|---|---|---|---|---|
| လယ်ယာ | ၁၂၅. ၇၆၈ | ၂. ၈၈၂ | ၀. ၀၄၂ | ၅. ၃၉၀ | ၁၃၄. ၀၈၂ |
| ရေထွက် | ၁၁. ၀၄၇ | ၁၄. ၁၆၆ | ၀. ၆၅၅ | ၀. ၀၁၅ | ၂၅. ၈၈၃ |
| သစ်တော | ၀. ၀၄၃ | - | ၀. ၀၀၂ | - | ၀. ၀၄၅ |
| သတ္တု | ၁၄. ၁၆၀ | ၀. ၁၉၈ | - | - | ၁၄. ၃၅၈ |
| တိရစ္ဆာန် | - | ၀. ၀၃၈ | - | - | ၀. ၀၃၈ |
| စက်မှု | ၁၈၃. ၀၈၇ | ၀. ၃၆၂ | ၀. ၃၅၈ | ၀. ၆၃၉ | ၁၈၄. ၄၄၆ |
| အခြား | ၆၃. ၉၂၈ | ၀. ၁၁၀ | - | ၀. ၅၂၆ | ၆၄. ၃၁၆ |

**MIRT**

# ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ သန်းလေးထောင်ကျော်ရှိလာ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာ ၂၅ ရက်နေ့ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၈၂၆ ဒသမ ၉၈၂ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်ကန်ဒေါ်လာ ၇၇၂၂ သန်းဝန်းကျင်နဲ့ သွင်းကုန် ကန်ဒေါ်လာ ၁၂၁၀၄ သန်းကျော်ဖြစ်ပါတယ်။ ထို့အတွက် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာသန်း ၄၃၈၀ ကျော်ပြနေပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၀၃၂ သန်းကျော်လျော့နည်းခဲ့တာတွေ့ရပါတယ်။ ပို့ကုန်လျော့နည်းရခြင်းမှာ ဆန်၊ ပြောင်း၊ နှမ်း၊ ပဲအမျိုးမျိုး (ပဲလွန်းဖြူ၊ ထောပတ်ပဲ၊ ပဲကြီး၊ ပဲကတ္တီပါ၊ ပဲဖြူလေး၊ ဘိုကိတ်ပဲ၊ ပဲနီကြား၊ မြေပဲဆံ) တို့အပို့ လျော့ခဲ့တဲ့အတွက်ဖြစ်ပါတယ်။ တစ်ဖက်မှာ ပင်လယ်ရေကြောင်း တင်ပို့မှုနဲ့ နယ်စပ်တင်ပို့မှုကို နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းတင်ပို့မှုမှာ ကန်ဒေါ်လာ ၁၁၂၀ သန်းလျော့နည်းခဲ့ပြီး နယ်စပ်ကုန်သွယ်မှုနည်းလမ်းနဲ့ တင်ပို့မှုမှာ ကန်ဒေါ်လာ ၈၉ သန်းကျော် ပိုမိုခဲ့တယ်လို့သိရပါတယ်။ အုပ်စုအလိုက် ကြည့်မယ်ဆိုရင်လည်း လယ်ယာထွက်ကုန်အုပ်စု၊ သတ္တုတွင်းထွက်အုပ်စုနဲ့ စက်မှုကုန်ချောအုပ်စုတို့ ယမန်နှစ်ကာလတူထက် လျော့နည်းတင်ပို့ခဲ့ပါတယ်။

သွင်းကုန်ပိုင်းကိုကြည့်လျှင် ယမန်နှစ် ကာလတူထက် ကန်ဒေါ်လာ ၁၉၂ သန်းကျော် ပိုမိုတင်သွင်း နိုင်ခဲ့ပါတယ်။ ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုအုပ်စုတွင် သင်္ဘောနှင့် သင်္ဘောအပိုပစ္စည်းများ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ တွင်းထွက်သတ္တုမှအပ ဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အုပ်စုတွင် သံနဲ့ သံမဏိပစ္စည်းများ၊ အခြားစက္ကူများ၊ လုပ်ငန်းသုံးသီးနှံဆီများ၊ သုတ်ဆေးပေါလစ်များ၊ သတင်းစာစက္ကူများမှာ ကာလတူထက် ပိုမိုတင်သွင်းနိုင်ခဲ့တဲ့အတွက်လို့ သိရပါတယ်။ **MIRT**

# ITC ကတ်နဲ့ ကုန်သွယ်မှုကျပ်သန်း ငါးထောင်နီးပါး ဆောင်ရွက်နိုင်

တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ( Individual Trading Card -ITC ) နဲ့ ကုန်သွယ်မှုဆောင်ရွက်ခြင်းကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ယခုဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ဧပြီလမှ ဒီဇင်ဘာ ၁၈ ရက်ထိ ကုန်သွယ်ရေးစခန်းများမှာ ITC နဲ့ ပို့ကုန်ဆောင်ရွက်မှုကျပ်သန်း ၂၀၆၅၊ သွင်းကုန်ကျပ်သန်း ၂၅၆၄ စုစုပေါင်းကုန်သွယ်မှုကျပ်သန်း ၄၆၂၉ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စတင်ဆောင်ရွက်တဲ့ ၂၀၁၂-၂၀၁၃ နိုဝင်ဘာ ၂၁ ရက်မှ ယခုဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ဒီဇင်ဘာလ ၁၈ ရက်ထိ ITC ကတ်၉၈၉ ခုထုတ်ပေးထားပါတယ်။ ကုန်သွယ်မှုပမာဏအနေ နဲ့ ကျပ်သန်း ၂၁၃၉၅ ဒသမ ၉၇၀ ဖိုး ဆောင်ရွက်ထားပြီးဖြစ်တယ်လို့သိရပါတယ်။

ယခုဘဏ္ဍာနှစ်အတွင်း ITC နဲ့ ပို့ကုန်အများဆုံးဆောင်ရွက်တဲ့ကုန်သွယ်ရေးစခန်းတွေကတော့ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ တမူးနဲ့ ရိဒ်တို့ဖြစ်ပြီး သွင်းကုန် အများဆုံးဆောင်ရွက်တဲ့ စခန်းတွေကတော့ ကန်ပိုက်တီး၊ တမူး၊ ရိဒ်နဲ့ တာချီလိတ်တို့ ဖြစ်ကြပါတယ်။ ကုန်သွယ်မှုတစ်ခုလုံး ဆောင်ရွက်မှုကို ကြည့်ရင်တော့ တာချီလိတ်၊ လွယ်ဂျယ်၊ ရိဒ်နဲ့ မူဆယ်ကုန်သွယ်ရေးစခန်းတို့က ITC နဲ့ အများဆုံး ဆောင်ရွက်ထားတာတွေ့ရပါတယ်။ **MIRT**

# မူဆယ်မှ ရေထွက်ကုန်တင်ပို့မှု အနည်းငယ်လျော့ကျ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၁၉ ရက်မှ ဒီဇင်ဘာလ ၂၅ ရက် ထိကာလ အတွင်းမှာ ကန်ဒေါ်လာ ၂ ဒသမ ၅၁၄ သန်းဖိုးရှိ ရေထွက်ကုန် ၁၆၆၁ တန်ကျော် တင်ပို့ခဲ့ပြီး၊ တင်ပို့တဲ့ အမယ်တွေကတော့ ကဏန်း ၂၄၄ တန်၊ ငါးရှဉ့် ၄၄ တန်၊ ရေခဲငါးတန် ၁၉၀ ကျော်၊ ငါးလေးခြောက် ၆၉၆ တန်၊ ငါးဆားနယ် ၈၈ တန်၊ ငါးကြင်းစီဖောင်း တစ်တန်ကျော်၊ ငါးဟောက်အရှင်လေးတန်၊ ကင်းမွန်ခြောက် ၂၉၄ တန်၊ ငါးခြောက် ၁၉ တန်၊ ပုစွန်ခြောက် တန် ၇၀၊ ငါးပူတင်းရေခွံခြောက်ရှစ်တန်ခန့် နဲ့ ငါးလိပ်ခြောက် ရေခွံခြောက် နှစ်တန်ခန့်ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ကဏန်းတင်ပို့မှုပုံမှန်ရှိပြီး၊ ငါးရှဉ့်တင်ပို့မှု တန် ၂၀ ခန့် လျော့ကျခဲ့ပါတယ်။ ရေခဲငါးတင်ပို့မှုမှလည်း တန် ၁၀၀ ကျော်လျော့နည်းခဲ့တာကြောင့် ယခုတစ်ပတ် ရေထွက်ကုန်တင်ပို့မှု တန် ၁၂၀ ကျော်လျော့နည်းခဲ့ပါတယ်။

လာမယ့် ၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံ ရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်မှာဖြစ်ကြောင်း၊ ယခုလက်ရှိပြည်ပအကူအညီများ ဝင်ရောက်လာခြင်းကြောင့် ပိုမိုတင်ပို့နိုင်မှာဖြစ်ကြောင်း၊ ဥရောပသမဂ္ဂက ယူရိုသန်း ၂၀ အကူအညီနဲ့ လုပ်ငန်းတချို့ကို စတင်လုပ်ဆောင်နေပြီဖြစ်သလို အမေရိကန်နဲ့ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းတို့ကိုလည်း ရေလုပ်ငန်းကဏ္ဍမှာ အကူအညီပေးဖို့တောင်းဆိုထားတာတွေလည်းရှိတယ်။ ဒါ့ကြောင့် ၂၀၁၆ မှာ ရေထွက်ပစ္စည်းတင်ပို့မှုတွေ ပိုမိုလာနိုင်တယ်လို့မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှာ ငါးရှဉ့်ဈေးအနည်းငယ်ကျပြီး၊ ကဏန်းဈေး မပြောင်းလဲကြောင်း သိရပါတယ်။ ငါးရှဉ့်ဈေးက ယခင်တစ်ပတ်က တစ်တန်ကို ၇၀၇၀၀၀၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၆၆၆၆၀၀၀ ကျပ်သို့ ကျဆင်းလာတာဖြစ်ပြီး ကဏန်းဈေးမှာ တစ်တန်လျှင် ၈၄၁၆၇၃၄ ကျပ်နဲ့ ဈေးငြိမ်နေကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# မြဝတီ၊ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တန်ချိန် သုံးထောင်ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၄ ဒသမ ၉၅၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၅၉၄ တန်ကျော်တင်ပို့နိုင် တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၂၉၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၇၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၉၃ တန်ကျော်၊ ကဏန်း ၂၄ တန်ကျော်နဲ့ ပုစွန် ၂တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၇၃၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ တန် ၈၀၀ ကျော်၊ ကင်းမွန် ၅၉ တန်ကျော်၊ ပုစွန် ၄ တန်ကျော်၊ အခြားရေထွက်ပစ္စည်း ၁၂တန်ကျော်၊ ပင်လယ်ငါးရှဉ့် တစ်တန်ကျော်၊ ကဏန်း တစ်တန်နီးပါးနဲ့ ရေဘဝဲ ၅၁၈ ကီလိုဂရမ် တင်ပို့နိုင်တဲ့အတွက်၁၃၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၄ ဒသမ ၀၄၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၅၆၀ တန်ခန့်၊ ရေငန်ပုစွန် ၈၉ တန်ကျော်၊ကင်းမွန်(အခွံချွတ်)၁၅၅ တန်ကျော်၊ ငါးမှုန့် တန် ၆၈၀၊ အေးခဲကဏန်းပျော့ ၂၆ တန်ခန့်၊ ကဏန်းနီ ၄၂ တန်ကျော်၊ငါးအသားလွှာ ၂၄ တန်၊ ငါးခြောက် ခြောက်တန်ကျော်နဲ့ ကင်းမွန် ၁၀ တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၂၀ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်

**ခင်မြနွယ်**

# မောင်တောစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးခြောက်များတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်ထိ သီတင်းပတ်အတွင်း ဒေါ်လာ ၉၁၃၀၀ တန်ဖိုးရှိ ငါးစုံလေးခြောက် ကီလို ၈၀၀၀၀၊ ငါးကုန်းညှိ ခြောက် ၅၀၀၀၀ ကီလို၊ ငါးနီတူခြောက် ၁၅၀၀၀ ကီလိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုမရှိတဲ့ ငါးခြောက်များ ယခုသီတင်းပတ်မှ တင်ပို့နိုင်တယ်လို့သိရပါတယ်။

ပွင့်လင်းရာသီဖြစ်သဖြင့် အခုဆိုရင် သံတွဲ၊ စစ်တွေဖက်က ငါးခြောက်တွေ တော်တော်များများ ဝင်လာပြီဖြစ်ပါတယ်။ ငါးခြောက်မျိုးစုံက မောင်တောနယ်စပ်ကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့ရတဲ့ ရေထွက် ပစ္စည်းအုပ်စုထဲမှာ ပမာဏများများ တင်ပို့တဲ့ ပို့ကုန်တစ်ခုဖြစ်တယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

# ကျန်စစ်သားတစ်ယောက်ရှုမှန်း သိကြစေသတည်း

၁၉၈၈ ခုနှစ် နောက်ပိုင်းလောက်က ဖြစ်ပါတယ်။ အုပ်ချုပ်မှုစနစ်သစ်နှင့်အတူ မြို့များကို မြို့အင်္ဂါရပ်နဲ့ညီအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ပြည်သူလူထုနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ကျန်းမာရေး၊ သန့်ရှင်းရေး၊ လူမှုရေး၊ ပညာရေး၊ ဆက်သွယ်ရေးတွေ ကဏ္ဍအလိုက် ထူးခြားတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပေမယ့် မျက်စိရှေ့မှာ တိုးတက်လာတာလည်းရှိသလို အချို့ကလည်း အရင်ကအတိုင်း၊ နဂိုအတိုင်း။

ဒါပေမယ့် မြို့တော်တော်များများမှာ အစည်ကားဆုံး Main Road လမ်းမတော်၊ ဗဟိုချက်မ၊ မြို့ကျက်သရေဆောင် နေရာတွေ မြို့တိုင်းမှာရှိကြတယ်။ အဲဒီနေရာတွေမှာ ဘယ်သူကဘယ်လို ညွှန်ကြားလိုက်တယ် မသိရ၊ နာရီစင်ဖြစ်မြောက်ရေးကော်မတီတွေ ဖွဲ့စည်းပြီး နာရီစင်တွေ တည်ဆောက်ခဲ့ကြတယ်။

မရှိသေးတဲ့ မြို့ကြီးတွေမှာလည်း နာရီစင်နဲ့ မြို့အလတ်ကလေးတွေမှာလည်း နာရီစင်နဲ့၊ ရွာသာသာ တောကြိုအုံကြားက မြို့ပေါက်စကလေးမှာတော့ အခြားဟာတွေမရှိချင်နေရမယ်။ နာရီစင်ကတော့ လမ်းဆုံလမ်းခွမှာ မားမားမတ်မတ်။

မြို့သူမြို့သားတွေကလည်း မြို့တစ်မြို့ရဲ့ အင်္ဂါရပ်ဖြစ်တဲ့ နာရီစင်ဖြစ်မြောက်ရေးအတွက် အလှူငွေများ ဝိုင်းဝန်းကောက်ခံထည့်သွင်းပြီး အားကျမခံနာရီစင်တစ်ခုတည်ဆောက်ခဲ့ကြတယ်။ ပထမဆုံးတည်ဆောက်ပြီး၊ နာရီများတပ်ဆင်ပြီးလို့ ဖွင့်လှစ်ပွဲများကိုလည်း ဖဲကြိုးတွေဖြတ်၊ ပူဖောင်းတွေလွှတ်၊ လက်ခုပ်တွေတီးပြီး ဖွင့်လှစ်ခဲ့ကြတယ်။ နာရီစင်တစ်ခုမှာ လေးဘက်လေးတန်က လူအများအဝေးက မြင်နိုင်ပါသည်ဖြစ်အောင် နာရီမျက်နှာကလည်း လေးဘက်ရှိရတာကိုး၊ နာရီအသစ်တွေတုန်းကတော့ လည်ပါရဲ့၊ သွားပါရဲ့၊ အချို့အော်ဂင်သံ ဒင်ဒင်နဲ့ ထိုးနာရီအသံပေးတာတွေတောင် တပ်ကြသေးတယ်။

ဒါပေမယ့် နာရီစင်နာရီတွေမှာလည်း ဘာသားနဲ့ထုထားတာမှတ်လို့ စက်ပစ္စည်းတွေပါဆို၊ အချိန်တန် တော့ ပျက်တာပေါ့၊ အချို့ကားရပ်လျက်၊ အချို့ကား လက်တံပြုတ်လျက်၊ အချို့ကားတုံဏှိဘာဝေ၊ အချို့ကားဟောင်းလောင်း ပေါက်လျက်၊ အချို့ကား မသွားချင်သွားချင် အချိန်မှန်ကန်မှုမရှိ၊ နာရီမျက်နှာလေးဘက်က အချိန်လေးမျိုးပြလျက်၊ ဒါပေမဲ့ နာရီစင်ကြီးကတော့ လမ်းလည်ခေါင်မှာ ကျွန်မြွေမပျက်။

လူတွေရဲ့ နှုတ်ဖျားမှာတော့ နာရီစင်နားမှာ တွေ့မယ်။ နာရီစင်ကို ကျော်လိုက်ရင်ရောက်ပြီ စသည်ဖြင့် လမ်းညွှန်အသုံးတော့ ဝင်ပါသေးတယ်။ ဒါပေမယ့်သူ့ရဲ့အဓိက တာဝန်ကမြို့နေလူထုကို အချိန်မှန်လို့ ပြတာတို့ အချိန်မှန်ကို အော်ပြောတာတို့ကျတော့ သူ့ခဗျာမတတ်နိုင်ပြန်ဘူး၊ စတင်တပ်ဆင်သူများမှလည်း အခြားစိတ်ဝင်စားစရာတွေကလည်း စက္ကန့်၊ မိနစ်နဲ့အမျှ ပေါ်ထွန်းနေတာကများ။

ဒါပေမဲ့ မြို့ကငှက်တွေခိုတွေအတွက်တော့ မြို့လူထုက သူတို့အတွက် မင်္ဂလာလက်ဖွဲ့ပေးသလိုပဲ၊ ဖွင့်ကာစတော့ နာရီ လေးလုံးရဲ့ စက္ကန့်သံတစ်ချက်ချက်နဲ့ ဆယ့်ငါးမိနစ် နာရီဝက်၊ တစ်နာရီတစ်ခါ အော်ဂင်သံနဲ့ ဒင်ဒင်ဆိုတဲ့ နာရီထိုးသံကြောင့် ခိုမိသားစုခမျာ အထိတ်တလန့်ဖြစ်ကြသေးတယ်၊ ဒါပေမဲ့ သိပ်မကြာပါဘူး။ ဘာသံမှ အနှောင့်အယှက်မပေးတော့ဘူး၊ ငြိမ်လို့၊ သက်လို့၊ ကနုတ်ပန်းတွေ၊ အပြောက်အမွှန်းတွေ၊ ပန်းတမော့လက်ရာမွန် တွေနဲ့ မြို့လည်ခေါင်က ခိုအိမ်ကြီး၊ လမ်းလည်ခေါင်မှာ မားမားရပ်လို့။

မြို့လယ် နာရီစင်လို့ပဲ ဆက်ခေါ်ရမလား၊ နောင်တစ်ချိန်မှာ မြို့လယ် ခိုအိမ် ရယ်လို့များ နှောင်းလူတွေ ပြောင်းပစ်လိုက်မလား၊ မဆီမဆိုင် စိတ်ပူမိသေးတယ်။

ခုလည်းသိပ်မကြာခင် အုပ်ချုပ်ရေးပိုင်းအဆင့်ဆင့် အပါအဝင် ထိပ်ဆုံးက အစိုးရအဖွဲ့ကစပြီး အပြောင်းအလဲဖြစ်တော့မယ်၊ မြို့အင်္ဂါရပ်၊ ခရိုင်တိုင်းနဲ့ ပြည်နယ်အင်္ဂါရပ်တွေနဲ့ ဆီလျော်ညီညွတ်ခန့်ညားအောင် ဘာတွေလုပ်ကြဦးမလဲ၊ ကျောက်ရုပ်တွေ၊ ကြေးရုပ်တွေများ လမ်းဆုံလမ်းခွတွေမှာ ထွက်ပေါ်လာဦးမလား။

မျှော်လင့်တာကတော့ ဆရာဝန်၊ ဆရာမ၊ ပစ္စည်းကိရိယာအပြည့်အစုံနဲ့ ပြည်သူ့ကျန်းမာရေးဆေးရုံတွေ၊ ကျောင်းဆရာမသင်ကြားမှုကိရိယာအစုံအလင်နဲ့ အတတ်ပညာသင်ကျောင်းတွေ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းတွေ၊ အခမဲ့စာဖတ်ခန်းတွေ၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကိုပဲ အာမခံချက်နဲ့ ရောင်းပါသည်ဆိုတဲ့ စားသောက်ဆိုင်တွေ၊ သစ်ပင်ပန်းမန်စုံလင်လှတဲ့ လမ်းဆုံလမ်းခွက အနားယူအပန်းဖြေ ဥယျာဉ်ကလေးတွေ၊ ကလေးများ ကာယဖွံ့ဖြိုးဖို့ ကစားကွင်းတွေ၊ ပရဟိတလူကြီး၊ လူငယ်အချိန်မရွေး ကူညီမယ်ဆိုတဲ့ NGO အသင်းသားတောင့်တင်းတဲ့ ရုံးခန်းကလေးတွေ၊ . . . . ကျွန်တော် လိုချင်တာတွေများ သွားပြီလား။

ဒါပေမယ့် မြို့တစ်မြို့၊ နယ်တစ်နယ်မှာ ကိုယ်ဖြစ်ချင်တာတွေချည်းပဲသွားပြီး စာအုပ်ကြီးထဲကအတိုင်း၊ အထက်ရဲ့ညွှန်ကြားချက်အတိုင်းလုပ်လို့ရကြတာမဟုတ်ဘူး၊ သူ့ဒေသနဲ့သူ၊ သဘာဝတရားက ပေးထားချက်တွေရှိပြီး သားပါ၊ ထိုပေးထားချက်တွေအပေါ်မှာပဲ အစွမ်းကုန်ဆောင်ရွက်ကြရမှာပါ။ သူများနာရီစင်ဆောက်တာနဲ့ ကိုယ့်မြို့မှာလည်း နာရီစင်ဆောက်ပြီး နောက်ပိုင်းမထိန်းသိမ်းရင် နာရီစင်ကနေ ခိုအိမ်ဘဝရောက်ကြရတာပါ။ အခြားမြို့မှာ ဖြစ်နေရင် ဒီမြို့မှာလည်း ဒီအတိုင်းဖြစ်နေရမယ်ဆိုတဲ့ ပုံစံခွက်တွေထဲက ရုန်းထွက်သင့်ပါပြီ၊

ရေးနေတဲ့ဆောင်းပါးကို မြန်မြန် လက်စသတ်မှရမယ်။ အထက်ညွှန်ကြားချက်အတိုင်း အသင်းအဖွဲ့တွေ တိုးချဲ့ဖွဲ့စည်းဖို့ဆိုတာကို လိုက်နာမှရမယ်၊ မြောက်အရပ်မှာရှိတဲ့ ပြည်နယ်ကြီးတစ်ခုမှာ ဇာတိပ္ပိုလ်သီးတွေ ဈေးကောင်းသတဲ့၊ တစ်လုံးကို ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ်ရသတဲ့၊ ဈေးကွက်သတင်းအချက်အလက်ကလည်း နားစွင့်ထားရသေးတာကိုး၊ စိတ်ဝင်စားတဲ့ စိုက်ပျိုးရေးတောင်သူတွေကို ဒီနေ့အသင်းဖွဲ့ဖို့ နှိုးဆော်ခေါ်ယူထားတယ်၊ တောင်သူကုန်သည် ၅ ဦးတိတိ အစည်းအဝေးလာတက်တယ်။ ၅ ဦးလုံးကို ဗဟိုအလုပ်အမှုဆောင်ထဲထည့် ဖွဲ့ပေးလိုက်တယ်၊ အသင်းနာမည်က ဇာတိပ္ပိုလ်သီး စိုက်ပျိုးထုတ်လုပ်၊ ရောင်းဝယ်ဖောက်ကားသူများအသင်း၊ အသင်းမြေနေရာမတောင်းကြပါနဲ့၊ အလုပ်အရင်လုပ်ပြကြ၊ အသင်းရုံးနေရာမရှိလည်း ရတယ်။ ကိုယ့်အိမ်ဟာ ကိုယ့်ရုံးပဲ၊ ဇာတိပ္ပိုလ်သီးစိုက်ပျိုးရန် မြေနေရာ ဟုတ်လား ကိုယ့်ခြံဝင်းထဲ ကိုယ်စိုက်၊ စိုက်ပျိုးရေးနဲ့ သွင်းအားစု နည်းပညာ၊ ကိုယ့်မိသားစုရေချိုးတဲ့ ရေမြောင်းဘေး၊ ကိုယ့်အိမ်က ထွက်တဲ့ ကြက်ချေး၊ ဝက်ချေး၊ နွားချေး၊ ဒီလိုအရင်းအနှီးဘာမှမရှိတဲ့ သီးနှံ တစ်လုံး ၅၀၀ ကျပ်-၁၀၀၀ ကျပ် ဈေးပေါက်တာ၊ မကြာခင်အသင်းပိုင်ကား၊ မြေနေရာ၊ အဆောက်အဦးရုံးခန်း၊ ကိုယ်ပိုင်ဝယ်နိုင်တော့မယ်၊ ပေါက်ဈေးနဲ့ ဈေးနှုန်းကတော့ ဟုတ်ပါပြီ၊ အရောင်းအဝယ်၊ အနုတ်အသိမ်းနဲ့ ဖြန့်းအားဘယ်လိုလဲဆရာ၊ သုံးနှစ်အတွင်း နှစ်လုံးလောက်တော့ ကုန်တယ်ဆိုသလားလို့။

ဒါပေမဲ့ အသင်းတစ်သင်းကတော့ ဖွဲ့စည်းနိုင်ခဲ့ပြီလေ၊ ဒါဟာ တိုးတက်မှုပေါ့။

**ကျန်စစ်သား**

## ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေး လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးမည့် Port EDI System ကို Hitachi Solution က ရေးဆွဲပေးမည်

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေး၊ ကုန်စည်ဖြန့်ဖြူးရေး၊ အဆင်ပြေချောမွေ့စေရေးနှင့် ဆိပ်ကမ်းအုပ်ချုပ်ရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးမည့် Port EDI System ကို Hitachi Solution ကရေးဆွဲပေးမည်ဖြစ်ကြောင်း ဟီတာချီ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအထောက်အကူပြုလုပ်ငန်းသည် ဂျပန်နိုင်ငံက အစိုးရနှင့် ပုဂ္ဂလိကတစ်သားတည်းပူးပေါင်းဆောင်ရွက်နေသည့် နယ်ပယ်တစ်ခုဖြစ်ကြောင်း သိရသည်။

Hitachi Solution သည် Port EDI System ကို မြန်မာနိုင်ငံ၏ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် စတင်ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းများ စီမံခန့်ခွဲမှုလုပ်ငန်းများကို မြန်ဆန်လာစေရန်အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းအား ကမ္ဘာ့ကိုယ်စားပြု ဂိတ်ပေါက်တစ်ပေါက်အဖြစ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ အဆိုပါစနစ်ကို အကောင်အထည်ဖော်ပေးခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါစနစ်ကို ဖော်ထုတ်ပြီးပါကလည်း ယင်းစနစ်ကို အဆင်ပြေစွာ အသုံးချနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များတွင်လည်း အထောက်အပံ့များပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ နိုင်ငံတကာဆက်ဆံရေးနှင့် လူသားအရင်းအမြစ်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးငြိမ်းအေးက "ဒီစီမံကိန်း ကို တာဝန်ယူရတဲ့ Hitachi Solution ဟာ ကျယ်ပြန့်လှတဲ့နယ်ပယ်အမျိုးမျိုးမှာ နောက်ဆုံးပေါ် နည်းပညာကြွယ်ဝလှတဲ့ အတွေ့အကြုံနဲ့ အောင်မြင်မှုများကို ပိုင်ဆိုင်ထားပါတယ်။ ဒီ Port System ရေးဆွဲမှုဟာ မြန်မာနိုင်ငံရှိ ဆိပ်ကမ်းလုပ်ငန်းများရဲ့အခြေခံအုတ်မြစ် ခိုင်မာလာစေဖို့အတွက် စတင်တာဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့ဆိပ်ကမ်းတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြီးကြီးမားမား အထောက်အကူပြုမယ့်အရာဖြစ်မယ်လို့ ထင်မိပါတယ်"ဟု ပြောကြားခဲ့သည်။

Hitachi Solution သည် တစ်ကမ္ဘာလုံးတွင် Solution Innovation လုပ်ငန်းများကိုချဲ့ထွင်လုပ်ဆောင်လျက်ရှိနေပြီး မြန်မာနိုင်ငံအပါအဝင်ဖွံ့ဖြိုးဆဲနိုင်ငံများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် IT Solution များဖြင့်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းတွင် တစ်နှစ်လျှင် နိုင်ငံခြားသင်္ဘောစင်းရေ ၁၅၀၀ ကျော် ဝင်ရောက်ဆိုက်ကပ်လျက်ရှိပြီး နိုင်ငံခြားနှင့်ကုန်သွယ်သည့် ကုန်တန်ချိန်ပေါင်း ၁၂ သန်းကျော်ရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံး၏ ကုန်သွယ်မှုပမာဏတန်ဖိုးမှာ ၂၀၂၅ ခုနှစ်တွင် ၂၀၁၀ ပြည့်နှစ်ကုန်တင်ပို့မှုတန်ဖိုး၏ ၂ ဒသမ ၃ဆရှိပြီး ကုန်တင်သွင်းမှုတန်ဖိုးသည် ၂ဒသမ ၄၆ဆအထိ ရှိလာနိုင်သည်ဟုခန့်မှန်းထား သည်။

ထိုသို့ ကုန်တင်သွင်း/တင်ပို့မှုများပိုမိုများပြားလာနိုင်သော်လည်း ရန်ကုန်ဆိပ်ကမ်း၏ ကုန်တင်ကုန်ချနှင့်ဆိုင်သည့် အမျိုးမျိုးသောလုပ်ငန်းဆောင်တာများမှာ ယနေ့အချိန်အထိ စာရွက်စာတမ်းများဖြင့် လျှောက်ထားသည့် နည်းလမ်းများကိုသာ အသုံးပြုလျက်ရှိနေသဖြင့် ဆိပ်ကမ်းစီမံခန့်ခွဲမှုတွင် ထိရောက်မြန်ဆန်မှုဖြစ်အောင် လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Vol: 16, No.1 Monday January 4 2016



# အစားထိုးနည်းပညာများနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး

ညီညီအောင်

> လုပ်ငန်းအမျိုးအစားနှစ်ခုကို ပေါင်းစပ်၍ လုပ်ကိုင်ကြရသဖြင့် လုပ်ငန်းတစ်ခု၏ အားနည်းချက် အားသာချက်တို့ကို ချက်ချင်းပြင်ဆင်ဖြည့်စွမ်းနိုင်သည်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးမှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခန်းကဏ္ဍတွင် အရေးပါဆုံးသောအခန်းကဏ္ဍဖြစ်သည်။ အချို့သော လုပ်ငန်းရှင်များက ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးမှာကုန်သွယ်ရေးဌာန၏အလုပ်ဟုပြောကြသည်။ အချို့သောလုပ်ငန်းရှင်များက ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးမှာ အကောက်ခွန်ဌာန၏ အလုပ်ဟုပြောဆိုကြသည်။ အမှန်မှာ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်ရေး၊ အကောက်ခွန်နှင့် ပို့ဆောင်ရေးအခန်းကဏ္ဍတို့တွင်သာ တာဝန်ရှိသည်မဟုတ်ပါ။ စားသုံးသူများ၊ သုံးစွဲသူများက ပို၍ပင်တာဝန်ရှိသည် ထင်မြင်မိပါသည်။

မကြာသေးမီကသွားရောက်ခဲ့သော ဖွံ့ဖြိုးပြီးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဩစတေးလျနိုင်ငံအား အတုယူတင်ပြလိုသည်။ ရန်ကုန်လေဆိပ်မှ ဩစတေးလျနိုင်ငံ မြို့တော်ကင်ဘာရာသို့ အသွားခရီးတွင် ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှတစ်ဆင့် ဆစ်ဒနီလေဆိပ်သို့ ရှစ်နာရီခွဲကြာ တစ်မေ့တစ်မောကြီး ထိုင်၍စီးလာခဲ့ကြသည်။ ဆစ်ဒနီမြို့သို့ နောက် တစ်နေ့ နံနက်၆နာရီခန့်တွင် ရောက်သည်။ ရန်ကုန်မြို့နှင့် အချိန်လေးနာရီခွဲစောသည်။ ဆစ်ဒနီမှတစ်ဆင့် မြို့တော်ကင်ဘာရာသို့ပြည်တွင်းလေယာဉ်(Virgin Australia Line)ဖြင့်ခရီးဆက်ခဲ့သည်။ မြို့တော် ကင်ဘာရာသို့ နေ့လယ်၁၂နာရီခန့်တွင်ရောက်သည်။ ကင်ဘာရာလေဆိပ်အတွင်း ရေဆာလာသဖြင့် ရေသန့်၊ အအေးရောင်းသည့်ဆိုင်များ ရှာကြည့်သည်။ ဆိုက်ရောက်သည့် လမ်းကော်ရစ်ဒါတစ်လျှောက် မတွေ့ရပေ။ တစ်နေရာတွင် ရေသန့်၊ အအေးများထည့်ထားသည့် နံရံကပ်ဘီဒိုကြီးတစ်လုံးကိုတွေ့လိုက်ရသည်။

Computerized Numberကလေးများဖြစ်သော A1,B1,C1 စသည်ဖြင့် အအေးဗူးကလေးများကို နာမည်ပေးထားပြီးတန်ဖိုးကိုပါ ပူးတွဲဖော်ပြထားသည်။ ဥပမာ CokeA1AUD1.00ဟုရေးထားသည်။ မိမိကအကြွေစေ့ထည့်လိုက်ရုံပင်။ အောက်ခြေအခန်းထဲမှာအအေးဗူးကလေးကျလာသည်။ မိမိတို့တည်းခိုသော Crown de Plaza ဟိုတယ်၏ ဧည့်ကြိုကောင်တာအဖွဲ့ဝင်တစ်ဦးမှာ မြန်မာနိုင်ငံ၊ မွန်ပြည်နယ်မှ လာရောက်အခြေချလုပ်ကိုင်သူတစ်ဦး ဖြစ်နေသည်ကို တွေ့ရသည်။ သူ၏ကူညီပံ့ပိုးကူညီမှုဖြင့် ကံကောင်းထောက်မစွာ ကင်ဘာရာမြို့တစ်ခွင် လည်ပတ်လေ့လာခွင့်ရခဲ့၏။ မြန်မာအချင်းချင်းဖြစ်သဖြင့် နှိုက်နှိုက်ချွတ်ချွတ်မေးခွင့်ရသည်မှာ တစ်ပမ်းသာသည်ဟုဆိုရမည်ဖြစ်သည်။

ရှေးဦးစွာ မိမိတို့အဖွဲ့အား အမျိုးသားပြတိုက်သို့လိုက်ပို့သည်။ အမျိုးသားပြတိုက်အဝင် လမ်းကလေးကား အလွန်သာယာလှသည်။ နွေဦးရာသီမို့ သစ်ရွက်ခြောက်တို့က တစ်ဖြုတ်ဖြုတ်ကြွေ လျက်ရှိသည်။ ကားပါကင်ရောက်တော့ ပါကင်ကြေးကောက်တဲ့ ကလေးတွေလာလိမ့်မည်ဟု အောက်မေ့ထားသည်။ ယခုမူထိုသို့ မဟုတ်ချေ။ ကားကိုလွတ်သည့်ပါကင်နေရာတွင်ထိုးပြီးမိမိရပ်နားမည့်အချိန်ကို ခန့်မှန်းရသည်။ ဆိုင်းဘုတ်တွင်လည်း ၁၅မိနစ်ကို ဘယ်လောက်၊ နာရီဝက်ကိုဘယ်လောက်၊ တစ်နာရီကို ဘယ်လောက်၊ တစ်ညလုံးဆိုရင်ဘယ်လောက် စသည်ဖြင့် သတ်မှတ်ထားသည်။ မိမိက ၁၅ မိနစ်နှင့်လောက်မည်ဆိုလျှင် ၁၅ မိနစ်စာ ပါကင်ကြေးပေးသွင်းပြီး လက်မှတ်ဝယ်ရုံပင်။ ဈေးမကြီးသည့်အတွက် အကြွေစေ့ဆောင်ထားလျှင်အဆင်ပြေသည်။

စက်မှရရှိသောဖြတ်ပိုင်းကိုကားဒက်ရှ်ဘုတ်ပေါ်တွင်မြင်သာအောင်တင်ထားရသည်။ ထိုကားပါကင်နေရာတွင်လည်း မသန်စွမ်းသူများအတွက် WheelChair များထားရန်ပါကင်နေရာများကိုထားပေးသည်။ ပါကင်ကြေးမှာ ပိုပေးစရာမလိုသလိုခန့်မှန်းချိန်ထက်စောထွက်ပါကလည်း ပြန်အမ်းလေ့မရှိပါ။ ခွင့်ပြုချိန်ထက်ပို၍ရပ်နားပါက Parking Inspector နှင့် တွေ့ရမည်မှာ အမှန်ပင်။ Parking Inspector မှာ ကျိုးကြောင်းပြည့်နှိုင်း၍မရဟုသိရသည်။ မိမိ ကားနံပါတ်၊ ယာဉ်မှတ်ပုံတင်အမှတ်အပြည့်အစုံကို ဖော်ပြထားသော ဒဏ်ကြေးငွေအဝါရောင်စာအိတ်ကလေးတစ်လုံး ပေးလိမ့်မည်ဖြစ်သည်။ ပြီးနောက် ပြေစာမှာပါရှိသော အစိုးရဌာနအခွန်ရုံးသို့သွားရောက်၍ အခွန်ဆောင်ရမည်ဖြစ်သည်။ လူအလာနည်းသောနေရာများတွင် လေးနာရီအထိပေးသော်လည်း လူကျသောနေရာများတွင် အနည်းဆုံး ၁၅မိနစ်နှင့်အများဆုံး ၃၀မိနစ်သာရပ်ခွင့်ပေး၏။လူနည်းသော (ဝါ) ငွေချေစက်တပ်ဆင်ထားမှုမရှိသော နေရာများတွင် ၂ နာရီအထိအခမဲ့ရပ်ခွင့်ပြု (2 Hours Parking Free) ထားသည်။ ထိုကဲ့သို့ စနစ်တကျဆောင်ရွက်တတ်စေခြင်း၊ စည်းကမ်းရှိခြင်းတို့ကကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို များစွာအထောက်အကူပြုပေသည်။

ဆက်လက်၍မြို့တော်ကင်ဘာရာတွင် ဆွေးနွေးပွဲများအပြီး ဘရစ်စဘိန်းသို့ ဆက်လက်ခရီးထွက်ခဲ့ကြသည်။ ဘရစ်စဘိန်းမြို့တွင် King Georgeလမ်းမှာ လူအစည်ကားဆုံးဖြစ်ပြီး ညဈေးများဖြင့် စည်ကားလှသည်။ Shopping Mall တစ်ခုတွင် အိမ်အတွက် ကော်ဖီမှုန့်ဘူးကလေးများဝယ်သည်။ ပြီးတော့ ငွေရှင်းရန်ကောင်တာသို့သွားသည် ကောင်တာတွင် လူရိပ်လူရောင်မတွေ့ရဘဲ ဘားကုတ်စစ်ငွေလက်ခံဖြတ်ပိုင်းထုတ်သည့် စက်လေးများကိုသာ တွေ့ရသည်။ ထမင်းစားများသွားကြလေသလားဟုထင်မိသည်။ ထိုစဉ် ဒေသခံ ဩစတေးလျလူမျိုးတစ်ဦး ရောက်လာသည်။ သူဝယ်ယူလာသည့် ကုန်ပစ္စည်းပေါ်ရှိ ဘားကုတ်အမှတ်အသားကလေးများ (Bar Code) နှင့်တွဲလျက် ဈေးနှုန်းအမှတ်အသားကလေးကိုစက်မှာ တပ်ဆင်ထားသောBar Code Reader(Scanner)ပေါ်တွင်တင်လိုက်သည်။ စက်ပေါ်ကဒိုင်ကွက်ပေါ်မှာ ငွေပေးချေတဲ့ အကွက်ကလေးတွေရှိသည်။ မိမိဝယ်ယူတဲ့ ပစ္စည်းကလေးတွေကို တစ်ခုပြီးတစ်ခုပြပြီးအကွက်ကလေးတွေကိုရွှေ့ပေးရပါသည်။ ၁၀မျိုးဝယ်ရင်၁၀ ကွက်ရွှေ့ပေးရသည်။ ပြီးလျှင်စက်က ဘယ်လိုပေးချေမလဲဟုမေးပါသည်။အများစုကတော့ Credit Card ဖြင့်ပေးချေကြသည်။ မိမိတွင်လည်း မြန်မာ့ရှေ့ဆောင်ဘဏ်မှာလုပ်ထားသော Visa Card ပါလာ၍ တော်သေးသည်ဟုဆိုရမည်။ ငွေပေးချေသည့် အကွက်ကိုနှိပ်ပြီး Screen အပေါ်မှာ ခရက် ဒစ်ကတ်ထည့်ဖို့ လမ်းညွှန်ချက်ပေါ်လာမည်။ ခရက်ဒစ်ကတ်မှ ကျသင့်ငွေကို စက်မှထုတ်ယူလိုက်သည်။ ပြီးလျှင်ပြေစာ Receipt လိုသလား၊ မလိုဘူးလား စက်ကမေးသည်။ လိုသည်ဟုဖြေလျှင် လက်ခံဖြတ်ပိုင်းကလေးတစ်စောင် ထွက်လာသည်။ ချိတ်ထားသော စက္ကူလက်ဆွဲအိတ်ကိုယူကာဝယ်ထားသော ပစ္စည်းများထည့်ရုံပင်ဖြစ်သည်။

စားသုံးသူကိုယ်တိုင်လုပ်ကိုင်ရသည့်အတွက် လုပ်ငန်းမြန်ဆန်သည်။ တိကျသည်။ အမှားအယွင်းနည်းသည်။ အချိန်ကုန်သက်သာသည်။ ကုန်ပစ္စည်းလျင်မြန်ချောမွေ့စွာထုတ်ယူနိုင်သည်။ ဝယ်ယူသူများက ပျော်ရွှင်ကြသည်။ ဩစတေးလျနိုင်ငံသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် အဓိကကျသည့်ဌာနကြီးများကို ပူးပေါင်းဖွဲ့စည်းထားသည်။ တစ်ချိန်က ဩစတေးလျနိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေးမှာ သူ့ဌာနနှင့်သူ တသီးတခြားနေလာခဲ့သလို အကောက်ခွန်ဌာနမှာလည်း သူ့ထီး၊ သူ့နန်း၊ သူ့ကြငှန်းနှင့် ပူးပေါင်းတာဝန်ယူ၊ ခရီးသွားပြည်သူများနှင့်ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင်များမှာ နှစ်နေရာသွားကြရပြီး အချိန်ကုန် လူပင်ပန်း ဖြစ်ကြရလေသည်။ သို့ဖြစ်၍ ယခုအခါ အကောက်ခွန်ဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနကိုပူးပေါင်း၍ Department of Immigration and Border Protection ဟူ၍ ပေါင်းဖွဲ့စည်းလိုက်သည်။ ကုန်ပစ္စည်းများကိုစစ်ကြရသလို ခရီးသည်အဝင်အထွက်ကိုပါ စစ်ဆေးကြရသည်။

အရာရှိတစ်ဦးမှာ အကောက်ခွန်လုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်သလို လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းကိုပါ တတ်ကျွမ်းနားလည်သည်။ နိုင်ငံတော်အစိုးရသည်လည်း ဝန်ထမ်းလုပ်ခလစာပါ သက်သာသွားသည်ဟုသိရသည်။ လုပ်ငန်းအမျိုးအစားနှစ်ခုကို ပေါင်းစပ်၍လုပ်ကိုင်ကြရသဖြင့် လုပ်ငန်းတစ်ခု၏ အားနည်းချက်အားသာချက်တို့ကို ချက်ချင်းပြင်ဆင်ဖြည့်စွမ်းနိုင်သည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ပြည်တွင်းပြည်ပ အသိပညာရှင် အတတ်ပညာရှင်များဖြင့် ဖိတ်ခေါ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ အစည်းအဝေးပေါင်းများစွာထိုင်လျက် ရလဒ်ကောင်းများလည်း အထိုက်အလျောက်ရရှိထားပြီးဖြစ်သည်။ သို့သော် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးပန်းတိုင်သို့ ရောက်ရှိရန် လိုသေးသည်ဟု ဆိုရမည်။ အကောက်ခွန်ဌာနသည် ကုန်သွယ်ရေးဌာန၏ လုပ်ငန်းဆောင်တာများကို နားလည်ရန် လိုအပ်သလိုကုန်သွယ်ရေးဌာနသည်လည်း အကောက်ခွန်ဌာန၏ လုပ်ငန်းဆောင်တာများကိုသိရှိရန် လိုအပ်သည်။ ဌာနအလိုက် သီးခြားစွာရပ်တည်မနေဘဲနီးကပ်စွာ၊ ပူးပေါင်းဆောင်ရွက်ပါက ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဟူသော ပန်းတိုင်ကို လျင်မြန်စွာ ရောက်ရှိနိုင်မည်ဟု သုံးသပ်မိသည်။

# နိုင်ငံတကာ ကုန်သွယ်မှုခေတ် တက်လှမ်းရအောင်

(ယခင်တစ်ပတ်မှအဆက်)

မျိုးသူ (ကုန်သွယ်/မြှင့်)

**စာချုပ်စာတမ်း**

ကျွန်တော်တို့နိုင်ငံသည် ၂၀၁၆ စတင်သည်နှင့် ASEAN စီးပွားရေးအသိုက်အဝန်းမှ AFTA (Free Trade Area ) သို့ စတင်ဝင်ရောက်ဆောင်ရွက်မည်ဖြစ်ပြီး Tariff ခေါ် အကောက်ခွန်ကို သုညရာခိုင်နှုန်း အဆင့်ထိလျှော့ချသွားမည် ဖြစ်သဖြင့် ကုန်သည်များအနေဖြင့် မိမိတို့၏ နိုင်ငံတကာ ကုန်သွယ်မှု ဆောင်ရွက်ရာတွင် အစိုးရ၏ အရေးပါသော အခန်းကဏ္ဍကို လျစ်လျူမရှုသင့်ကြောင်း တင်ပြလိုပါသည်။ အခြေခံ အကျဆုံးဖြစ်သော စာချုပ်စာတမ်းနှင့် ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အလေးအနက် ထားသင့်ပါသည်။ စာချုပ်စာတမ်း၏ အဓိပ္ပာယ်မှာ "လူပုဂ္ဂိုလ်နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ၏ ဥပဒေအရ သက်ရောက်မှုရှိသော သဘောတူညီချက်" ဖြစ်သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ အရောင်းအဝယ်တိုင်းတွင် စာချုပ်စာတမ်း ချုပ်ဆိုသင့်ပါသည်။ ချုပ်ဆိုမှသာ စာချုပ်စာတမ်း ဥပဒေအရ သက်ရောက်မှု ထိရောက်မှု ရှိပါသည်။ နောက်တစ်ချက်မှာ စာချုပ်စာတမ်းတိုင်းသည် သဘောတူညီချက်များ ဖြစ်သော်လည်း သဘောတူညီချက်တိုင်းသည် ဥပဒေဖြင့် ဆောင်ရွက်နိုင်သော စာချုပ်စာတမ်း အထောက်အထား မဟုတ်ကြောင်း သိထားရပါမည်။ အဘယ်ကြောင့် စာချုပ်စာတမ်းကိစ္စကို နိုင်ငံတကာ ကုန်သွယ်မှုအကြောင်းတွင် ထည့်ပြောရသနည်းဆိုလျှင် ကျွန်တော်တို့နိုင်ငံ၏ ကုန်သွယ်မှုသည် ယခုတိုင်အောင်အပြည်ပြည်ဆိုင်ရာနှင့် အံဝင်ခွင်ကျဖြစ်မှု အလွန်အားနည်းခြင်း၊ ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုများ အားလုံးလိုလိုသည် ယုံကြည်မှုပေါ်တွင် အခြေခံပြီး နှုတ်ကတိများဖြင့်သာ လုပ်ငန်းဆောင်ရွက်သဖြင့် လိမ်လည်မှုများ လွယ်လွယ်ဖြင့် မကြာခဏ ဖြစ်ပွားနေသည်ကို တွေ့မြင်နေရပါသည်။

**နိုင်ငံရေးဆိုင်ရာစီးပွားရေး**

နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် တရားစီရင်ရေးကဏ္ဍ သုံးခုသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိသည်ကို မြင်နိုင်ပါသည်။ တစ်ခုနှင့်တစ်ခု ပတ်သက်နေသကဲ့သို့ တစ်ခုက တစ်ခုကို လွှမ်းမိုးမှုများလည်း ရှိနေကြပါသည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေးကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်မှု အပေါ်တွင် လည်းများစွာ သက်ရောက်မှု ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား၊ အစိုးရအဖြစ် ဖွဲ့စည်း ဆောင်ရွက်ခြင်းသည် အခြေခံအားဖြင့် နိုင်ငံရေး ဆောင်ရွက်မှုပင် ဖြစ်ပါသည်။ ထိုနေရာတွင် နိုင်ငံရေးစနစ်သည် ပြည်သူပိုင်ပြုလုပ်ရေးမူဝါဒ၊ တစ်ဦးချင်းပိုင်ဆိုင်မှုရှိရေးမူဝါဒ တစ်နည်းအားဖြင့် ပုဂ္ဂလိကပိုင်ဆိုင်မှု ရှိရေးမူဝါဒ၊ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်၊ ဆိုရှယ်လစ်ဒီမိုကရက်စနစ် စသည်ဖြင့် ရှိကြပါသည်။ ဒီမိုကရေစီစနစ်သည် ပြည်သူများက ရွေးချယ်တင်မြှောက်မှုဖြင့် အစိုးရတစ်ရပ် ဖွဲ့စည်းပြီး နိုင်ငံအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သည့် နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ပုဂ္ဂလိကပိုင်ဆိုင်မှုရှိရေးဟူသော ဖွဲ့စည်းမှုဖြင့် အခြေခံ၍ ဆောင်ရွက်ကြပါသည်။ စစ်မှန်သော ဒီမိုကရေစီတွင် ပြည်သူများက အပြည့်အဝ ထောက်ခံမှု၊ ယုံကြည်မှု ရှိကြပါသည်။ စီးပွားရေးစနစ်များသည် အဆိုပါ နိုင်ငံရေးစနစ်၊ မူဝါဒများမှ မွေးဖွားလာကြ ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ သိရှိသော စီးပွားရေးစနစ်မှာ သုံးမျိုးရှိမည် ဖြစ်ပါသည်။

ပထမတစ်ခုမှာ - ဈေးကွက်စီးပွားရေးဖြစ်ပါသည်။ ဤစနစ်သည် Supply and Demand Theory ပေါ်တွင် အခြေခံပြီး နိုင်ငံတော်စီးပွားရေးတစ်ခုလုံး၏ မောင်းနှင်အားသည် ပုဂ္ဂလိက အခန်း ကဏ္ဍဖြစ်ပါသည်။ အားလုံးသော ထုတ်လုပ်မှုကဏ္ဍ အသီးသီးသည် ပုဂ္ဂလိကပိုင်များ ဖြစ်ကြပါသည်။

ဒုတိယတစ်ခုမှာ Command Economy ခေါ် အမိန့်ပေး စီးပွားရေးစနစ် ဖြစ်ပါသည်။ ယင်း စီးပွားရေး တစ်ခုလုံးသည် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ စီမံကိန်းများပေါ်တွင် မူတည်ပါသည်။ စီးပွားရေးလုပ်ငန်းကြီးများ အားလုံးသည် အစိုးရပိုင်များဖြစ်ပြီး နိုင်ငံ၏ အဓိက စီးပွားရေးမဏ္ဍိုင်မှာ အစိုးရကဏ္ဍဖြစ်ပါသည်။ ယင်းစီးပွားရေးစနစ်ကို ဗဟိုဦးစီးစနစ်ဖြင့် ဆောင်ရွက်သော စီးပွားရေးစနစ်ဟုလည်း ခေါ်ဝေါ်ပါသည်။

တတိယတစ်မျိုးမှာ ရောထွေးစီးပွားရေးစနစ် ဖြစ်ပါသည်။ ယင်းစနစ်တွင် အချို့သော စီးပွားရေးကဏ္ဍ များသည် ပုဂ္ဂလိကပိုင်ကဏ္ဍဆီသို့ ဦးတည်ဆောင်ရွက်ပြီး ဈေးကွက်အခြေပြု စီးပွားရေးစနစ်လည်း ရှိပါသည်။ သို့ရာတွင် အချို့ကဏ္ဍများတွင် နိုင်ငံတော်မှ ပိုင်ဆိုင်ပြီး အစိုးရ၏ စီမံကိန်း စနစ်များအောက်တွင် အကောင်အထည်ဖော်ကြပါသည်။ အရေးပါသော စီးပွားရေးကဏ္ဍများကို အစိုးရကသာ ချုပ်ကိုင်ထားပါသည်။ ထင်ရှားသော ဥပမာမှာ- တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင် နေသော်လည်း ယခုအချိန်တိုင်အောင် စွမ်းအင် ကဏ္ဍ၊ သတ္တုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ အချို့တို့တွင် အစိုးရမှ ပိုင်ဆိုင်မှုများ ရှိနေဆဲဖြစ်ပါသည်။

**တရားဝင်စနစ် (Legal System)**

တရားဝင်စနစ် (သို့မဟုတ်) ဥပဒေ အကျိုးသက်ရောက်မှုစနစ်သည် နိုင်ငံ၏ ဥပဒေနှင့် နည်းဥပဒေများဖြင့် နိုင်ငံစီးပွားရေးကို ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် ယင်း တရားဝင်စနစ်သည် အလွန်အရေးကြီးပါသည်။ ယင်းစနစ်သည် နိုင်ငံစီးပွားရေးစနစ်နှင့် ထဲထဲဝင်ဝင် ချိတ်ဆက်လျက်ရှိပါသည်။ စီးပွားရေးဆိုင်ရာ အခန်းအကန့်များသည် နိုင်ငံ၏ ဥပဒေများ၊ နည်းဥပဒေများနှင့် တိုက်ရိုက် ပတ်သက် ဆက်စပ်လျက် ရှိပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ဥပဒေ၊ နည်းဥပဒေများသည် အလွန်ရှေးကျပြီး ခေတ်မီ နိုင်ငံတကာစီးပွားရေး ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း မရှိတော့သဖြင့် ယခုအစိုးရ ငါးနှစ် သက်တမ်းအတွင်း ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နေရပါသည်။ လက်ရှိအထိ အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများ အဆင့်များ များပြားခြင်း၊ ရှုပ်ထွေးသော အစီအစဉ်များ ဖြစ်ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်း စတင်သူ များနှင့် နိုင်ငံခြားသား လုပ်ငန်းရှင်များအတွက် ခက်ခဲနေဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ Ranking Ease of Doing Business ကို ကြည့်လျှင် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် လေ့လာသည့်နိုင်ငံပေါင်း ၁၈၉ နိုင်ငံတွင် အဆင့် ၁၆၇ တွင်ရှိပြီး ၂၀၁၅ ထက် ၁၀ဆင့် မြင့်တက်မှုရှိခဲ့ပါသည်။

ယင်းသို့ တိုးတက်လာသည့်တိုင်အောင် အဆင့် ၁၀၀ အထက်သို့ မရောက်ရှိသေးကြောင်း တွေ့ရှိနေရပြီး အာဆီယံနိုင်ငံများအနက် စင်ကာပူသည် အဆင့်(၁)၊ မလေးရှားသည် အဆင့်(၁၈)၊ ထိုင်းသည် အဆင့် (၄၉)၊ ဘရူနိုင်းက အဆင့်(၈၄)၊ ဗီယက်နမ်က အဆင့် (၉၀)၊ ဖိလစ်ပိုင်က အဆင့် (၁၀၃)၊ အင်ဒိုနီးရှားက အဆင့် (၁၀၉)၊ ကမ္ဘောဒီးယားက အဆင့် (၁၂၇)၊ လာအိုက အဆင့် (၁၃၄)၊ မြန်မာ(၁၆၇) တို့ဖြစ်ကြပါသည်။ မြန်မာတွင် လုပ်ငန်းကိစ္စများ စတင်ရန် ခက်ခဲဆဲ ဖြစ်သည်ဆိုသည့် ဖော်ပြချက်ဖြစ်ပါသည်။

တစ်ကမ္ဘာလုံးကို ခြုံကြည့်လျှင် ဥပဒေရေးရာတွင် နိုင်ငံအလိုက် သုံးမျိုးသုံးစား ကွဲပြားကြောင်း တွေ့ရပါသည်။ ယင်းတို့မှာ Common Law ဓလေ့ထုံးတမ်းအခြေခံဥပဒေများ၊ Civil Law ခေါ် အရပ်ဘက်ဆိုင်ရာဥပဒေများနှင့် Theoretical Law ခေါ် တွေးခေါ်မှု အပေါ်အခြေခံသော သီအိုရီဥပဒေတို့ဖြစ်သည်ဟု ကြားဖူးပါသည်။

Common Law ခေါ် ဓလေ့ထုံးတမ်း အခြေခံဥပဒေသည် ရိုးရာအလေ့အထများ၊ ဓလေ့ထုံးစံများပေါ်တွင် အခြေခံတည်ဆောက်ထားပါသည်။ ယင်းဥပဒေမျိုးကို အသုံးပြုနေသော နိုင်ငံများမှာ- ဩစတြေးလျ၊ ကနေဒါ၊ အိန္ဒိယ၊အိုင်ယာလန်၊ မလေးရှား၊ အင်္ဂလန်နှင့် အမေရိကန်တို့ ပါဝင်ပါသည်။

**စာမျက်နှာ ၂၀ သို့**



## ပြောင်း

### ပြောင်းတင်ပို့မှု လျော့ကျ

ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉ ဒသမ ၅၅၃ သန်းဖိုးရှိ ပြောင်း ၄၀၃၅၂ တန်နဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၂၂၂ သန်းဖိုးရှိ ပြောင်း ၉၃၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးမှ ဒီဇင်ဘာလ ဒုတိယပတ်ကတည်းက ပြောင်းအပို့မရှိခဲ့ပါဘူး။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၄၄၄၂၉ တန်နဲ့ ချင်းရွှေဟော်မှ ၂၂၅၀ တန်တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၅၃၉၃ တန်ကျော် လျော့နည်းသွားခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၃၁၀၇၁၁ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၀၉၁၆၃ ကျပ်သို့ ပြောင်းဈေးများ ထပ်မံကျဆင်းနေခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းမှာ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကို ၈၉-၉၉ ကျပ်မှ ယခုတစ်ပတ်တွင် ၈၉-၉၁ ကျပ်သို့ အနည်းငယ်သာ ကျဆင်းခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်သို့ တစ်ရက်ကို ပြောင်းကားစီးရေ ၂၀၀ မှအစီး ၂၅၀ ခန့်အဝင်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### တိုင်းပြင်ပမှ အစေ့ထုတ်ပြောင်း (CP) များဝယ်ယူနေရ

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံ အစေ့ထုတ်ပြောင်း (CP) များ လျာထား စိုက်ဧက နှစ်သောင်းရှစ်ထောင်ကျော်မှာ ဧက နှစ်သောင်းသုံးထောင်ခန့်စိုက်ပြီးလို့ ရာခိုင်နှုန်းအားဖြင့် ၇၉ ရာခိုင်နှုန်းစိုက်ပြီးဖြစ်ပါတယ်။ ယခုအချိန်ဟာ စိုက်ပျိုးရာသီဖြစ်လို့ မုံရွာကုန်စည်ဒိုင်သို့ အစေ့ထုတ်ပြောင်း (CP) များဝင်ရောက်မှု မရှိသလောက်ဖြစ်ကာ လိုအပ်သောအစေ့ထုတ်ပြောင်းများကို မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့မှ ဝယ်ယူပြီး မုံရွာကုန်စည်ဒိုင်မှာ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် တစ်ရက်ပျမ်းမျှတင်း ၁၅၀ ခန့် အရောင်း အဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ဒီဇင်ဘာလအတွင်း အစေ့ထုတ်ပြောင်း (CP) တစ်တင်းပေါက်ဈေး အနိမ့်၊ အမြင့်မှာ ၇၉၀၀ ကျပ်၊ ၈၃၀၀ ကျပ်၊ ယခင်နှစ်ကာလတူပေါက်ဈေးမှာ ၆၇၀၀ ကျပ်၊ ၇၀၀၀ ကျပ်ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ဝဥ

### ဝဥခြောက် ပိုမိုတင်ပို့

ဝဥသည် သွေးတိုး၊ဆီးချိုနှလုံးရောဂါ၊အူမကြီးရောဂါ၊အဝလွန်ရောဂါတွေကို တိုက်ဖျက်ကာကွယ်ပေး ပါတယ်။ ယနေ့ခေတ်အချိန်အခါတွင် ပူပြင်းခြောက်သွေ့တဲ့ဒေသတွေကလွဲပြီး စိုက်ပျိုးအောင်မြင်နိုင်တယ်လို့ သိရပါတယ်။မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကနေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၁၈၂ သန်းတန်ဖိုးရှိ ဝဥခြောက် ၉၈ တန်ခွဲထိ တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်က တန် ၆၀ သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ ဝဥ ပိုမိုတင်ပို့လာတယ်လို့ ဆိုရပါမယ်။ ဒီဇင်ဘာလတစ်လလုံး မူဆယ်မှ တရုတ်ပြည်သို့ ဝဥခြောက် ၂၈၈ တန်ခွဲတင်ပို့ခဲ့ပါတယ်။မြေဆီမြေနှစ်ကောင်းလျှင် ကောင်းသလို တစ်ပိဿာမှ ၁၃ ပိဿာအထိ ထွက်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

| ၂၈-၁၂-၂၀၁၅ မှ ၁-၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 244 | 12,745,199.308 |
| 2 | Form D | 11 | 922,960.980 |
| 3 | Form E | 63 | 1,500,865.860 |
| 4 | Korea GSP | 4 | 164,990.200 |
| 5 | Form AK | 65 | 4,024,660.780 |
| 6 | Form AJ | 7 | 359,255.526 |
| 7 | Form AI | 48 | 2,685,917.640 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **442** | **22,403,850.294** |

## ရော်ဘာ

### ယူအေအီးနိုင်ငံသို့ ရော်ဘာတင်ပို့

ဒီဇင်ဘာလ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁၇၆၄၀၀ ဖိုးရှိ ရော်ဘာ MSR- 20 ၁၉၆ တန်ကို ယူအေအီးနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာလဆန်းမှ ၂၆ ရက်အထိတွင်းမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၇၉၅ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၉၀၅ တန်ကို မလေးရှား၊ ဂျပန်၊ တရုတ်၊ ပါကစ္စတန်၊ ယူအေအီးနိုင်ငံသို့ တင်ပို့ထားနိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်အတွင်း နိုင်ငံတကာရော်ဘာဈေး အတက်အကျ အနည်းငယ်သာရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့် မြန်မာ့ FOB ရော်ဘာဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ကြေညာထားပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀-၉၅၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၀၀ - ၉၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၅၀ - ၈၅၀** |
| **Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ ၆၀၀ - ၇၀၀** |

**ယဉ်ယဉ်အေး**

## ကြိုတင်သဘောတူညီချက်နဲ့အညီ တရုတ်နိုင်ငံက ထိုင်းနိုင်ငံမှ ရော်ဘာတန်ချိန်နှစ်သိန်းဝယ်ယူ

ဆိုင်နိုကင်မ်ဂရုပ် (Sinochem Group) သည် ထိုင်းရော်ဘာအာဏာပိုင် အဖွဲ့ထံမှ ရော်ဘာစိမ်းတန်ချိန်နှစ်သိန်းဝယ်ယူရန် သဘောတူလက်မှတ် ရေးထိုးလိုက်ပြီဖြစ်ပါတယ်။ ဆိုင်နိုကင်မ်ဂရုပ်သည် ၂၀၁၅ ခုနှစ်ကလည်း ရော်ဘာစိမ်းအများဆုံးမှာယူတဲ့ ကုမ္ပဏီကြီးဖြစ်ပြီး တရုတ်အစိုးရပိုင် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ရော်ဘာစိမ်းတန်ချိန်နှစ်သိန်းဝယ်ယူမယ့်အကြောင်းကို တရုတ်နဲ့ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲမှာ ဒီဇင်ဘာလ ၁၇ ရက်က ထိုင်းဝန်ကြီးချုပ်နဲ့ တရုတ်ပြည်နယ်ကောင်စစ်ဝန်တို့ တွေ့ဆုံပြီး ထုတ်ပြန်ကြေညာပါတယ်။

ထိုင်းဝန်ကြီးချုပ်က ထိုင်းနိုင်ငံတောင်ပိုင်း စီးပွားရေးဇရိယာမှာ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ကိုလည်း ဖိတ်ခေါ်ခဲ့တယ်လို့ သိရပါတယ်။ ထိုဒေသဟာ ရော်ဘာအခြေခံပြီး အခြားကောက်ပဲသီးနှံများ စိုက်ပျိုးတဲ့ နေရာတစ်ခုဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းချိန်မှာ ဆိုင်နိုကင်မ်ဂရုပ်သည် ရော်ဘာနဲ့ ဆီ အုန်းပင်များကို ဟက်တာ ၈၀၀၀၀ ကျော်မှာ စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ တရုတ်၊ ထိုင်းနဲ့ အနောက်အာဖရိကတို့မှာ ရော်ဘာစိမ်း ထုတ်လုပ်တဲ့စက်ရုံ ၂၂ ခုရှိပြီး နှစ်စဉ် တန်ချိန် ၇၀၀၀၀ ကျော် ထုတ်လုပ်နိုင်နေပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်က ရော်ဘာစိမ်း တန်ချိန် ၈၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့ရော်ဘာဈေးကွက်ရဲ့ တတိယနေရာမှာ အခိုင်အမာရပ်တည်နိုင်ခဲ့တယ်လို့ သိရပါတယ်။

**CMK**

**စာမျက်နှာ ၁၉ နိုင်ငံတကာ ကုန်သွယ်မှုဆီ . . . မှအဆက်**

မြန်မာနိုင်ငံသည်လည်း ယင်းဥပဒေကို ကျင့်သုံးသော နိုင်ငံထဲတွင် ပါဝင်ပါသည်။

Civil Law ခေါ် မြို့ပြဆိုင်ရာဥပဒေသည် ကိုဓဥပဒေများအဖြစ် စနစ်တကျ စုစည်းရေးသားဖွဲ့စည်းအကောင်အထည်ဖော်ထားမှုပေါ် အခြေခံထားသော ဥပဒေမျိုးဖြစ်ပါသည်။ ယင်းဥပဒေကို ဂျာမနီ၊ ဘရာဇီး၊ ချီလီ၊ ရုရှားနှင့် တောင် ကိုရီးယားနိုင်ငံတို့တွင် ကျင့်သုံး ကြောင်း သိရပါသည်။

Theoretical Law ခေါ် အတွေးအခေါ် အယူအဆပေါ်တွင် အခြေခံသော ဥပဒေများသည် ဘာသာရေးဆိုင်ရာ သင်ကြားမှုများပေါ်တွင် အခြေခံပြီး ပြဋ္ဌာန်းလိုက်နာ ကျင့်သုံးသော ဥပဒေမျိုး ဖြစ်ပါသည်။ ကျင့်သုံးသော နိုင်ငံများမှာ အီရန်၊ ဆော်ဒီအာရေးဘီးယား၊ ယူအေအီးတို့ဖြစ်ကြပါသည်။

သို့ဖြစ်၍ ယင်းဥပဒေများသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုစီးပွားရေးများတွင် အကျိုးသက်ရောက်မှုများစွာ ရှိပါသည်။ ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ပါလီမန် ဒီမိုကရေစီစနစ်၊ တော်လှန်ရေးကောင်စီနှင့် ဆိုရှယ်လစ်စနစ်၊ တပ်မတော်အုပ်ချုပ်သောစနစ်၊ ပါတီစုံဒီမိုကရေစီခေတ်နှင့် စနစ်များကို ဖြတ်သန်းခဲ့ရပါသည်။

သို့ဖြစ်၍ ဆိုရှယ်လစ်ခေတ်တွင်ဗဟိုဦးစီးမှုကို အခြေခံသည့် ဆိုရှယ်လစ်စီးပွားရေးကို ကျင့်သုံးခဲ့ပြီး၊ တပ်မတော်အစိုးရလက်ထက်တွင် တစ်စိတ်တစ်ပိုင်း ရောထွေးစီးပွားရေး စနစ်မျိုးကို ကျင့်သုံးခဲ့ရာမှ ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်လျက် ရှိပါသည်။ ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးတွင် ရှေ့တန်းရောက်လာပြီ ဖြစ်ပါသည်။

သို့ရာတွင် စီးပွားရေးဖော်ဆောင် နေသော လုပ်ငန်းရှင်တိုင်းသည် နိုင်ငံတကာဈေးကွက်နှင့် ထိတွေ့မှု အလွန်နည်းပါးကြပါသည်။ နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်နိုင်သည့် အဆင့်ရှိ လုပ်ငန်း ရှင်များသည်လည်း အလွန်နည်းပါးလျက် ရှိပါသည်။ သို့ဖြစ်၍ Formally and Legally Trade ကို ဆောင်ရွက်နိုင်ရေးအတွက် ကောင်းသောအလေ့အကျင့်များ၊ အစိုးရနှင့် ကုန်သည်လုပ်ငန်းရှင်များကြား အပြန်အလှန် ယုံကြည်မှုစတဲ့ အချက်များကို တည်ဆောက်ကြရပါမည်။

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးတွင် မိမိတစ်ဦးတည်း၏ အကျိုးစီးပွားကိုမကြည့်ဘဲ မိမိလုပ်ငန်း တစ်ခုလုံးတွင်ပါဝင်သော Society တစ်ခုလုံး၏ အကျိုး၊ နိုင်ငံအကျိုးများကိုပါ ထည့်သွင်းစဉ်းစားပြီး အတ္တပရ မျှတစွာဖြင့် စီးပွားရေးကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက် သင့်ပါကြောင်း တင်ပြလိုက်ရပါသည်ခင်ဗျား-

ယခင်တစ်ပတ်မှအဆက်

# စပါးခွံသုံး Gasifier ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၏ အကျိုးဆက်များ

|တင်မာကြည်|

Site Visit of ASEAN Countries' representative






## ပြည်သူတွေအပိုင်းမှ ကြိုးပမ်းမှုများ

ဖော်ပြခဲ့ပြီးတဲ့ ကျော်ဇံကျေးရွာအုပ်စုဝန်းကျင်မှာ သုတေသနကွင်းဆင်းရင်းနဲ့ မော်လမြိုင်ကျွန်းမြို့နယ်၊ လှိုင်းဘုန်းရွာမှာ ဒေသခံတို့ရဲ့ ကြိုးပမ်းမှုနဲ့ စပါးခွံသုံး Gasifier တွေကို ပြုပြင်ပြီး စနစ်တကျသုံးစွဲနေတာကို တွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ လှိုင်းဘုန်း ဒေသသုံး Gasifier တွေဟာ ကတ္တရာထွက်ရှိမှုနည်းပြီး စွန့်ပစ်ပြာထဲမှာလည်း ဘေးထွက်ဆိုးကျိုး နည်းတာကို တွေ့ရတဲ့အပြင် စွန့်ပစ်ရေကိုလည်း ပြုပြင်ပြီး ပြန်လည်သုံးစွဲတာကို တွေ့ရှိရတယ်လို့ သိရပါ တယ်။ လှိုင်းဘုန်းဒေသသုံး Gasifier တွေကို ပုံ(၃)နဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဒ့ါအပြင် REAM မှ ပညာရှင်တစ်ဦးက သဘာဝဘေးအန္တရာယ်ထိခိုက်မှု အနည်းဆုံးနဲ့ ကြာရှည်စက်လည်ပတ်နိုင်တဲ့ စပါးခွံသုံး Gasifier ကို စမ်းသပ်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်းနဲ့ နိုင်ငံအဆင့် ယုံကြည်မှုရှိအောင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနဲ့ ပူးပေါင်း ထုတ်လုပ်ရန် စီစဉ်နေကြောင်းလည်း သိရှိရပါတယ်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်ချက်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေနဲ့လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ လက်တွေ့အသုံးချနည်းတွေကို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေတယ်လို့ သိရပါတယ်။ ပို့ချနေတဲ့ သင်တန်း တွေက (၁) ကျေးလက်မီးလင်းရေးအထောက်အကူပြုရန်အတွက် ဆိုလာနည်းပညာသင်တန်း၊ (၂) လေစွမ်းအင် (Wind Energy) နည်းပညာသင်တန်း၊ (၃) ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေတဲ့ အသေးစားရေအား လျှပ်စစ် (Hydro Power) နည်းပညာသင်တန်း၊ (၄) ဇီဝဒြပ်ထု (Biomess) တစ်မျိုးဖြစ်တဲ့ တိရစ္ဆာန်အညစ်အကြေးတွေကို Digester အသုံးပြု အချဉ်ဖောက်ပြီးရရှိတဲ့ ဇီဝဓါတ်ငွေ့ (Bio Gas) နဲ့ ကျေးလက်မီးလင်းရေး ဆောင်ရွက်နိုင်တဲ့ နည်းပညာသင်တန်း၊ (၅) ဇီဝဒြပ်ထု (Biomass) တစ်မျိုးဖြစ်တဲ့ စပါးခွံကိုသုံးပြီး ဓာတ်ငွေ့ထုတ်လုပ်တဲ့စက် (Gasifier) နဲ့ Producer Gas ထုတ်ယူနည်း၊ ရရှိဓာတ်ငွေ့ကို သန့်စင်ပြီး လျှပ်စစ်ထုတ်နည်း၊ ရရှိတဲ့လျှပ်စစ်နဲ့ ကျေးလက် မီးလင်းရေးလုပ်ငန်း၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြစ်အောင် စက်လည်ပတ်နိုင်တဲ့ နည်းပညာသင်တန်းတို့ဖြစ်ပါတယ်။

ဒီသင်တန်းတွေကို ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ကမ္ဘာအေးဘုရားလမ်းရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာနမှာ ဖွင့်လှစ်သင်ကြားပေးတာဖြစ်ပါတယ်။ ရက်သတ္တတစ်ပတ်မှာ စနေနဲ့ တနင်္ဂနွေ နှစ်ရက်သင်ကြားပြီး သင်တန်းကာလက ရက်သတ္တ ငါးပတ်/၁၀ ရက်ကြာပါတယ်။ သင်တန်းတက်ရောက်ချင်သူတွေဟာ ပညာအရည်အချင်း သတ်မှတ်ချက်အရ ဆယ်တန်းအောင်မြင်သူ (သို့) THS သင်တန်းအောင်မြင်ပြီးသူဖြစ်ရပါမယ်။ သင်တန်းကြေးက တစ်ဦးကို ကျပ် ၃၀၀၀၀/- ပေးသွင်းရမှာဖြစ်ပါတယ်။ သင်တန်းမဖွင့်ခင် ရက်သတ္တ နှစ်ပတ် (သို့) သုံးပတ်အလိုမှာ သင်တန်းဖွင့်လှစ်မယ့် အကြောင်းအရာအပြည့်အစုံကို နေ့စဉ်သတင်းစာများမှာ ကြော်ငြာတယ်လို့လည်း သိရပါတယ်။ သင်တန်းတွေက တစ်ခုနဲ့တစ်ခု ရက်သတ္တ နှစ်ပတ်ခန့်သာခြားပြီး အမြဲဖွင့်လှစ်နေတယ်လို့လည်း သိရပါတယ်။ ဒီသင်တန်းတွေ တက်ရောက်နိုင်ရင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးနဲ့ အကျိုးအရှိဆုံးဖြစ်အောင် အသုံးချနိုင်မှာဖြစ်ပါတယ်။ စပါးခွံသုံး Gasifier တွေကိုလည်း စနစ်တကျကိုင်တွယ် ထိန်းသိမ်းတတ်လာမှာဖြစ်ပါတယ်။

## စက်မှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ချက်

စပါးခွံသုံး Gasifier တွေကို ကျေးလက်မီးလင်းရေးသာမက ဆန်စက်နဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေမှာ မြန်မာပြည်အနှံ့ သုံးစွဲတာမို့ စက်မှုဝန်ကြီးဌာန၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနတို့နဲ့လည်း သက်ဆိုင်ဆက်နွယ်နေပါတယ်။ စက်ရုံတွေလည်ပတ်ခွင့် စစ်ဆေးခွင့်ကလည်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနရဲ့ အခွင့်အာဏာလို့သိရပါတယ်။ ဒီနေ့ဒီချိန်အထိ စပါးခွံသုံး Gasifier တွေ အသုံးပြုနေတာက မဟာဓာတ်အားလိုင်းမရရှိသေးတဲ့ မြန်မာနိုင်ငံ အနှံ့အပြားရှိ ကျေးလက်ဒေသအများစုမှာပါ။ ဒီလိုအသုံးပြုနေတာကြောင့် အဲဒီဒေသတစ်ဝိုက်ရှိမြေထု၊ ရေထု၊ လေထုတွေ ညစ်ညမ်းနေပြီး သဘာဝ ပတ်ဝန်းကျင်တွေကိုလည်း ထိခိုက်ပျက်စီးမှု ရှိနေပါတယ်။ လူသားတို့ရဲ့ ကျန်းမာရေးနဲ့ ရေနေ သတ္တဝါ အပင်မျိုးစိတ်များ ပျက်စီးပျောက်ကွယ်မှု အန္တရာယ်များ ရင်ဆိုင်နေရပါတယ်။ ဒီဆောင်း ပါးမှာ ပညာရှင်များ သုတေသနပြုလုပ်ခဲ့ကြတဲ့ မော်လမြိုင်ကျွန်း မြို့နယ်၊ ကျော်ဇံကျေးရွာအုပ်စုရဲ့ ရေထု၊ မြေထုစတဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု အခြေအနေနဲ့ ဒေသခံကျေးရွာနေပြည်သူများ အပါအဝင် သက်ရှိသတ္တဝါများ ထိခိုက်ပျက်စီးမှု အခြေအနေကိုသာ မီးမောင်းထိုးပြနိုင်ခဲ့တာပါ။ တကယ်တော့ ဒေသတစ်ခု ပျက်ယွင်းရင် ကျန်တဲ့ ချိတ်ဆက်နေတဲ့ အရာတွေပါ ပျက်ယွင်းသွားတတ်တော့ ဂေဟစနစ်ပါ ပျက်ယွင်းသွားနိုင်ပါတယ်။ ဒီနေ့အချိန်အထိ Gasifier တွေရဲ့ အကျိုးဆက်တွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု ဆိုးကျိုးတွေရဲ့ ဒဏ်ကိုခံနေရတဲ့ ပြည်သူတွေရဲ့ တိုင်ကြားမှုတွေက မြန်မာပြည်နေရာအနှံ့ရှိ သက်ဆိုင်ဆက်နွယ်ရာ ဌာနတိုင်းကို ရောက်ရှိနေ တယ်လို့သိရပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနလက်အောက်ရှိပတ်ဝန်းကျင် ထိန်းသိမ်း ရေးဦးစီးဌာန၊ Pollution ဌာနမှ ကွင်းဆင်း စစ်ဆေးပြီး သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ နည်းကြောင်း ထောက်ခံစာပါရှိမှသာ စက်မှုကြီး ကြပ်ရေးနှင့် စစ်ဆေးရေးဌာနက စက်ရုံများကို လည်ပတ်ခွင့်ထုတ်ပေးတယ်လို့သိရပါတယ်။

## စပါးခွံသုံး Gasifier ရဲ့ အကျိုးဆက်တွေကို လျှော့ချနိုင်မယ့်နည်းလမ်းများ

ကျွန်မတို့မြန်မာနိုင်ငံမှာ နှစ်စဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်က 300 MW ခန့် ရှိတယ်လို့ သိရပါတယ်။ ဒ့ါအပြင် လူဦးရေတိုးတက်နှုန်းနဲ့ အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကလည်း နှစ်စဉ် ၁၃ ရာခိုင်နှုန်းခန့်တိုးတက်နေတယ်လို့လည်း သိရပါတယ်။ ဒီလို အခြေအနေတွေကြောင့် မြန်မာနိုင်ငံမှာ အလွယ်ကူဆုံးနဲ့ အများဆုံး ရနိုင်တဲ့ ဇီဝဒြပ်ထု အရင်းအမြစ်တစ်ခုဖြစ်တဲ့ စပါးခွံကနေ လျှပ်စစ်ထုတ်ယူသုံးစွဲခြင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များက မစွန့်လွှတ်နိုင်ကြတာပါ။ ပြည်သူလူထုအနေနဲ့လည်း အလုပ်အကိုင်အခွင့်အလမ်းအတွက် မှီခိုနေရတာကြောင့် စပါးခွံသုံး Gasifier တွေရဲ့ အကျိုးဆက်တွေကြောင့် လူနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနည်းအောင် ကြိုးပမ်းကြရာမှာ ဌာနဆိုင်ရာများက အသင်းအဖွဲ့များ၊ NGO များ၊ INGO များနဲ့ ပူးပေါင်းပြီး မိမိတို့ စွမ်းနိုင်သလောက် ကြိုးပမ်းချက်များကို ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ စပါးခွံသုံး Gasifier သုံးပြီး စက်လည်ပတ်မယ်ဆိုရင် လိုက်နာရမယ့်မူဝါဒ (Policy) ကို နိုင်ငံတော်အပိုင်းက ချမှတ်ပေးပြီး လိုက်နာမှုရှိ/မရှိ ကြီးကြပ်စစ်ဆေးမှုအပိုင်းမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနဲ့ ပြည်သူလူထုပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပါက ယခုထက်ပိုမိုပြီး စွမ်းဆောင်နိုင်မှာဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ကြပါတယ်။ Gasifier အဆင့်မြှင့်တင်ခြင်းနဲ့ စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်းများ၊ ထွက်လာတဲ့စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ရေများကို သဘာဝ ပတ်ဝန်းကျင်မထိခိုက်အောင် စွန့်ပစ်နည်းများ၊ စွန့်ပစ်ပစ္စည်းတွေကို တစ်နည်းတဖုံ အသုံးချနိုင်တဲ့ နည်းပညာများ၊ ဖြန့်ဖြူးရေးကို အခုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသုံးသပ်ကြပါတယ်။

သို့ပါ၍ စပါးခွံသုံး Gasifier တွေရဲ့ အကျိုးဆက်တွေ လျော့နည်းသည်ထက်လျော့နည်းပြီး အကျိုးကျေးဇူးများ၊ ပိုမိုခံစားနိုင်အောင် နိုင်ငံတော်မှ မူဝါဒများချမှတ်ပေးပြီး ဌာနဆိုင်ရာများ၊ ပြည်သူများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ အသင်းအဖွဲ့များ၊ NGO နဲ့ INGO များ အခုထက်ပိုမို ပူးပေါင်းဆောင်ရွက် နိုင်ပါက မြန်မာပြည်သူများရဲ့ အနာဂတ်လည်း လှပလာနိုင်မှာဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။

Sources:

(၁) ၁၉. ၅. ၂၀၁၄ ရက်နေ့တွင် ကျင်းပခဲ့သည့် Basic Research Project for Information Collection Regarding the Current Status of Rice Husk Gasification Power Generation and Microgrid Power Supply System in Myanmar ဆွေးနွေးပွဲမှတ်တမ်း

(၂) သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပေးရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးမြင့်၏ "စပါးခွံဓာတ်ငွေ့အသုံးပြု လျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်း၊ စွမ်းရည်မြှင့်တင်ရန်အတွက် ဂျပန်-မြန်မာပူးပေါင်း သုတေသနပြု စီမံကိန်း" ဆောင်းပါး

(၃) ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်၏ "စပါးခွံသုံးဓာတ်ငွေ့ထုတ်စက် (Gasifier) မှ စွန့်ပစ်မည့်ရေဆိုးများအား သန့်စင်သည့် နည်းလမ်းအသွယ်သွယ်" ဆောင်းပါး

(၄) ၃၁. ၁၀. ၂၀၁၅ နေ့က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင် စမ်းသပ်မှုဦးစီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပခဲ့တဲ့ "Environmental Impact on River Water Ecosystem at Ayeyarwaddy Delta Reigon" အလုပ်ရုံဆွေးနွေးပွဲ

Vol: 16, No.1 Monday January 4 2016

# အိမ်ခြံမြေဈေးကွက်အတွင်း ကွန်ဒိုများကိုသာ ရုံးခန်းပြုလုပ်ရန် ငှားရမ်းမှုမြင့်မားလာ

မြန်မာပြည်အတွင်း ရွေးကောက်ပွဲအလွန်အိမ်ခြံမြေဈေးကွက်များ ပြောင်းလဲမှုများ မြင့်တက်လာနိုင်ကြောင်းကို အိမ်ခြံမြေကျွမ်းကျင်သူများက သုံးသပ်ထားသော်လည်း ပြောင်းလဲမှု ကြီးမားလာခြင်းမရှိကြောင်း တွေ့ရှိရသည်ဟု House. com. mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေ အရောင်းဈေးကွက်များထက်ပင် အိမ်ခန်းအငှားဘက်သာ ပိုမိုစိတ်ဝင်စားမှုမြင့်မားကာ အရောင်းအဝယ်မှာ အနည်းငယ်သာ ဖြစ်လျက်ရှိကြောင်းကို တွေ့ရှိရသည်။ မြန်မာပြည်အတွင်း အိမ်ခြံမြေဈေးကွက်အတွင်း အငှားဈေးကွက်သည်ပင် ဆက်လက်ဦးမော့လျက်ရှိကြောင်းကို တွေ့ရှိရသည်။

"လက်ရှိကျွန်တော်တို့ အွန်လိုင်းဈေးကွက်မှာဆို အရောင်းဘက်ထက် အငှားဘက်ကိုလူတွေ ပိုမိုစိတ်ဝင်စားနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။လက်ရှိမြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံဖို့လာတဲ့ ကုမ္ပဏီအများစုဟာလည်း ခြံဝန်းတွေနဲ့အိမ်တွေထက် တိုက်ခန်း၊ ကွန်ဒိုကို ပိုပြီးငှားရမ်းလာကြတာကိုတွေ့ မြင်ရမှာဖြစ်ပါတယ်။ တိုက်ခန်း၊ ကွန်ဒိုတွေကို အဆင့်မြင့်မြင့်နဲ့ ပိုမိုမွမ်းမံပြင်ဆင်လာတဲ့အခါ ငှားရမ်းဖို့အတွက် အဆင်ပြေတဲ့အပြင် ဈေးသက်သာပြီး ပိုပြီးရိုးရှင်းတဲ့အတွက် တိုက်ခန်းနဲ့ကွန်ဒိုတွေကို ရုံးခန်းအဖြစ် ပိုမိုငှားရမ်းလာတယ်လို့လည်း မြင်မိပါတယ်။ လက်ရှိကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာ ငှားရမ်းဖို့အတွက် အိမ်ခြံမြေပေါင်း ၃၀၀၀ ကျော်ရှိပြီး ၅၀ ကျော်လောက်က စက်ရုံတွေ ဆောက်လုပ်လို့ရတဲ့ မြေကွက်လပ်တွေ ပါရှိပါတယ်။ ကျန်တဲ့ဟာတွေကတော့ တိုက်ခန်းအငှားနဲ့ အရောင်းများပါတယ်။ ရုံးခန်းအတွက်ဆိုပြီး သီးသန့်ငှားတဲ့ အခန်းတွေကတော့ ၈၀ ကျော်လောက် ရှိပါတယ်။ လက်ရှိအချိန်မှာလည်း ရုံးခန်းအတွက် ကျပ်ရှစ်သိန်းဝန်းကျင် အခန်းတွေနဲ့ ၁၅ သိန်းကျော် ကွန်ဒိုအခန်းတွေက အငှားသွက်နေတာကိုလည်း တွေ့မြင်နေရပါတယ်။ လက်ရှိ ကျွန်တော်တို့ ဝက်ဘ်ဆိုက်ရဲ့အိမ်ခြံမြေကဏ္ဍမှာဆိုရင် အိမ်ခြံမြေပေါင်း ၄၈၆၇ ခုကို ရှာဖွေနိုင်ပါတယ်"ဟု www.ads.com.mm မှ Head of Public Relations ဖြစ်သူ Mr Elijah Htang က ပြောကြားခဲ့သည်။

"စမ်းချောင်းဘက်နဲ့ ကမာရွတ်ဘက်တွေမှာ အိမ်အငှားတွေက ပိုများတယ် အဝယ်တွေကျတော တောင်ဒဂုံဘက်နဲ့ မြောက်ဥက္ကလာဘက်ပိုများတယ်။ ဒီနှစ်ကုန်ပိုင်းမှာဆို အရောင်းထက် အငှားပိုင်းကို လူတွေကပိုစိတ်ဝင်စားတယ်။ အိမ်ခြံမြေဈေးနှုန်းကလည်း တည်ငြိမ်သယောင်ရှိပေမယ့် ဝယ်လက်တွေဘက်က ငြိမ်နေတာကိုတွေ့ရပါတယ်။ ရောင်းချင်တဲ့လူကများနေပြီး ချက်ချင်းရောင်းလို့ အဆင်မပြေတဲ့အိမ်တွေဆို ဈေးသက်သက်သာသာနဲ့ အငှားချထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အငှားဈေးကွက်မှာ ဈေးတက်လာတာမျိုးတော့ မတွေ့ရပါဘူး။ ပုံမှန်ဈေးပဲ တစ်သိန်းခွဲကနေ နှစ်သိန်းခွဲအထိ ၁၅ ပေ ၊ ပေ ၆၀ အခန်းတွေက လူကြိုက်အများဆုံးအခန်းတွေဖြစ်နေပါတယ်။ ရုံးခန်းလုပ်ဖို့အတွက် နိုင်ငံခြားသားတွေက ကွန်ဒိုတွေကို ရွေးချယ်ကြပေမယ့် အသေးစားနဲ့ အလတ်အိမ်ခြံမြေဈေးကွက်အတွင်း တိုက် ခန်းများကို သာ ရုံးခန်းပြုလုပ်ရန်ငှားရမ်းမှုမြင့်မားလာတာ တွေ့လာရတယ်" ဟု အကျိုးဆောင်အဖြစ်လုပ်ကိုင်နေသူ မဝါဝါကျော်က ပြောသည်။

လက်ရှိမြန်မာပြည်၏ အွန်လိုင်းဈေးကွက်သည်သာကမ အပြင်ဈေးကွက်တွင်ပါ အိမ်ခြံမြေလုံးချင်းအရောင်း အဝယ်နှင့် အငှားများထက်ပင် တိုက်ခန်း၊ ကွန်ဒိုများများ ငှားခြင်း၊ ရောင်းဝယ်ခြင်းတို့ကသာ ပိုများနေကြောင်း တွေ့ရှိရသည်။

**မယ်သီတာ**

# MPT မိုဘိုင်းဖုန်းသုံးစွဲသူများမိသားစု၊ သူငယ်ချင်းများနှင့် အမြဲဆက်သွယ်နိုင်စေရန်လက်ကျန်ငွေထဲမှ အချင်းချင်း ဘီလ်လွှဲနိုင်ပြီ

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစ၍ MPT ဖုန်းအချင်းချင်း လက်ကျန်ငွေထဲမှ ဘီလ်လွှဲသည့် ဝန်ဆောင်မှုကိုစတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါဝန်ဆောင်မှုအသစ်တွင် MPT GSM နှင့် WCDMA သုံးစွဲသူအချင်းချင်း ဖုန်းဘီလ်တစ်ခါလွှဲရာ၌ အနည်းဆုံး ၃၀၀ ကျပ်မှ အများဆုံး ၁၀,၀၀၀ကျပ်ထိ လွှဲပို့ပေးနိုင်မည်ဖြစ်သည်။

ကြိုတင်ငွေဖြည့်စနစ်သုံး ဆွေသဟာအသုံးပြုသူများနှင့် ပုံမှန်သုံး GSM,WCDMA အသုံးပြုသူများအနေဖြင့် ဖုန်းအချင်းချင်းငွေဖြည့်ကာ ဝေမျှသုံးသည့်ဝန်ဆောင်မှုကိုအသုံးပြုနိုင်သည်။ ငွေဖြည့်ပေးမည့်သူဘက်တွင် ဝန်ဆောင်ခ ၅ ရာခိုင်နှုန်းအပါအဝင် ငွေဖြည့်ပေးမည့်ပမာဏအတွက် လုံလောက်သော လက်ကျန်ငွေရှိရမည်ဖြစ်သည်။ MPT မှ နှစ်သစ်ကူးနှင့် လွတ်လပ်ရေးနေ့ အားလပ်ရက်များနှင့် တိုက်ဆိုင်စွာပင် မိသားစုအချင်းချင်းနှင့် သူငယ်ချင်းများအချင်းချင်း ဆက်သွယ်ရာ၌ ပိုမိုလွယ်ကူအဆင်ပြေစေနိုင်ရန် အဆိုပါဝန်ဆောင်မှုကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ သုံးစွဲသူတစ်ဦးသည် တစ်ရက်အတွင်း ငွေလွှဲပြောင်းပေးပို့မှု ငါးကြိမ် အများဆုံးလုပ်နိုင်ပြီး လက်ခံမှုကိုမူ အကြိမ်အရေအတွက်အကန့်အသတ်မရှိ လက်ခံနိုင်မည်ဖြစ်သည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.Koichi Kawase က "တစ်ခါတလေမှာ ဖုန်းဘီလ်နည်းနည်းကလေး ရုတ်တရက်လိုနေတာမျိုးဖြစ်တတ်ပါတယ်။ အရေးတကြီးအချိန်တွေမှာ မိသားစုဝင်တစ်ယောက်ယောက်ကိုဖြစ်ဖြစ် သူငယ်ချင်းကိုဖြစ်ဖြစ် ခေါ်ဖို့လိုနေတာမျိုးတို့၊ ဒါမှမဟုတ်လည်း ဘီလ်ဖြည့်ဖို့ ဘယ်လိုမှ ဆိုင်ရှာမတွေ့တဲ့အချိန်မျိုးတို့ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုမျိုးရုတ်တရက် လိုအပ်ချိန်တိုင်းမှာ အဆင်ပြေဖို့ မိမိလက်ကျန်ငွေထဲက အချင်းချင်းငွေလွှဲတဲ့ဝန်ဆောင်မှုကို စတင်ခဲ့တာပါ"ဟုပြောသည်။

ဤဝန်ဆောင်မှုသည် မြန်မာ့ဆက်သွယ်ရေး၏ ကြိုတင်ငွေဖြည့်စနစ်သုံးသည့် GSM, WCDMA သုံးစွဲသူ တိုင်းအတွက်ဖြစ်ပြီး ငွေလွှဲပို့ရန်အတွက် USSD code: *223* လွှဲမည့်ငွေ ပမာဏ* လက်ခံဖုန်းနံပါတ်# နှင့် ဖုန်းခေါ်ဆိုသည့်)ခလုတ်ကိုနှိပ်၍ လွှဲပို့နိုင်ကြောင်းသိရသည်။

**မယ်သီတာ**

# ရန်ကုန်ကားဈေးကွက်ဈေးတန်းများ သိန်း ၂၀ မှ သိန်း ၃၀ ထိမြင့်တက်

ရန်ကုန်ကားဈေးကွက်အတွင်း ယခုရက်ပိုင်းကာလတွင်ကားဈေးများယခင်ဈေးတန်းထက် ၁၅ သိန်း၊ သိန်း ၂၀ မှ သိန်း ၃၀ ခန့်အထိ မြင့်တက်သွားကြောင်း သိရသည်။ သက်ဆိုင်ရာဌာနမှ ဒီဇင်ဘာ ၁၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ တရားဝင်ကြေညာချက်ထုတ်ပြန်ပြီးချိန်မှ စတင်၍ ကားဈေးများ သိသိသာသာ မြင့်တက်သွားခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွင်း ကားတင်သွင်းမှု မူဝါဒများ ပြောင်းလဲမှုအရ ယခုကဲ့သို့ ကားဈေးနှုန်းများမြင့်တက်လာစေရန်အကြောင်း ဖြစ်ပေါ်လာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများမှ ပြောသည်။ ယခုပြောင်းလဲလိုက်သော ၂၀၁၆ ခုနှစ်မှစတင်၍ ကျင့်သုံးမည့် မူဝါဒသည်ကားလေးများတင်သွင်းခွင့်ရရှိထားသည့် ဖရီးပါမစ်ဈေးကွက်ကိုစည်းကမ်းများစွာ တင်းကြပ်လိုက်သည့် သဘောဖြစ်သွားပြီး ဤထုတ်ပြန်ချက်မတိုင်မီက သိန်း ၁၀၀ ဝန်းကျင် သိန်း ၁၁၀ ဝန်းကျင်သာရှိသော ကားများမှာ တရားဝင်ထုတ်ပြန်ပြီးချိန်မှစတင်၍ သိန်း ၁၃၀ သိန်း ၁၄၀ သို့ဖြစ်သွားကြောင်း၊ ယင်းသို့ဝယ်ရောင်းများနှင့် ကားအရောင်းစင်တာများမှ ကားဈေးတိုးမြှင့်သတ်မှတ်ရခြင်း မှာ ရှေ့နှစ်ဖြစ်ပေါ်မည့်ဈေးကွက်အခြေအနေအရ ဖရီးပါမစ်ကားဈေးများ ယာဉ်ဟောင်းအပ်နှံစလစ်ဖြင့်သာ တင်သွင်းခွင့်ပြုလျှင် စလစ်ဈေးနှုန်းထပ်မံဖြည့်စွက်ရမည့် အခြေအနေကို ကြိုကာကြခြင်းဖြစ်ကြောင်း၊ ဈေးတန်းမှာ ယခုအတိုင်း မရပ်တန့်နိုင်သေးဘဲ ပို၍ပင်မြင့်တက်လာနိုင်ကြောင်း ၎င်းတို့မှပြောသည်။

ကားဈေးတန်းမြင့်တက်လာခြင်းနှင့် အတွဲအဖက်အနေဖြင့် ကားစလစ်ဈေးတန်းများနှင့် ကားပါကင်နေရာအတွက် ပါမစ်ဈေးတန်း မြင့်တက်လာပြီးနှစ် ၂၀ အပ်ကားစလစ်မှာ ၈၂ သိန်း ၈၃ သိန်း ရန်ကုန်ကားပါကင် ၁၃ သိန်းမှ ၁၅ သိန်းအထိမြင့်တက်လာကြောင်း၊ ဖရီးပါမစ်ကားလေးများအား ယခုနှစ် ဒီဇင်ဘာ ၂၄ ရက်နောက်ဆုံးထား၍ ကားပါကင်နေရာပြသပြီး ရန်ကုန်လိုင်စင်လျှောက်ရမည်ဖြစ်၍ ဈေးများလိုအပ်ချက်အရ မြင့်တက်သွားခြင်းဖြစ်ပြီး လိုအပ်ချက်ကုန်သွားမှသာဈေးပြန်အေးသွားနိုင်ကြောင်း၊ ယာဉ်ဟောင်း အပ်နှံစလစ်မှာမူ "၂၀၁၆" မူဝါဒအရတစ်ပတ်ရစ် ကားများဆိုလျှင် စလစ်ကပ်တင်သွင်းရမည်ဖြစ်ပြီး မိုဒယ်(လ်)မြင့် Brand New ကားများမှာလည်း ဘယ်မောင်းသာ တင်သွင်းရမည်ဖြစ်သဖြင့် စလစ်လိုအပ်ချက်မှာ ဆက်လက်များပြားမည်ဖြစ်ရာ အပ်ကား ရှားပါးသည်ထက် ရှားပါးလာပြီး စလစ်ဈေးနှုန်းမြင့်တက်ဖို့သာရှိကြောင်း၊ "၂၀၁၆" ကားဈေးကွက် အလားအလာမှာ လက်ထဲကားကိုင်ထားသူက ဈေးမြင့်ခေါ်ဝယ်မည့်သူကလည်း ကြိုက်ဈေး၊ စစ်ဈေးတန်း မရသဖြင့် မဝယ်နိုင်ဖြစ်သောကြောင့် အခြေအနေစောင့်ကြည့်ပြီး ဈေးကွက်အေးမည့်သဘောဖြစ်နေကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင်များမှပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကာလ်ဒီးနား (၂၀၀၃) | ယာယီ | ၂၀၅ သိန်း | 2 .0 ဓာတ်ဆီ |
| ၂။ | ဝှရှ် (၂၀၀၃) | ယာယီ | ၂၁၅ သိန်း | 2 .0 ဓာတ်ဆီ |
| ၃။ | မတ်(ခ်)အိပ်(စ်) (၂၀၀၄) | ယာယီ | ၂၈၀ သိန်း | 2.5 ဓာတ်ဆီ |
| ၄။ | ဟွန်ဒါစီအာဗီ (၂၀၀၅) | ယာယီ | ၂၉၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | တိုယိုတာ (နွတ်ချ်) (၂၀၀၃) | ယာယီ | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၂၂၀ သိန်း | 2.0 ဓာတ်ဆီ |
| ၇။ | ဒိုင်ဟက်စု (၂၀၀၃) ပစ်ကပ် | ယာယီ | ၇၂ သိန်း | 660 စီစီ |
| ၈။ | ဆူဇူကီး (၂၀၀၄) | 9J | ၆၇ သိန်း | 660 စီစီ |
| ၉။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ |
| ၁၀။ | နှစ် ၂၀ အပ်ကား | | ၇၈ သိန်း | |

# Myanmar Yellow Pages Customer Centre

# အမည်ဖြင့် ပြောင်းလဲဖွင့်လှစ်

Yellow Pages ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မြန်မာနိုင်ငံတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားသော IMEX (Myanmar) Co.,Ltd. က မူလဖွင့်လှစ်ထားသော Myanmar Yellow Pages Info Centre အစား ယခုအခါ Myanmar Yellow Pages Customer Centre အမည်ဖြင့် ပြောင်းလဲဖွင့်လှစ်လိုက်ပြီဖြစ်ပြီး Hot Line နံပါတ် 377755 သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားသားများ သိရှိလိုသည့် စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ ရုံးများနှင့် သတင်းအချက်အလက်များကို Myanmar Yellow Pages Customer Centre မှ မြန်မာဘာသာအပြင် အင်္ဂလိပ်ဘာသာနှင့် ဂျပန်ဘာသာများဖြင့်ပါ ဖြေကြား၍ ဝန်ဆောင်မှုများပေးသွားမှာ ဖြစ်ပါသည်။အသေးစိတ်သိရှိလိုပါက IMEX (Myanmar) Co.,Ltd. အမှတ် ၃၆၅-၃၆၇၊ ဒုတိယထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၂၇၅၈၊ ၂၄၃၀၇၄ သို့ တိုက်ရိုက်ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**MS**

# "အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးမှ ကုန်သွယ်မှုဖွံ့ဖြိုးရေးသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ



ကရင်ပြည်နယ်၊ ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ဒီဇင်ဘာ ၃၁ ရက် ၉နာရီခွဲအချိန် "အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးမှ ကုန်သွယ်မှုဖွံ့ဖြိုးရေးသို့ " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအား ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲသို့ ကရင်ပြည်နယ်၊ ဝန်ကြီးချုပ် ဦးဇော်ဝန်းထိန် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ကရင်ပြည်နယ်၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် ညီနောင်အသင်းသားများမှ တာဝန်ရှိသူများ၊ SMEs လုပ်ငန်းရှင်များ စုစုပေါင်း ၁၃၀ကျော် တက်ရောက်ခဲ့ကြပါတယ်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ရာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးများက MSMEs နှင့် SMEs လုပ်ငန်းများ တည်ရှိမှု၊ လုပ်ငန်းမှတ်ပုံတင် ပြုလုပ်မှုအခြေအနေ၊ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်မှု၊ အရင်းအနှီးရရှိရေးနည်းလမ်းများနှင့် SMEs ဥပဒေသစ်အရ အကူအညီပေးနိုင်ရန် အခြေအနေများ ရှင်းလင်း ဆွေးနွေးပါတယ်။ ဆက်လက်ပြီး ကရင်ပြည်နယ်၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိုးသိန်းက အသင်းဖွဲ့စည်းထားမှု၊ ညီနောင်အသင်းများနှင့် လက်တွဲဆောင်ရွက်မှု၊ အသေးစိတ်လှုပ်ရှားဆောင်ရွက်နေမှု၊ အသင်း၏ရည်ရွယ်ချက်များ မကြာမီပြန်လည်ဖွဲ့စည်းရန် အခြေအနေနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ရန် လိုအပ်ပုံများကို ဆွေးနွေးခဲ့ကြပါတယ်။ ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ မျှော်မှန်းချက်များ၊ ဦးတည်ဆောင်ရွက်ချက်များ၊ နှစ်အလိုက်ကုန်သွယ်မှု၊ မြန်မာ-ထိုင်း ကုန်သွယ်မှု၊ မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေများ၊ အမယ်လိုက် ပို့ကုန်သွင်းကုန်များ၊ အထူးကုန်သွယ်မှု အခွင့်အရေး GSP အကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ကြောင့် SMEs လုပ်ငန်းများ အပေါ် သက်ရောက်မှု၊ SMEs များအပေါ် စီးပွားရေးပညာရှင်များ၏ သုံးသပ်မှု၊ ကရင်ပြည်နယ်၏ ပကတိအခြေအနေအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောထွက်၊ သတ္တု၊ ခရီးသွားလာရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ၏ အခွင့်အလမ်းများနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်တိုးတက်ရေးများအကြောင်း ရှင်းလင်းဆွေးနွေးပါတယ်။

တက်ရောက်လာသည့် လုပ်ငန်းရှင်များအနက် ဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကွန်ပျူတာလုပ်ငန်းရှင်းအသင်းဥက္ကဋ္ဌ ဦးကောင်းမြတ်၊ မွေးမြူရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ စက်မှုလုပ်ငန်းရှင် ဦးသန်းစိုး၊ သစ်အချောထည်လုပ်ငန်းရှင် ဦးစောသန်းမြ၊ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဒေါ်အိမွန်ခိုင်၊ ထပါကော်ခရီးသွားလာရေးလုပ်ငန်းရှင် ဒေါက်တာနော်ယုဇနဝင်း၊ ဆန်းစပါးစိုက်ပျိုးသူများအသင်း ဥက္ကဋ္ဌ ဦးဟန်စီ၊ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမြင့်တို့က အသင်းအဖွဲ့များဖွဲ့စည်းရာတွင် အစိုးရအဖွဲ့ဌာနများက ဦးဆောင်ပေးရန်လိုအပ်မှု၊ ဘားအံလမ်းညွှန်ပြုစုရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့နိုင်ရေး၊ အရင်းအနှီးရရှိရေး၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးရေး၊ မြေပိုင်ဆိုင်မှု လန-၃၀၊ မြေဂရန်ရရှိရေး၊ သစ်အချောထည်များအတွက် ထောက်ခံချက်ပေးရေး၊ AEC, AFTA နှင့် တရားမဝင်ကုန်သွယ်မှုတို့ ဆက်စပ်နေမှု၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများအား မြေယာများ စီစဉ်ချထားပေးရေး၊ ဒေသထွက်ကုန်များနှင့် ဆက်စပ်သည့်စက်ရုံများ၊ တည်ထောင်ရေးနှင့် Social Media အနေဖြင့် Kayin Web Portal တစ်ခုတည်ထောင်ရေးကိစ္စများအား မေးမြန်းဆွေးနွေးကြရာ ပြည်နယ်သစ်တော၊ စက်မှုကြီးကြပ်၊ ဟိုတယ်ခရီး၊ ကုန်သွယ်မှုမြှင့် တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူးများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစော ခရစ္စတိုဖာတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

ယင်းနောက် ကရင်ပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက ကရင်ပြည်နယ်၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်မှု အခြေ အနေများအပေါ် ခြုံငုံသုံးသပ်၍ မေးမြန်းဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပေးနိုင်သည်များ၊ အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြဆောင်ရွက်မည့် ကိစ္စများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။ အလားတူ ဆွေးနွေးပွဲများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဖာပွန်၊ မြဝတီမြို့များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ထွန်းနိုင်လင်း (ကရင်ပြည်နယ်)**

## မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ကုန်စည်ဒိုင်ခန်းမတွင် ကုန်သွယ်မှုဆိုင်ရာအသိပညာပေး ဆွေးနွေးဟောပြောပွဲကျင်းပ

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပတဲ့ ကုန်သွယ်မှု ဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မော်လမြိုင်မြို့ ကုန်စည်ဒိုင်ခန်းမတွင် ဒီဇင်ဘာ ၂၄ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက အဖွင့်အမှာစကား ပြောကြားကာ ဆွေးနွေးဟောပြောမည့် ဆရာများနှင့် မိတ်ဆက်ပေးခဲ့ပါတယ်။

ထို့နောက် မုံရွာစီးပွားရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ကျော်က အုပ်ချုပ်မှုနှင့်လုပ်ငန်းစီမံအုပ်ချုပ်မှု (Governance and Corporate Governance) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး ညနေပိုင်းတွင် WISE College မှ ကျောင်းအုပ်ကြီး ဦးကျော်မင်းထွန်းက ခေါင်းဆောင်မှု ဟူသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကာ အခမ်းအနားသို့ တက်ရောက်လာသူများမှ မိမိတို့သိလိုသော ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ အများပိုင်ကုမ္ပဏီထူထောင်နိုင်ရေး ကိစ္စရပ်များ၊ ခေါင်းဆောင်မှုသဘောတရားများအကြောင်းကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သမဝါယမအသင်းအဖွဲ့များ အသေးစားစက်မှုလုပ်ငန်းမှ လုပ်ငန်းရှင်များ စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဇော်-မော်လမြိုင်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Fax:081-2121093,Ph:081-2121627<br>email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၄-၁-၂၀၁၆ မှ ၁၀-၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ပေါင်းသင်းဆက်ဆံရေး အဓိက ဖြစ်နေမည်။ ဂျုံ၊ ဆန်၊ ပဲ၊ ပြောင်းစသောလယ်ယာထွက်ပစ္စည်းများနှင့် စီးပွားဖြစ်ထွန်းလိမ့်မည်။ နည်းပညာရပ်များကို တိုးတက်အောင် ဆောင်ရွက်ရတတ်သည်။ လက်တွေ့အသုံးချ စီးပွားရေးပညာရပ်တွင် ကျွမ်းကျင်မှုရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်အချဉ်ပေါက်ခြင်း၊ ဝမ်းပျက်ခြင်းတို့ဖြစ်တတ်သည်။ ချစ်သောသူနှင့် စိတ်ခတ်တူညီမှုကြောင့် ဘဝလက်တွဲဖော် ဖြစ်ရတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ရောင်တော်ဖွင့်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင်လက်တွေ့လုပ်ကိုင်ဆောင်ရွက်မှုများ တိုးတက်အောင်မြင်ရန် အမြတ်အစွန်းများရရှိရန်လုပ်ကိုင် ဆောင် ရွက်ပေးသူများ၊ အကူအညီပေးသူများအများအပြားရှိနေတတ်ပါ သည်။ စီးပွားရေးတွင် ရော်ဘာနှင့် ရော်ဘာထွက် ပစ္စည်းများ၊ အိမ် သုံးပစ္စည်းများ အကျိုးပေးအားကောင်းနေတတ် ပါသည်။ အချစ်ရေးတွင် ချစ်သူ၏ သစ္စာကိုမေတ္တာနှင့် ချည်နှောင်၍ ဘဝနှစ်ခုပေါင်းစပ်ရန် အရေးမျှော်တွေး၍ ငွေကြေးများစုဆောင်းနေရတတ်ပါသည်။ ကျန်းမာရေး ကောင်းမွန်နေမည်ဖြစ်သည်။

**ယတြာ။ ။သံဃာတော်အား သင်္ကန်းထပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** လက်ရှိအခြေအနေနှင့် ကိုက်ညီသော လုပ်ငန်းများကို ကျွမ်းကျင်စွာ စွန့်စားလုပ်ကိုင်ဆောင်ရွက်တတ်သည်။ ဘူမိဗေဒပစ္စည်းများ၊ ပရဆေးမျိုးစုံများ ကံကောင်း၍ စီးပွားဖြစ်ထွန်းနေတတ်ပါသည်။ အချစ်ရေးတွင် ချစ်ရသူအပေါ် သံသယစိတ်များ ဝင်နေတတ်သည်။ အိမ်ထောင်ဖက်နှင့် ပျော်ရွှင်မှုများရရှိရေးအတွက် ကြိုးစားစီးပွားရှာနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အကြောအားနည်းခြင်း၊ လက်ပြင်အောင့်ခြင်း၊ ရင်ဘတ်နာခြင်းစသည်တို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင် ရေချမ်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ကျွမ်းကျင်သော လုပ်ငန်းဖြင့် ဇွဲသတ္တိရှိစွာလုပ်ကိုင်ပါက အောင်မြင်ဖြစ်ထွန်းနေမည့်ကာလဖြစ်ပါသည်။ အနုပညာနှင့်ပတ်သက်သော ဆေးရေးပန်းချီလုပ်ငန်း၊ နိုင်ငံရပ်ခြားစီးပွားကုန်သွယ်မှုလုပ်ငန်းများမှ ဝင်ငွေအားကောင်းလာတတ်ပါသည်။ အချစ်ရေးတွင် ရည်ရွယ်ချက်များ ပျောက်ကွယ်သွားတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အားနည်းခြင်း၊ အဆုတ်ရောင်၊ အဆုတ်ပွခြင်းဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။သံဃာတော်အား သင်္ကြားလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ကြီးကဲသူများနှင့် ပေါင်းသင်းဆက်ဆံရာတွင် အနည်းငယ်အခက်အခဲရှိနေတတ်သည်။ အတ္တဆန် သော အကြီး အကဲများကြောင့် အံ့ဝင်ခွင်ကျမရှိဖြစ်တတ်သည်။ ရေယာဉ်၊ မော်တော်ကားများ ရောင်းဝယ်ခြင်းလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်း အခြေအနေ တိုးတက်မှုရှိလိမ့်မည်။ အချစ်ရေးတွင် မေတ္တာ၏အတိမ်အနက်ကို မဖော်ကျူးနိုင်ဖြစ်နေလိမ့်မည်။ ထို့ကြောင့် ရည်ရွယ်ချက်များပျောက်ကွယ်သွားတတ်သည်။ ကျန်းမာရေးကောင်းနေမည်။

**ယတြာ။ ။ဘုရားတွင် သစ်သီး (၇) မျိုးလှူပါ။**



**သောကြာသားသမီးများအတွက်** ပင်ကိုယ်သဘာဝသည် ရိုးရိုးရှင်းရှင်းပွင့်ပွင့်လင်းလင်း ပျော်ပျော်ရွှင်ရွှင်နှင့် အေးချမ်းသာယာစွာ ရှိနေတတ်ပါသည်။ စီးပွားရေးတွင် အလှအပပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်အဆင်အဆန်းများရောင်းဝယ်ပါက စီးပွားဖြစ်ထွန်းလိမ့်မည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးနှင့်ပတ်သက်၍ ကံကောင်းမှုများ ရရှိလိမ့်မည်။ ချစ်သူအချင်းချင်း ဘဝလက်တွဲရန်ညှိနှိုင်းဆွေးနွေးဖြစ်လိမ့်မည်။ ကျန်းမာရေးအနေဖြင့် အိပ်ချိန်မမှန်၍ အိမ်ရေးပျက်ခြင်း၊ အပူအားများခြင်းတို့ကြောင့် ဦးနှောက်အာရုံကြောများ ရောင်ခြင်းသတိပြုသင့်ပါသည်။

**ယတြာ။ ။သံဃာတော်နှင့် သီလရှင်အားဆေးဝါးလှူပါ။**



**စနေသားသမီးများအတွက်** ကောင်းဆိုးနှစ်တန်ရောထွေးနေသော စီးပွားရေးလုပ်ငန်းများတွင် အမြတ်အစွန်းများကို မရရှိသေးသော်လည်း ထိုက်သင့်သောဝင်ငွေ အမြတ်အစွန်းများကို ရရှိနေတတ်ပါသည်။ မီးဖိုချောင်သုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ရောင်းဝယ်ရေးကံကောင်းနေမည်။ အကျိုးပေးမှုရှိလာလိမ့်မည်။ အချစ်ရေးတွင် အတွေးအခေါ် စိတ်သဘောခြင်းမတိုက်ဆိုင်ဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် ခြေလက်ထိခိုက်ဒဏ်ရာ ရရှိတတ်သည်။ ဆီးနှင့်ပတ်သက်သောရောဂါတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ရဟန်းသံဃာတော်များ စာပြန်ပွဲတွင်ငွေကြေးထည့်ဝင်လှူဒါန်းပါ။**

## သရုပ်ဆောင် ဖွေးဖွေး၏ စတစ်ကာလေးများကို အသစ်မိတ်ဆက်မည့် BeeTalk ဗားရှင်းတွင် စတင်အသုံးပြုနိုင်ပြီ

BeeTalk အသုံးပြုသူများသည် မိမိတို့၏ခံစားချက်လေးများနှင့် ထပ်တူညီမည့် ဖွေးဖွေးစတစ်ကာ လေးများကို BeeTalk စတေကာ store တွင် ရယူနိုင်ပြီဖြစ်သည်။ ပိုမိုအဆင်ပြေစွာ အသုံးပြုနိုင်သော BeeTalk ဗားရှင်းအသစ်ကို ရယူနိုင်ပြီဖြစ်သည်။

BeeTalk မှ ၎င်းတို့၏ Brand Ambassador ဖွေးဖွေးနှင့်အတူ ယခုလတွင် အသုံးပြုသူများအတွက် အထူးသီးသန့် စတစ်ကာအသစ်စက်စက်လေးများအား အသက်သွင်း ဖန်တီးပေးတော့မည်ဖြစ်သည်။

ရေပန်းစားသော အဆိုပါ Chat application မှ အထူးစီစဉ်ရေးဆွဲထားသော စတစ်ကာလေးများကို ဒီဇင်ဘာလ ၂၈ ရက်က စတင်မိတ်ဆက်ကြေညာလိုက်ပြီဖြစ်ပြီး ဗားရှင်းအသစ်တွင် Look Around လုပ်ဆောင်ချက်အား အသုံးပြုသူများနှင့် ပိုမိုအဆင်ပြေ မည့် အနေအထားကို ပြောင်းလဲထည့်သွင်း



ပေးထားကြောင်းသိရသည်။

BeeTalk ၏ စာမျက်နှာများတွင် သူငယ်ချင်းများနှင့် စကားပြောရန်နေရာများကို သီးသန့်ခွဲပေးထားပြီး အမြင်ရှင်းလင်းစေရန် ပြုလုပ်ပေးထားသည်ကိုတွေ့မြင်နိုင်မည်ဖြစ်သည်။။

BeeTalk အသုံးပြုသူများသည် ဖွေးဖွေး၏ BeeTalk စာမျက်နှာအား Follow လုပ်ပြီး၎င်း၏ အနုပညာလှုပ်ရှားမှုများနှင့် ပိတ်ကားနောက်ကွယ်မှ လှုပ်ရှားမှုများသတင်းများကို သိရှိနိုင်ကြောင်း BeeTalk ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ BeeTalk ဗားရှင်းကို Platform တိုင်းတွင် အခမဲ့ရယူနိုင်ပြီးစတစ်ကာ ၁၆ခု ပါရှိမည်ဖြစ်သည်။ BeeTalk သည် ဖွေးဖွေးအား ၎င်းတို့၏ Brand ambassador အဖြစ် ယခုနှစ်အစပိုင်းတွင် ကြေညာခဲ့သည်။

"ဖွေးဖွေး နေ့တိုင်းလုပ်တဲ့ အမူအရာလေးတွေကတော့ အများကြီးပါပဲ။ ဒီတော့ စတစ်ကာအတွဲထဲမှာ အားလုံးပါဖို့တော့ မဖြစ်နိုင်ပါဘူး။ Bee Talk အသုံးပြုသူတွေကိုလည်း ဖွေးဖွေးလိုပဲ ဒီစတစ်ကာလေးတွေ သုံးပြီး ပျော်ရွှင်စရာ အချိန်လေးတွေဖန်တီးနိုင်ကြမယ်လို့ ယုံကြည်ပါတယ်" ဟု သရုပ်ဆောင်ဖွေးဖွေးမှ ပြောကြားခဲ့သည်။

ထိုဗားရှင်းအသစ်ကို www.beetalk.com.mm တွင် ရယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## နည်းလမ်းနှစ်သွယ်နဲ့ ဆန်တန်ချိန် လေးသောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်အထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁၂ ဒသမ ၈၉၅ သန်းဖိုးရှိ ဆန် ၃၅၁၄၇ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုတွေကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၄၇၇၃ တန်၊ ဧည့်မထဆန် ၆၁၂၄ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် တန် ၄၂၅၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၂၀၀၀ ကျော်လျော့နည်းခဲ့ပါတယ်။ ဆန်တင်ပို့မှုလျော့ကျပေမယ့် ဆန်ကွဲတင်ပို့မှု ပိုမိုခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂ ဒသမ ၄၅၀ သန်းဖိုးရှိ ဆန်ကွဲ တန် ၇၅၀၀ ကျော်တင်ပို့ပြီး ယခင်တစ်ပတ်ထက် ၂၇၉၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းတင်ပို့မှုမှ ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၆၆၈ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၄၆၀၈ တန် တင်ပို့ခဲ့ပါတယ်။ ဆန်ဖြူ တင်ပို့မှုအနေနဲ့ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၂၁၀၀၊ အီးယူနိုင်ငံများသို့ ငစိန်နဲ့ ဧည့်မထဆန် ၁၇၂၅ တန်နဲ့ ယူအေအီးနိုင်ငံသို့ ငစိန်ဆန် တန် ၁၅၀၊ ပေါင်းဆန်ကို စင်ကာပူနိုင်ငံသို့ ၄၂၅ တန်နဲ့ အီးယူနိုင်ငံသို့ ၂၀၈ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၂၆၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုကတော စင်ကာပူနိုင်ငံသို့ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၂၀၇၅ တန်တင်ပို့ခဲ့ပါတယ်။ တန်ဖိုးအနေနဲ့ ကန်ဒေါ်လာ သုည ဒသမ ၅၈၇ သန်းဖြစ်ပါတယ်။ ဆန်ကွဲတင်ပို့မှုကလည်း ၈၂၅ တန်ပိုမိုပါတယ်။ ယခုသီတင်းပတ်မှာ နယ်စပ်နဲ့ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှု ၃၉၇၅၅ တန်ဖြစ်ပြီး ဆန်ကွဲတင်ပို့မှု မှာ ၉၇၀၀ တန်ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးရဲ့ ပြည်ပပို့ကုန်ဆံပင်ဈေးကွက် ယခင်နှစ်ထက်ဈေးနှုန်းမြင့်လာ

ဧရာဝတီတိုင်းဒေသကြီးရဲ့ ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်တဲ့ ဆံပင်ဈေးကွက်မှာ ယခင်နှစ်ထက် တစ်ပိဿာလျှင် ၂၀၀၀၀ ကျပ်ဝန်းကျင်ဈေးနှုန်းမြင့်ရပြီး ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။



ပုသိမ်မြို့ပေါ်ရှိ အဝယ်ဒိုင်မှ ဒိုင်သို့ လာရောက်ရောင်းချသူများထံမှ ဝယ်ယူမှုများရှိသလို ကြိုတင်ငွေ ထုတ်ပေးပြီး လက်လီအဝယ်သမားများ စေလွှတ်ကာ ငပုတော၊ သာပေါင်း၊ ကန်ကြီးဒေါင့်၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ မြောင်းမြ၊ လပွတ္တာမြို့နယ်များသို့သွားရောက်၍ မြို့ပေါ်နှင့်ကျေးရွာများအထိ လိုက်လံဝယ်ယူမှုများ ရှိကြောင်း၊ ဝယ်ယူရရှိလာသော ၎င်းဆံပင်များကို မြို့ပေါ်ဒိုင်မှ ကုန်ချောပြုလုပ်၍ ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပုသိမ်မြို့ စိတ်တိုင်းကျဆံပင်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးညွန့်နိုင်ကပြောပါတယ်။

ဆံပင်များကို ဝယ်ယူရာတွင် အတို၊ အရှည်ဖြတ်စနဲ့ ဆံပင်ကျွတ်စ (အပွအရိုင်း)ဟူ၍ သတ်မှတ်ကာ အတိုဆိုဒ် (၁၂လက်မမှ ၁၅ လက်မ)၊ အလတ်ဆိုဒ် (၁၆ လက်မမှ ၂၀ လက်မ)၊ အရှည်ဆိုဒ် (၂၁ လက်မမှ ၂၇ လက်မ) ထိခွဲခြားထားပြီးဝယ်ယူကြောင်း ဆံပင်အတိုအရှည်ပေါ်မူတည်ပြီး ဈေးနှုန်းမှာလည်း တစ်ပိဿာ ၁၈၀၀၀၀ ကျပ်၊ ၂၈၀၀၀၀ ကျပ်၊ ၃၀၀၀၀၀ ကျပ်၊ ၄၅၀၀၀၀ ကျပ် ဈေးနှုန်းသတ်မှတ်ကာ ဝယ်ယူပြီး၊ ဆံပင်ကျွတ်စ (အပွအရိုင်း) များကို တစ်ပိဿာလျှင် ၁၂၀၀၀၀ ကျပ်ဝန်းကျင်ဈေးနှုန်းဖြင့် ဝယ်ယူလျက် ယခင်နှစ်ထက် ဈေးနှုန်းပိုရပြီး ရောင်းဝယ်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားပါတယ်။

ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းမှာ နှစ်ပတ်လည်အရောင်းအဝယ်ရှိသော်လည်း မိုးတွင်းမှာ ဆံပင်ပိုပြီး အဝယ်ရရှိကြောင်း၊ မိုးတွင်းမှာတစ်လကို ပိဿာချိန် ၄၀၊ ၅၀ မှ အချိန် ၁၀၀ အထိ ဝယ်ယူရရှိသော်လည်း ပွင့်လင်းရာသီနွေပိုင်းဆိုရင် ပိဿာချိန် ၃၀၊ ၄၀၊ ၅၀ ခန့်သာဝယ်ယူရရှိကြောင်း၊ ဆံပင်ကုန်ချောများကိုမူဆယ် (တရုတ်ပြည်) ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချသော်လည်း ပုသိမ်မြို့သို့ လာရောက်လည်ပတ်တဲ့ ပြည်ပနိုင်ငံသား၊ ဧည့်ခရီးသွားများကလည်း တစ်ခါတစ်ရံလာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ယခင်လကလည်း ရန်ကုန်မြို့ရှိတက်နေလင်းကုမ္ပဏီနှင့်ချိတ်ဆက်၍ နိုင်ဂျီးရီးယားနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ထပ်မံပြီး ပြည်ပနိုင်ငံများသို့ရောင်းချရန် ချိတ်ဆက်ထားကြောင်း ဦးညွန့်နိုင်က ပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**



# မြို့ကြီးများ၏ ၄-၁-၂၀၁၆ မှ ၈-၁-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၄-၁-၂၀၁၆) | အင်္ဂါ(၅-၁-၂၀၁၆) | ဗုဒ္ဓဟူး(၆-၁-၂၀၁၆) | ကြာသပတေး(၇-၁-၂၀၁၆) | သောကြာ(၈-၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| မြစ်ကြီးနား | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၆°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| လားရှိုး | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၃°C/၇၄°F |
| ကျိုင်းတုံ | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| လွိုင်ကော် | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| တောင်ကြီး | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F |
| တောင်ငူ | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| မုံရွာ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| ပုသိမ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မြိတ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| မကွေး | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| ဖလမ်း | နေသာ ၁၈°C/၆၄°F | နေသာ ၁၇°C/၆၂°F | နေသာ ၁၈°C/၆၄°F | နေသာ ၁၈°C/၆၅°F | နေသာ ၁၇°C/၆၃°F |

## အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်တွင် တော်နေဒိုးလေဆင်နှာမောင်းနှင့် နှင်းမုန်တိုင်း ကျရောက်မှုကြောင့် လူပေါင်း ၃၀နီးပါးသေဆုံး ပျက်စီးဆုံးရှုံးမှု အများအပြားနှင့်ရင်ဆိုင်နေရ

အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်တွင် ခရစ္စမတ်ပွဲတော်အပြီး ဒီဇင်ဘာ ၂၇ရက်က တော်နေဒိုးလေဆင်နှာမောင်းဖြစ်ပေါ်ခဲ့ရာ တက္ကဆက်ပြည်နယ်တစ်ဝန်းအပျက်အစီးများနှင့် ပြည့်နှက်နေပြီး လူပေါင်း ၃၀ဦးထက်မနည်း သေဆုံးသွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ တော်နေဒိုးလေဆင်နှာမောင်းဒဏ်ကို အဓိကခံစားရသည့်ဒေသမှာ ဒါးလပ်စ်မြို့ဖြစ်ပြီး အဆိုပါမြို့တွင် လူသေဆုံးမှုများမှာ ပိုမိုများပြားလာနိုင်ကြောင်း ဒေသခံများကပြောကြားခဲ့သည်။

တက္ကဆက်ပြည်နယ် တောင်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် နှင်းမုန်တိုင်းသည် တော်နေဒိုးအသွင်သို့ ကူးပြောင်းသွားသဖြင့် လူအသေအပျောက်များ ပိုမိုများပြားလာရခြင်းဖြစ်သည်ဟုဆိုသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုသည် မကြုံစဖူးထူးကဲလှစွာ ပြင်းထန်လွန်းသဖြင့် နှင်းထုများမှာ ၁၆ လက်မအထိရှိခဲ့ကြောင်း၊ နှင်းထုများထူထပ်စွာကျရောက်မှုကြောင့် ဘုရားရှိခိုးကျောင်းများ ပျက်စီးကာ ကားများနှင့်သစ်ပင်များကိုလည်း နှင်းထုကြီးကဖုံးလွှမ်းသွားခဲ့သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဒါးလပ်စ်မြို့ကို ဖြတ်သန်းသွားသည့် တော်နေဒိုးလေဆင်နှာမောင်းကြောင့် လေပြင်းများပါတိုက်ခတ်ခဲ့ရာ ထိုနေ့က လမ်းမများပေါ်တွင် ယာဉ်မတော်တဆမှုများလည်း အများအပြားဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်းက စုတ်ယူသွားသောကားများကို ဒါးလပ်စ်မြို့၏အရှေ့ဘက် ၁၅မိုင်ခန့်အကွာတွင် ပြန်လည်တွေ့ရှိခဲ့ရကြောင်း၊ လေဆင်နှာမောင်းသွားရာ လမ်းကြောင်းတစ်လျှောက်ရှိ နေအိမ်များ၊ စာသင်ကျောင်းများ၊ ကားများသည် လေဆင်နှာမောင်းနှင့်အတူ လွင့်ပါသွားပြီး မြို့နှင့်မိုင်အတော်များများတွင် သွားရောက်စုပုံလျက်ရှိနေကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

တော်နေဒိုးနှင့် နှင်းမုန်တိုင်းများကြောင့်လျှပ်စစ်မီးများပြတ်တောက်သွားခဲ့ရာ ဒေသခံများမှာ အအေးလွန်ကဲသည့်ဒဏ်ကိုပါ ပူးတွဲခံစားနေရကြောင်းဖြင့် ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ **မယ်သီတာ**



## ပါရာဂွေးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများနှင့်ပတ်သက်၍ နာဆာက သုံးသပ်ချက်ထုတ်ပြန်

ပါရာဂွေးနိုင်ငံတွင် ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရခြင်းနှင့် ပတ်သက်၍ နာဆာက သုံးသပ်ချက်များ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပါရာဂွေးနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလ၏နောက်ဆုံးရက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်ခဲ့ရခြင်းမှာ အယ်လ်နီညို၏ အကျိုးသက်ရောက်မှုများပင်ဖြစ်ကြောင်း၊ ယခုကျရောက်ခဲ့သည့် အယ်လ်နီညို၏ အကျိုးဆက်များသည် အဆိုးရွားဆုံးသော အခြေအနေမျိုးပင်ဖြစ်ကြောင်း ပါရာဂွေးနိုင်ငံ မိုးလေဝသနှင့် ရေအရင်းအမြစ်ဦးစီးဌာနမှ အရေးပေါ်ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ ဒီဇင်ဘာ ၁ ရက်မှ ၂၃ ရက်အတွင်း ပါရာဂွေးနိုင်ငံတွင် ရွာသွန်းခဲ့သည့်မိုးရေချိန်မှာ ၄၀၀ မီလီမီတာ(၁၅ ဒသမ ၇၅ လက်မ)ရှိကြောင်း၊ အချိန်အခါမဟုတ်မိုးရွာသွန်းခဲ့သည့်အတွက် အယ်လ်နီညို၏ ပြင်းထန်သောအကျိုးဆက်ကို ခံစားနေရပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ယခုဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်အတွင်း ရွာသွန်းခဲ့သည့်မိုးသည် ပါရာဂွေးနိုင်ငံ၏ အနောက်တောင်ပိုင်းအကျဆုံး ဒေသဖြစ်သည့် ပါဆိုဒီလာပက်ထရီယာမြို့တွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်နေရသဖြင့် မြို့တော်နေပြည်သူများမှာ ဒုက္ခရောက်နေကြကြောင်းဖြင့် ပါဆိုဒီလာမြို့မှ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

"နောက်ဆုံးတွေ့ရှိချက်တွေအရ အယ်လ်နီညိုဖြစ်စဉ်ကြောင့် တောင်အမေရိကတိုက်တစ်ခုလုံးမှာ မိုးသည်းထန်စွာ ရွာသွန်းမှုတွေဖြစ်ပေါ်နိုင်ပြီး ရေလွှမ်းမိုးမှုတွေနဲ့ကြုံတွေ့ရနိုင်ပါတယ်။ ဒါဟာအယ်လ်နီညိုရဲ့ဒဏ်ခတ်မှုတွေပါပဲ"ဟု နာဆာမှ မိုးလေဝသပညာရှင် ဘီလ်ပတ်ဇက်က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီးအဆိုး ရွားဆုံးသောရေလွှမ်းမိုးမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ပြင် ပါရာဂွေးမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ၉ ဒသမ ၆၄ မီတာ(၃၂ပေ)အထိ မြင့်တက်လာ နိုင်ကြောင်း ပါရာဂွေးမိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် ပါရာဂွေးပြည်သူများက အဆိုပါထုတ်ပြန်ကြေညာချက်ကို မယုံကြည်ကြဘဲ နေအိမ်များကို စွန့်ခွာသွားကြရန် ငြင်းဆိုခဲ့ကြကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.1 Monday January 4 2016

# မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)၏ ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကျင်းပ အကောင်းဆုံးဘောလုံးကစားသမားများကို မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)၌ ထားရှိမည်

မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)၏ ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးအနီးရှိ မြက်ခင်းတုကွင်းတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ တတိယမြောက်ဖွင့်လှစ်သည့် အကယ်ဒမီဖြစ်ကြောင်း သိရသည်။

ယင်းဘောလုံးအကယ်ဒမီ ပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဇနီး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ရန်ကုန်ယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ ရခိုင်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးဇော်မင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပန္နက်ရိုက်မင်္ဂလာအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က"ဒီကျောင်းက မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ထူးချွန်လူငယ်တွေကို ရွေးချယ်လေ့ကျင့်ပေးမယ့် ကျောင်းဖြစ်ပါတယ်။ နောက်ပြီး ၂၀၁၉ ခုနှစ် ကမ္ဘာ့ဖလားအတွက် ကြိုတင်ပြင်ဆင်ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တစ်ယောက်တည်းအားကြောင့် မဟုတ်ဘဲ အားလုံးဝိုင်းဝန်းကူညီပေးကြတဲ့အတွက် အခုလို ဖွင့်လှစ်နိုင်တာဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ ၂၀၁၄ခုနှစ်မှာ မြန်မာ ယူ၂၀အသင်း FIFA ယူ၂၀ ကမ္ဘာ့ဖလား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ရာမှာ မန္တလေးဘောလုံးအကယ်ဒမီက မွေးထုတ်ပေးလိုက်တဲ့ ကစားသမားခြောက်ဦး ပါဝင်ခဲ့ပါတယ်။ ဘောလုံးအကယ်ဒမီက လူငယ်ကစားသမားတွေဟာ မြန်မာ့ဘောလုံး လောကအတွက် တောက်ပမယ့် အနာဂတ်မျိုးဆက်သစ်တွေဖြစ်ပါတယ်။ ဒီလိုဖြစ်လာဖို့ MFF တစ်ခုတည်းလုပ်လို့ မဟုတ်ပါဘူး။ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတွေရဲ့ တိုင်းပြည်အတွက် အနစ်နာခံဆောင်ရွက်ပေးခဲ့တာကလည်း အရေးပါတဲ့ကဏ္ဍက ပါဝင်ပါတယ်။ တကယ်တော့ ဘောလုံးမှာ အနိုင်ရပြီဆိုရင် ပျော်ရတာ ခဏတာပါပဲ။ အမြဲပျော်ရွှင်ရတာ မဟုတ်ပါဘူး။ ရှုံးနိမ့်တဲ့အချိန်မှာ နေရာ အသီးသီးက ပြစ်တင်ဝေဖန်မှုတွေကိုခံယူပြီး ယနေ့မြန်မာ့ဘောလုံးလောကသားတွေ ကြိုးပမ်းနေရတာပဲဖြစ်ပါတယ်။မည်သို့ပင်ဖြစ်စေ ဘောလုံးအောင်မြင်မှုနဲ့ ကျွန်တော်တို့ တိုင်းပြည်လူထုပရိသတ်ကို ပျော်ရွှင်မှုတွေ ပေးနိုင်ဖို့ အခုလို လူငယ်စီမံကိန်းတွေ၊ ဘောလုံး အကယ်ဒမီတွေကနေ မျိုးဆက်သစ် ကစားသမားကောင်းတွေ မွေးထုတ်ပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဆောက်လုပ်ပေးမည့် မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အကောင်းဆုံးသောလူငယ်ကစားသမားများကို ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အကောင်းဆုံးသောလူငယ်ကစားသမားများကို ရွေးချယ်နိုင်ရေးအတွက် ယူ-၁၆အသင်းနည်းပြချုပ် အဲရစ်ဝီလျံကို တာဝန်ပေးထားကြောင်း သိရသည်။

"ဒီအကယ်ဒမီမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အကောင်းဆုံးကစားသမားတွေကို ထားရှိမှာပါ။ ဒီကလေးတွေကို ရွေးချယ်ဖို့ အဲရစ်ဝီလျံကိုတာဝန်ပေးထားပါတယ်။ ကျွန်တော်တို့ရဲ့ ဒီအဆောက်အအုံကို မင်းဓမ္မဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်သွားမှာပါ။ သံဖရိန်နဲ့တည်ဆောက်မှာဖြစ်ပြီး တစ်နှစ်အတွင်း အပြီးတည်ဆောက်ပေးမှာပါ။ ဒီထက်လည်း စောရင်စောနိုင်ပါတယ်။ ကျွန်တော်တို့ကတော့ ဖြစ်နိုင်ရင် မြန်မြန်ပြီးစေချင်ပါတယ်"ဟု ဦးဇော်ဇော်က ထပ်မံပြောကြားခဲ့သည်။

အဆိုပါ ဘောလုံးအကယ်ဒမီတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာနှစ်သန်းကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

# လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ဗီယက်နမ်၊ စင်ကာပူနှင့် အရှေ့အလယ်ပိုင်းမှ အသင်းတစ်သင်းကို ဖိတ်ကြားမည်

မြန်မာ့လက်ရွေးစင်အသင်းအတွက် ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ၂၀၁၆ ခုနှစ်တွင် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတစ်ပွဲကျင်းပရန် စီစဉ်လျက်ရှိရာ ဗီယက်နမ်၊ စင်ကာပူနှင့် အရှေ့အလယ်ပိုင်းဒေသမှ အသင်းတစ်သင်းကို ဖိတ်ခေါ်ရန်စီစဉ်ထားကြောင်း သိရသည်။ အဆိုပါလေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး လာမည့် ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ကျင်းပသွားမည်ဖြစ်သည်။

"လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲက ကျင်းပဖြစ်မှာပါ။ အဓိကအသင်းတွေကို ချိန်နေပါတယ်။ ဗီယက်နမ်၊ စင်ကာပူနဲ့ အရှေ့အလယ်ပိုင်းကအသင်းတစ်သင်းကိုဖိတ်ဖို့ စီစဉ်ထားပါတယ်။ ဘယ်အသင်းတွေ အကြောင်းပြန်မလဲဆိုတာတော့ စောင့်ကြည့်ရဦးမှာပါ။ လက်ရှိအနေအထားကတော့ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးပြီး ဆုံးဖြတ်သွားမှာပါ။ လုပ်ဖြစ်ရင် မြန်မာနိုင်ငံမှာ လုပ်မှာပါ။ လောလောဆယ်လျာထားတာကတော့ ဇွန်လအတွင်းမှာပါ။ နှစ်ပွဲကစားမှာဖြစ်ပြီးတော့ ဆီမီးလေးသင်းကစားပြီး နိုင်တဲ့နှစ်သင်း ဗိုလ်လုပွဲကန်မှာပါ"ဟု ဦးကိုကိုသိန်းက မြန်မာ့လက်ရွေးစင်အသင်း၏ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲ ကစားရန် ကျန်ရှိလျက်ရှိပြီး လာမည့် ၂၀၁၆ ဒီဇင်ဘာတွင်လည်း ဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပကာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# MFF U-14 ပြိုင်ပွဲမှ ကစားသမားများဖြင့် ယူ-၁၇ကမ္ဘာ့ဖလားတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ကြိုးပမ်းသွားမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် MFF U-14 ပြိုင်ပွဲမှ ကစားသမားများဖြင့် U-17 ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

MFF U-14 ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ ၃၁ ရက်အထိကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲမှ ကစားသမားရွေးချယ်မှုကို နည်းပြချုပ်အဲရစ်ဝီလျံကို တာဝန်ပေးအပ်ထားကြောင်း သိရသည်။

"ကစားသမားတွေကို ရွေးချယ်ဖို့အတွက် နည်းပြချုပ် အဲရစ်ဝီလျံကို တာဝန်ပေးထားပါတယ်။ အဲရစ်ဝီလျံနဲ့ နည်းစနစ်ကော်မတီရဲ့တာဝန်ရှိသူတွေက ပွဲစဉ်တွေအားလုံးကို လိုက်လံကြည့်ရှုပြီး ခြေစွမ်းပြနိုင်တဲ့ကစားသမားတွေကို ရွေးချယ်သွားမှာပါ။ ပြီးရင် အသင်းဖွဲ့စည်းသွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဲရစ်ဝီလျံသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုထားပြီး မြန်မာ ယူ-၁၆အသင်းနှင့်ယူ-၂၁ အသင်းတို့ကို ကိုင်တွယ်ဖူးသူတစ်ဦးဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် MFF U-14 ပြိုင်ပွဲကို မန္တလေးဘောလုံးအကယ်ဒမီနှင့် ဇွဲကပင်အကယ်ဒမီအသင်းတို့မှ နှစ်သင်းစီ၊ ရန်ကုန်၊ ရတနာပုံ၊ ဧရာဝတီ နှင့်တပ်မတော်ဘောလုံးအကယ်ဒမီတို့မှ တစ်သင်းစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဇွဲကပင်ဘောလုံးအသင်းက ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

# မန္တလေး အကယ်ဒမီ (က) အသင်းကို ဂိုးပြတ်အနိုင်ယူကာ 100 Plus Super Cup ကို ဇွဲကပင်အကယ်ဒမီ(က)အသင်း ဆွတ်ခူး

ဒီဇင်ဘာလ ၃၁ ရက် ညနေက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အဆောက်အအုံဘေးရှိ မြက်ခင်းတုကွင်းတွင် ကျင်းပခဲ့သည့် MFF U-14 Boys 100 Plus Super Cup ပြိုင်ပွဲ၏ ဗိုလ်လုပွဲ၌ ဇွဲကပင်အကယ်ဒမီ(က)အသင်းက မန္တလေးဘောလုံးအကယ်ဒမီ(ကအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

ယခုပွဲတွင် ဇွဲကပင်အကယ်ဒမီအသင်းအနေဖြင့် အထူးခြေစွမ်းပြနိုင်ခဲ့ပြီး မန္တလေးအကယ်ဒမီအသင်းကို ပိတ်ဆို့ဖြတ်တောက်ကစားနိုင်ခဲ့သောကြောင့် ပြိုင်ပွဲတစ်လျှောက်ခြေစွမ်းပြခဲ့သည့် မန္တလေးအကယ်ဒမီအသင်းမှာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ရန်အတွက်ပင် အတော်လေးရုန်းကန်ခဲ့ရသည်။ ဇွဲကပင် အကယ်ဒမီအသင်းမှာမူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး မန္တလေးအကယ်ဒမီအသင်း၏ ဂိုးပေါက်ကို တောက်လျှောက်ခြိမ်းခြောက်နိုင်ခဲ့သလို ဂိုးများလည်း သွင်းယူနိုင်ခဲ့သည်။

ဇွဲကပင် အသင်းအတွက် အဖွင့်ဂိုးနှင့်အပိတ်ဂိုးကို ကွင်းလယ်လူ ရဲမင်းကျော်က ပွဲချိန် ၁၆ မိနစ်နှင့် ၆၀ မိနစ်တို့တွင် သွင်းယူပေးခဲ့ပြီး အသင်းခေါင်းဆောင် ပိုင်စိုးဝေက ၃၇ မိနစ်၊ ကွင်းလယ်လူ ဇော်ဝင်းသိန်းက ပွဲချိန် ၂၈ မိနစ်၊ ပွဲချိန်တစ်လျှောက် ခြေစွမ်းပြနေသည့် ဥက္ကာနိုင်က ပင်နယ်တီမှတစ်ဆင့် ပွဲချိန် ၄၇ မိနစ်တို့တွင် အသီးသီး သွင်းယူပေးခဲ့ကြသောကြောင့် ပွဲအပြီးတွင် ဇွဲကပင်အကယ်ဒမီ(က)အသင်းက ထိုက်ထိုက်တန်တန်အနိုင်ရကာချန်ပီယံဆု ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။




ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် တန်ဖိုးအရှိဆုံး ကစားသမားအဖြစ် ဇွဲကပင်အကယ်ဒမီ (က)အသင်းမှ ဥက္ကာနိုင်ကိုရွေးချယ်ခဲ့ကြောင်း သိရသည်။ အကောင်းဆုံးကစားသမား ဥက္ကာနိုင်ကို ဆုတံဆိပ်နှင့်အတူ ဆုကြေးငွေ ငါးသောင်းကျပ် ချီးမြှင့်ခဲ့သည်။

ထို့နောက် တတိယဆုရရှိသည့် ဧရာဝတီအကယ်ဒမီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့်အတူ ဆုကြေးငွေ နှစ်သိန်းကျပ်၊ ဒုတိယဆုရရှိသည့် မြန်မာဘောလုံးအကယ်ဒမီ မန္တလေး(က) အသင်းကို တစ်ဦးခြင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ ချန်ပီယံဇွဲကပင်ယူနိုက်တက် အကယ်ဒမီ(က) အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုငွေကျပ် ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။



## မန်ယူ၏ကံကြမ္မာကို ပြောင်းလဲနိုင်မည့် မှော်အစွမ်းမရှိဟု ဗန်ဟားလ်ထုတ်ဖော်

မန်ယူနည်းပြ ဗန်ဟားလ်က အသင်း ကံကြမ္မာကို ပြောင်းလဲပေးနိုင်မည့် မှော်အစွမ်း မရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီး ပရီးမီးယားလိဂ်နောက်ဆုံး ခြောက်ပွဲအပါအဝင် ရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေသည့် မန်ယူမှာ လာမည့်တစ်ပတ်တွင် ဆွမ်ဆီးနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ထိုအသင်းမှာလည်း ဗန်ဟားလ် တာဝန်ယူပြီးနောက် ၃ ကြိမ်တွေ့ဆုံရာတွင် ၃ ကြိမ်လုံး ရှုံးနိမ့်ထားသည့် အသင်းဖြစ်သည်။

"မှော်အစွမ်းမရှိဘူး။ ဘာဖြစ်ခဲ့လဲ၊ အသင်းလိုက်၊ တစ်ဦးချင်း ဘယ်လိုတိုးတက်အောင် လုပ်မလဲဆိုတာပဲ တွေးရမယ်။ ဆွမ်ဆီးနဲ့တွေ့တဲ့ သုံးပွဲလုံး ကျွန်တော်ရှုံးခဲ့တယ်။ ဒီတော့ ဘာကြောင့်ရှုံးရသလဲဆိုတာ သုံးသပ်ဖို့လိုတယ်။ အမြဲတမ်း အဲဒီလိုပါပဲ။ ပြီးရင် ပုံမှန်အတိုင်း အလုပ်ဆက်လုပ်ရမယ်။ ပြိုင်ဘက်ကို အနိုင်ယူဖို့ ကစားကွက်ချရမယ်၊ ကစားသမားတွေကို ပြောပြရမယ်။ ပြီးရင် လေ့ကျင့်ပေးရမယ်၊ ပြီးရင် ကျေနပ်လောက်အောင် လုပ်ရမယ်။ ပြီးရင်တော့ အဲဒီအတိုင်း စိတ်နှစ်ပြီး ကစားခိုင်းဖို့လိုတယ်"ဟုဗန်ဟားလ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဗန်ဟားလ်က မန်ယူအသင်း ပရိသတ်များကို ချီးကျူးခဲ့ပြီး မိမိအတွက်ကံဆိုးသည့်အချိန်မှာ မန်ယူတွင်သာ ရင်ဆိုင်ရခြင်း မဟုတ်ကြောင်းနှင့် ထိုအတွေ့အကြုံကို မကြာခဏ ကြုံတွေ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ မှာ ဒီဇင်ဘာလမှလွဲ၍ ကောင်းမွန်သောနှစ်ဖြစ်သည်ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

## တင်မိုသီဘရက်ဒလေနှင့်ပက်ကွီအိုတို့ ဧပြီလတွင် ထိုးသတ်ကြမည် ပက်ကွီအိုနှင့်အေမာခန်းတို့၏ စိန်ခေါ်ပွဲ ပျက်ပြယ်ရန်ရှိ

အမေရိကန်လက်ဝှေ့ကျော် တင်မိုသီဘရက်ဒလေနှင့် ပက်ကွီအိုတို့၏စိန်ခေါ်ထိုးသတ်ပွဲကို လာမည့် ဧပြီလ ၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း လက်ဝှေ့ပွဲသွင်းသူ ဘော့ပ်အာရမ်က ပြောကြားလိုက်သည်။



ပက်ကွီအိုသည် ပြီးခဲ့သည့်နှစ်မေလအတွင်းက ဖလွိုက်မေဝဲသားကို ရှုံးနိမ့်ခဲ့သည့် စိန်ခေါ်ပွဲအပြီး ပထမဆုံးအကြိမ်အဖြစ် ထိုးသတ်မည့်ပွဲတစ်ပွဲလည်းဖြစ်သည်။

တင်မိုသီနှင့် ပက်ကွီအိုတို့၏ စိန်ခေါ်ထိုးသတ်ပွဲကို လာ့စ်ဗီးဂတ်စ်မြို့ရှိ MGM Grand တွင် ကျင်းပမည်ဖြစ်ကြောင်း ဘော့ပ်အာရမ်က ပြောကြားခဲ့သည်။

ပက်ကွီအိုနှင့် အေမာခန်းတို့ ယှဉ်ပြိုင်ထိုးသတ်ရန်ယခင်ကသဘောတူညီထားခဲ့ကြသော်လည်း ယခုပွဲစဉ်ကို ထိုးသတ်ဖြစ်ခဲ့ပါက အေမီယာခန်းနှင့်ပွဲစဉ်ကို လွှဲချော်မည်ဖြစ်သည်။

တင်မိုသီနှင့် ပက်ကွီအိုတို့သည် ၂၀၀၉ ခုနှစ်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ တင်မိုသီက အနိုင်ရရှိခဲ့ကာ WBO ဝယ်လ်တာဝိတ်တန်းချန်ပီယံဘွဲ့ကို ရရှိခဲ့သည်။

ထို့နောက် ၂၀၁၂ခုနှစ်တွင် ပြန်လည်ထိုးသတ်ခဲ့ရာ တင်မိုသီဘရက်ဒလေကို ပက်ကွီအိုက ပြန်လည်အနိုင်ရရှိခဲ့ပြီး WBO ဝယ်လ်တာဝိတ်တန်းချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရသည်။

ပက်ကွီအိုသည် ၎င်း၏ပခုံးတွင် ဒဏ်ရာရရှိနေသည်ကို လူသိမခံဘဲ မေဝဲသားနှင့်ထိုးသတ်ခဲ့သဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ လက်ဝှေ့ဝါသနာရှင်များ စိတ်ဆိုးဒေါသထွက်ခဲ့ကြရသည်။

သို့သော် အဆိုပါလက်ဝှေ့ပွဲအပြီးတွင် ပက်ကွီအိုသည် ၎င်း၏ဒဏ်ရာအား ဆေးကုသမှုခံယူခဲ့သဖြင့် ပျောက်ကင်းပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ထိုအချိန်တွင် ပက်ကွီအိုနှင့်ယှဉ်ပြိုင်ထိုးသတ်ရန် ဗြိတိန်လက်ဝှေ့ကျော် အေမာခန်းက စိန်ခေါ်ခဲ့ရာ ပက်ကွီအိုက လက်ခံခဲ့သည်။ ပက်ကွီအိုသည် မေဝဲသားနှင့် ထိုးသတ်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် စိန်ခေါ်ပွဲတစ်ပွဲထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပက်ကွီအို အနားယူခြင်းနှင့်ပတ်သက်၍ လက်ဝှေ့လောကတွင် ကြယ်တစ်ပွင့် ဆုံးရှုံးသွားရခြင်းဟု စိန်ခေါ်လိုသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

ပက်ကွီအိုက ၎င်းအနားယူရခြင်းမှာ ဖိလစ်ပိုင်နိုင်ငံအတွက်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ရောက်၍ နိုင်ငံရေးကိုသာအာရုံစိုက်လုပ်ကိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပက်ကွီအိုသည် ဖိလစ်ပိုင်နိုင်ငံ ကွန်ဂရက်ပါတီ၏အမတ်လောင်းတစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်းပြုလုပ်မည့် ဖိလစ်ပိုင်နိုင်ငံ ရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ တင်မိုသီသည် ၎င်း၏ကြေးစားလက်ဝှေ့သမားဘဝတစ်လျှောက် ၃၃ ပွဲ ထိုးသတ်ခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်များကို ပိုင်ဆိုင်ခဲ့ပြီး အလဲထိုးပွဲ ၁၃ ပွဲအထိ ရှိခဲ့သည်။

ပက်ကွီအိုသည် ၎င်း၏ကြေးစားလက်ဝှေ့သမားဘဝတစ်လျှောက် ၅၇ ပွဲထိုးသတ်ခဲ့ရာ ခြောက်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ကို ပိုင်ဆိုင်ထားပြီး အလဲထိုးပွဲ ၃၈ ပွဲရှိခဲ့သည်။

## ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပမည့်ကွင်းအား အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြင့် ပြင်ဆင်မည်

၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲအတွက် အိုလံပစ်အားကစားကွင်းအဖြစ် ပြင်ဆင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂သန်း ကုန်ကျမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ပညာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ဖော်ကြေညာခဲ့သည်။ အဆိုပါအားကစားကွင်းအား ပြင်ဆင်မည့်တန်ဖိုးသည် ဈေးအပေါဆုံးဖြစ်နေကြောင်း အပြည်ပြည်ဆိုင်ရာအိုလံပစ်အဖွဲ့ချုပ်က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံပညာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဟာကူဘူနာရှီမိုမူရာက ဂျပန်နိုင်ငံ၏ ဗိသုကာပညာရှင် ကန်ဂိုကူးမား၏ဒီဇိုင်းကို လက်ခံလိုက်ခြင်းဖြစ်ပြီး အဆိုပါဒီဇိုင်းသည် ခေတ်မီဆန်းပြားသည့် ဒီဇိုင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးနေရာ၌ ဈေးအပေါဆုံးသော ဒီဇိုင်းဖြင့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကျင်းပမည့် အားကစားကွင်းအား ပြင်ဆင်မွမ်းမံမည့်ကိစ္စနှင့်ပတ်သက်၍ အံ့အားသင့်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက"ကျွန်တော်ထင်ပါတယ်။ တကယ့်ကို အံ့အားသင့်စရာကောင်းတဲ့ စီမံကိန်းတစ်ခုပါ။ အိုလံပစ်အားကစားကွင်း ပြင်ဆင်မွမ်းမံမှုနဲ့ပတ်သက်တဲ့ စံချိန်စံညွှန်းတွေကို အခြေခံကအစ ကျွန်တော်လေ့လာပြီးပါပြီ။ တည်ဆောက်မယ့် အချိန်ကာလရော၊ သူ့ရဲ့ကုန်ကျစရိတ်ကိုပါ အားလုံးကို ကြည့်လိုက်တဲ့အခါမှာ အံ့သြစရာကောင်းလှပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပမည့်အားကစားကွင်းသည် ၇၈၁၀၀ စတုရန်းမီတာ ကျယ်ဝန်းပြီး ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် Tiaisei Corp က အဓိကတာဝန်ယူ၍ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။





## ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွက် အလုပ်များနေပြီဟု အာစင်ဝင်းဂါး ဖွင့်ဟ

အာဆင်နယ်အသင်း၏နည်းပြ အာစင်ဝင်းဂါးက အာဆင်နယ်အသင်း အနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလသို့ ရောက်ရှိနေပြီဖြစ်ရာ အပြောင်းအရွှေ့အတွက် အလုပ်များနေပြီဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အပြောင်းအရွှေ့ကိစ္စများအား ထုတ်ဖော်ပြောကြားလေ့မရှိသည့် အာစင်ဝင်းဂါးအနေဖြင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူနိုင်ရေးအတွက် လုပ်ဆောင်နေပြီဖြစ်ကြောင်း ဇန်နဝါရီလ ၁ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်တော် အလုပ်ရှုပ်နေပါတယ်။ အဲဒါကို လွန်ခဲ့တဲ့လကတည်းက ပြောခဲ့တာပါ။ ကျွန်တော်တို့အသင်း စစ်မျက်နှာဖွင့်ထားတဲ့ ပြိုင်ပွဲတွေအတွက် လူအင်အားနည်းနေလို့ ထပ်ဖြည့်နိုင်ဖို့အတွက် လူထပ်ခေါ်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ကွင်းလယ်ပိုင်းမှာ အားနည်းနေတဲ့အတွက် အဲဒီနေရာကိုအဓိကထားပြီး ဖြည့်သွားမှာပါ။ ဒါကြောင့် ဒီလထဲမှာကျွန်တော်တို့အသင်းအလုပ်တွေ ရှုပ်နေပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် အပြောင်းအရွှေ့ကာလအစပိုင်းမှာပင် ဘေဆယ်ကွင်းလယ်လူ အယ်လ်နီနီကို ခေါ်ယူရန်ကြိုးပမ်းလျက်ရှိရာ ပေါင် ၇ ဒသမ ၃သန်းဖြင့်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ အယ်လ်နီနီသည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရန်အတွက် ဆေးစစ်ဆေးမှုခံယူလျက်ရှိရာ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အသက်၂၃နှစ်အရွယ် အီဂျစ်လက်ရွေးစင်ကစားသမားအဲလ်နီနီသည်၂၀၁၃ ခုနှစ်က ဆွစ်ဇာလန်ကလပ်သို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင် အာဆင်နယ်အသင်းမှ ဒဏ်ရာရနေသည့် ကိုကွီလင်နှင့် ကာဇော်လာတို့၏နေရာတွင် အစားထိုးနိုင်ရန် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အယ်လ်နီနီသည် ယခုနှစ် အီဂျစ်အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ယခုနှစ်ရာသီတွင် ဘေဆယ်အသင်း၌ ၁၆ဂိုး သွင်းထားနိုင်ကြောင်း သိရသည်။

# ရေးမြို့နယ်ဈေးဆိုင်များနဲ့ လမိုင်းမြို့ဈေးဆိုင်များတွင် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး



မွန်ပြည်နယ်အတွင်းရှိစားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် စားသောက်ကုန်၊ အလှကုန်နဲ့ ဆေးဝါးများဝယ်ယူသုံးစွဲရာတွင် စိတ်ကျေနပ်မှုရရှိစေရန်နဲ့ အာမခံချက်ရှိပြီး အရည်အသွေး မြင့်မားသော ကုန်စည်များအား မှန်ကန်စွာ ရွေးချယ်ဝယ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်၍ မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်၊ ဒုတိယဦးစီးမှူး ဦးသူရဇော်နဲ့ ပြည်နယ် FDA မှ တာဝန်ခံအရာရှိ ဒေါက်တာစိုးနိုင်တို့သည် ဒီဇင်ဘာလ ၂၉ ရက် နေ့လယ် ၀၁း၀၀ နာရီတွင် ရေးမြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် ဈေးဆိုင်ပိုင်ရှင်များအား ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က စံမညီဆေးဝါးများ၏ ဘေးဥပဒ်အန္တရာယ် အကြောင်းကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းနှင့် စားသုံးရန်/ သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များ၏ ဘေးဥပဒ်အန္တရာယ် အကြောင်းကို လည်းကောင်းပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ ရေးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမေစန်းချိုနှင့်ဝန်ထမ်းများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ညနေပိုင်းတွင် ရေးမြို့နယ် မြသီတာဈေးနှင့် လမ်းဘေးဝဲယာဈေးဆိုင်များ၊ ဒီဇင်ဘာလ ၃၀ ရက်တွင် လမိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးငြိမ်းချမ်းအောင် (ဥက္ကဌ)၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းခင်မောင်ထွေး၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များနှင့်ပူးပေါင်း၍ လမိုင်းဈေး၊ မော့ကနင်ဈေးနှင့် လမ်းဘေးဝဲယာရှိ ဈေးဆိုင်များတွင် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များဖြစ်သည့် စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များ ရောင်းချနေခြင်း ရှိ/မရှိအား ကွင်းဆင်း စစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ရေးမြို့နယ် ဈေးဆိုင်များတွင် စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ကုန်စည်များဖြစ်သော အစားအသောက်တွင် ဦးဦး အမှတ်တံဆိပ်ခေါက်ဆွဲခြောက် ၇၇ ထုပ်၊ Mikiko ချယ်ရီသီးဗူး အကြီး ငါးဗူး၊ အသေး ၇၄ ဗူး၊ ဝိုင်းချစ်ပြြပ်ဆီ ၄၂၂ ဗူး ၊ အလှကုန်နှင့် ဆေးဝါးတွင် Polla Gold အကြီး ၂၆ ဗူး၊ Melasma ၄၁ ဗူး၊ Platinum ၄ ဗူး၊ Laynow ၂၂ ဗူး၊ ရက်လွန်ဆေး ၂ ကတ်၊ ချုပ်ကြိုးနှစ်ဗူးတို့အား စစ်ဆေးတွေ့ရှိရသဖြင့် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီက သိမ်းဆည်းခဲ့ပြီး မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနသို့ အပ်နှံခဲ့ပါတယ်။

ထို့နောက် ဒီဇင်ဘာလ ၃၀ ရက်တွင် လမိုင်းမြို့ အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များနှင့် ပူးပေါင်း၍ မောကနင်ဈေးနှင့် လမ်းဘေးဝဲယာရှိ ဈေးဆိုင်များတွင် စားသုံးရန်/သုံးစွဲရန် မသင့် တားမြစ်ကုန်စည်များဖြစ်သော အလှကုန်နှင့်ဆေးဝါးတွင် Polla Melasma တစ်ဗူး၊ Platinum နှစ်ဗူး၊ Laynow တစ်ဗူး၊ Baschi ငါးဗူး၊ Dr Japan ၁၂ ဗူး၊ Nineteen Nano sunblock ၁၇ ဗူး၊ Day Cream ၆ ဗူး၊ တရားမဝင် / ရက်လွန်ဆေး ၂၇ ကတ်နှင့် ၂၄၅၂ လုံး၊ စပ်ဆေး ၃၇၉ ထုပ်ခန့်၊ ရွှေစင်အကြောပြေဆေး ၂၈၈ထုပ်ခန့် တို့အား စစ်ဆေးတွေ့ရှိ ရပါသဖြင့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ သိမ်းဆည်းခဲ့ပြီး အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနသို့ အပ်နှံခဲ့တယ်လို့ သတင်းရရှိပါတယ်။

**T.Y.Z (Consumer Mon)**

## အမျိုးသမီးအိမ်တွင်းသက်မွေး ပညာကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်

ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းသက်မွေးပညာသင်ကျောင်းမှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးသန်းဦးနှင့် ဝန်ထမ်းများဟာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးရေး ဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ ဟောပြောပွဲမှာ အိမ်တွင်းသက်မွေးပညာသင်ကျောင်းအုပ်ဆရာမကြီးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးသန်းဦးက အဖွင့်အမှာစကားပြောကြားပြီး၊ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ဦးက ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးရိုးဗီဇနှင့် ပိုးမွှားများအကြောင်း၊ စားသုံးသူများ ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်းအကြောင်း၊ အကြီးတန်းစာရေး ဒေါ်စိုးယုဆွေက အစားအသောက်၊ ဆေးဝါးများကြောင့် စားသုံးသူများ ထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးခြင်းအကြောင်း၊ အကြီးတန်းစာရေး ဒေါ်ပပရွှေက တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကြောင့် စားသုံးသူများထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးခြင်းအကြောင်း၊ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းက စံချိန်စံညွှန်းမရှိသည့် လူသုံးအိမ်သုံး စက်မှုပစ္စည်းများကြောင့် စားသုံးသူများကို ထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးခြင်း အကြောင်းတို့ကို ဟောပြောခဲ့ပါတယ်။

ဟောပြောပွဲအပြီးမှာ ကျောင်းအုပ်ဆရာမကြီး၊ ဝန်ထမ်းများနှင့် သင်တန်းသူများက စားသုံးသူအကာအကွယ်ပေးခြင်းပတ်သက်၍ သိလိုတာ မရှင်းလင်းတာ ရှောင်စရာဆောင်ရွက်စရာများကို စိတ်ဝင်စားစွာ မေးမြန်းခဲ့ကြရာ ခရိုင်ဦးစီးမှူးက ဖြေကြားပြီးနောက် ဝန်ထမ်းများက စားသုံးသူများကို ထိခိုက်မှုမရှိစေရန် အကာအကွယ်ပေးခြင်းအကြောင်း ဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ပါတယ်။

အဆိုပါဟောပြောပွဲကို ဆရာမကြီးနှင့် ဝန်ထမ်း ၁၁ ဦး၊ သင်တန်းသူ ၇၈ ဦး တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ လက်ကမ်းစာစောင် ၁၀၀ စောင် ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်ဦး (ပခုက္ကူ)**

## အင်းစိန်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၊ အင်းစိန်မြို့နယ်တွင် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဒီဇင်ဘာလ ၂၄ရက် နံနက် ၁၀ နာရီတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာဆွေက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနဲ့ စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်ချက်များအကြောင်းကို စားသုံးသူအကာ



ကွယ်ပေးမှုဆိုင်ရာလုပ်ငန်းစဉ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာဖြိုးမာန်သက်ဦးက အစားအစာ၊ ဆေးဝါး၊ အလှကုန်များကို ထိန်းချုပ်နိုင်ရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်FDAဌာနရဲ့ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန (ကိုယ်စား) အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာနော်သန္တာဆွေက ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် ထောင် စုနှစ်ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရန် အကြောင်းကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အန္တရာယ်ကင်းသော စားဝတ်နေရေးဆိုင်ရာ ခေါင်းစဉ်နဲ့ လည်းကောင်း၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင် ကာကွယ်ရေးအသင်း၊ စည်းရုံးရေးနှင့်ပညာပေး အတွင်းရေးမှူး ဦးဝင်းမြင့်က ကျန်းမာစွာ နေထိုင်နိုင်ရန် ရရှိသည့် အခွင့်အရေးမှ ရွေးချယ်စားသောက်တတ်ရန် အကြောင်းကို စားသုံးသူရဲ့ တန်ကြေး ခေါင်းစဉ်နဲ့ လည်းကောင်း ပရိုဂျက်တာဖြင့် အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပါ တယ်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက် ဌာနဆိုင်ရာအချင်းချင်း ဆက်သွယ်ပြီး ဆောင်ရွက်ရန်၊ စားသုံးသူများ၏ တိုင်ကြားမှု ပိုမိုမြန်ဆန်စေရန်အတွက် Viber ဖြင့် တိုင်ကြားနိုင်အောင် ဆောင်ရွက်ပေးရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန်နှင့် စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်ဖြစ်နိုင်သည်များကို မြေပြင်တွင်တွေ့ရှိခဲ့ပါက သက်ဆိုင်သည့်ဌာနများသို့ ချိတ်ဆက်ပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တွံတေး၊ သန်လျင်၊ လှည်းကူး၊ အင်းစိန်ခရိုင်တို့မှ ခရိုင်ဦးစီးမှူးများနှင့် ဝန်ထမ်းများစုစုပေါင်း ၆၇ ဦး တက်ရောက် ခဲ့ကြောင်းသတင်းရရှိပါတယ်။

**ခင်သီ(စားသုံးသူ)ရန်ကုန်**

# မြန်မာ့စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်စို့

ခေတ်တွေ၊ စနစ်တွေပြောင်းလဲမှုက မယုံကြည်နိုင်လောက်အောင် မြန်ဆန်လွန်းလာတာနှင့်အမျှ နည်းပညာအသစ်အဆန်းများက ဆူနာမီလှိုင်းတွေထက် ပို၍အားကောင်းစွာဖြစ်ထွန်းလာပြန်တော့ အဲဒီ အကျိုးဆက်က ကျွန်မတို့နဲ့ ယဉ်ကျေးမှုချင်းပိုပြီးနီးစပ်စေခဲ့သလို ကျွန်မတို့ရဲ့ ဘဝနေထိုင်မှုကို ပိုပြီးသက်သောင့် သက်သာဖြစ်စေပါတယ်။ ပြီးပြည့်စုံတဲ့ လူနေမှုစနစ်၊ ပိုပြီးကျန်းမာတဲ့နေ့ရက်တွေ၊ ပိုပြီးကျန်းမာတဲ့ ပတ်ဝန်းကျင် အခြေအနေတွေကို ဖန်တီးပေးနိုင်ခဲ့တယ်။ထို့ထက်ပိုသော အကျိုးရလဒ်တွေနဲ့ ကျွန်မတို့ရဲ့အမြင်များကို ပို၍ကျယ်လာစေဖို့ ကူညီပေးနိုင်ခဲ့တယ်။ဒါသည်ပင်နည်းပညာပေါက်ကွဲမှုရဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။

အဲဒီအကျိုးရလဒ်တွေနဲ့ယှဉ်ပြီး ကျွန်မတို့ဘဝအတွက် အာမခံချက်မရှိတဲ့အခြေအနေတွေနဲ့လည်း ဒီကနေ့ ကြုံတွေ့လာရပါတယ်။ အထူးသဖြင့် ကျွန်မတို့ရဲ့ ကျန်းမာရေးကို အကြီးအကျယ် ခြိမ်းခြောက်နေနိုင်တဲ့ အရာတွေ ဒီပတ်ဝန်းကျင်မှာ ပတ်လည်ဝိုင်းလျက်ရှိနေပါတယ်။ကျွန်မတို့ ကိုယ်တိုင်တောင် မသိလိုက်ဘဲ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ကို အပိုင်စီးပစ်လိုက်ကြတယ်။ဝေဒနာပေါင်းစုံနဲ့ ကိုယ့်ခန္ဓာကိုယ်မပိုင်တဲ့ဘဝကို ရောက်ကြရတယ်။ နည်းပညာအကူအညီတွေနဲ့တောင် မကာကွယ်နိုင်တော့တဲ့ ဘဝတွေဖြစ်သွားကြရတယ်။

ဒီနေ့လူနေမှုဘဝမှာ ကြောက်စရာအကောင်းဆုံးကတော့ ကင်ဆာနဲ့ ဆီးချိုသွေးချိုရောဂါမျိုးဟာ လူသားတစ်ရပ်လုံးကို အကြီးအကျယ်ခြိမ်းခြောက်လျက်ရှိနေပါတယ်။ ကမ္ဘာတစ်ဝန်းက မီဒီယာတွေရဲ့ ထောက်ပြနေမှုကြားကနေပဲ ဒီပြဿနာကကြီးထွားလာနေတာပါ။ မြန်မာပြည်က မီဒီယာကြားမှာရော၊ ကမ္ဘာ့မီဒီယာတွေကြားမှာပါ ရေပန်းစားနေတဲ့ ကျွန်မတို့စားသောက်နေတဲ့ အစားအသောက်တွေရဲ့ ဘေးကင်းလုံခြုံမှုကို ဘယ်လိုလူမျိုးက အာမခံနိုင်မှာလဲ။သိပ်ပြီးလုံခြုံစိတ်ချရပါတယ်ဆိုတဲ့ နိုင်ငံခြားတွေမှာတောင် အစားအသောက်ကြောင့်ဖြစ်တဲ့ ဒုက္ခကို အလုံးစုံကာကွယ်မှုမပေးနိုင်သေးပါဘူး။ ကျွန်မတို့နိုင်ငံလို စံမမီတဲ့ စမ်းသပ်မှုစနစ်ကျတဲ့ စံသတ်မှတ်ရက်တွေနဲ့ ဘောင်မဝင်တဲ့ ကန့်သတ်ချက်တွေရှိတဲ့ နိုင်ငံမျိုးဆို ပိုလို့တောင် ဆိုးပေမပေါ့။

အထူးသဖြင့် အစားအသောက်ဟာ လူ့အသက်ကို အန္တရာယ်အပေးနိုင်ဆုံးဖြစ်တယ်။လူတို့အသက် ရှင်သန်နေထိုင်ရေးအတွက် အစားအသောက်ကို စားသောက်နေရတာဖြစ်ပါတယ်။ ဒါကြောင့် မရှိမဖြစ် စားသောက်ကုန်ပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့်စားသုံးမှုများလာသလို အစားအသောက်ကနေဖြစ်ပေါ်လာတဲ့ အန္တရာယ်များလည်း တိုးလာတယ်လို့ ပညာရှင်များက မှတ်ချက်ပြုကြပါတယ်။ အသီးလေးဆိုလည်း ပြောင်နေ၊ ဝင်းနေ၊ တင်းနေမှ ၊အရွက်လေးဆိုလည်း စိမ်းနေ၊ စိုနေ၊ တောင့်နေမှ။ အသီးနည်းနည်းသေးရင် မကြိုက်ချင်ကြ။အသီးလှလှ စိမ်းစိမ်းစိုစို၊ဝါဝါဝင်းဝင်းမှ ဆိုပြီးစားတဲ့သူ၊ ဝယ်တဲ့သူတွေ အပေါ်ယံ အမြင်ကိုပဲ ကြည့်ပြီး ဝယ်ယူကြတယ်။ ထို့အတူ လူတွေအများဆုံးစားသုံးနေကြတဲ့ ကြက်သားတွေမှာ ဝါထိန်



နေအောင် ဆိုးဆေး ဆိုးထားတာတွေ၊ ပုစွန်ဆိတ်တွေမှာ အရောင်လှပြီး ပြောင်တင်းနေအောင် အစွန်းချွတ်ရာမှာ အသုံးပြုတဲ့ အဖြူရောင်အမှုန့်တွေ ဖြူးနေတာ တွေ့မြင်ခဲ့ရပါတယ်။လှတာကိုမှ စားချင်တော့လှအောင်ပြုပြင်လာကြပါတယ်။

အသားတွေ၊ ငါးတွေက ဈေးကွက်ထဲရောက်မှ ဓာတုဗေဒပစ္စည်းတွေနဲ့ထိတွေ့ကြရတာ။ အသီးတွေ၊ အရွက်တွေ အပင်တွေကတော့ မဖြစ်ထွန်းလာခင်ကတည်းက အများစုက ဓာတုဗေဒရုပ်ကြွင်းနဲ့ ထိတွေ့နေကြတာ မျက်မြင်ထင်ရှားပါပဲ။ ခေတ်တွေကပြောင်းလဲလာတဲ့အတွက် မိရိုးဖလာသဘာဝနည်းနာတွေနဲ့ စိုက်ပျိုးနည်းတွေကို အသုံးမပြုကြတော့ဘဲ ဓာတုဗေဒပစ္စည်းမျိုးစုံတွေနဲ့ စိုက် ပျိုးရေးလုပ်ငန်းမျိုးစုံမှာ အသုံးပြုနေတာကိုလည်း တွေ့မြင်လာရပါတယ်။ အဲဒီလို ဆန်းသစ်မှုတွေက ကောင်းတာလည်းရှိသလို၊ မကောင်းတာလည်းရှိပါတယ်။

ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ အပင်ကြီးထွားဆေးတွေဆိုတာ ဘယ်လောက်ကို ဘယ်လောက်ပမာဏ၊ ဘယ်လိုသုံးရတာလဲဆိုတာမျိုးကသူ့စည်းသူ့ကမ်းရှိထားပြီးပါပြီ။ ဘယ်အဆင့်က အန္တရာယ်အဆင့်၊ ဘယ်အဆင့်ဆိုရင် စားသုံးရန်မသင့်ဆိုတာမျိုးလည်း ရှိထားပြီးသားဖြစ်ပါတယ်။ ထိုကြားထဲ အိမ်နီးချင်း အင်အားကြီးနိုင်ငံရဲ့ စံမမီတဲ့ပိုးသတ်ဆေးတွေ၊ စံချိန်စံညွှန်း မတိကျတဲ့ အပင်အားဆေးတွေ၊ ဓာတ်မြေသြဇာတွေကလည်း တံဆိပ်မျိုးစုံ နဲ့ ဝင်လာနေပြန်တယ်။ ဒါတွေကို အကုန်လုံးသာလိုက်ကြည့်နေရင် ခေတ်ကြီးကိုက ဘာမှကိုစားဖို့မသင့်တဲ့ ခေတ်ကြီးကိုပင်ဖြစ်လို့။ ဒါတွေ နေ့တိုင်းထိတွေ့ စားသောက်နေရတဲ့ ကျွန်မတို့မှာ ရောဂါဆန်းတွေ ဖြစ်နေကြတာ အမှန်ပင်ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ဘယ်ခန္ဓာကိုယ်၊ ဘယ်အစိတ်အပိုင်းဟာ ဘာတွေကြောင့်ဝေဒနာတွေဖြစ်နေလဲဆိုတာ ဆန်းစစ်ကြည့်ရင် အစားအစာကြောင့် အနေအထိုင်ကြောင့်ဖြစ်နေတာချည်းပါပဲ။ အစားအစာကြောင့် ဖြစ်တာက ပိုများလိမ့်မယ်လို့ထင်မြင်မိပါတယ်။သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာစသည်ဖြင့် ရောဂါတော်တော်များများက အစားအစာနဲ့ အဓိကသက်ဆိုင်ပါတယ်။ မျိုးရိုးလိုက်တဲ့ရောဂါ၊ ကူးစက်ရောဂါကလွဲရင်ပေါ့။ ဒါကြောင့် "အစားအစာဘေးကင်းလုံခြုံစိတ်ချရေး"ကို ကျွန်မတို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နှင့်သက်ဆိုင်ရာဌာနများပူးပေါင်းပြီး ပညာပေး စည်းရုံးဟောပြောဆွေးနွေးပွဲများကို တက်ညီလက်ညီနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့ပြင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်ပြီး ကျွန်မတို့နိုင်ငံမှာ ပြည်သူများအားလုံး အစား အသောက်ဝန်ဆောင်မှုဝယ်ယူ/သုံးစွဲရာမှာ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် နိုင်ငံတော်က ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်မှာ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀) စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး ဥပဒေမှာ အခန်း(၁၂)ခန်း၊ ပုဒ်မ ၃၁ ခု ပါရှိပါတယ်။ စားသုံးသူအခွင့်အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်အတွက် အခွင့်အရေးနှင့်တာဝန်၊ တားမြစ်ချက်၊ ပြစ်မှုနဲ့ ပြစ်ဒဏ်များပါဝင်ပါတယ်။

စားသုံးသူပြည်သူများအနေဖြင့်လည်း စားသုံးသူများဘက်မှ လိုက်နာသိရှိသင့်တဲ့ နည်းနာများကို သိရှိလိုက်နာရန်လိုအပ်ပြီး ထုတ်လုပ်သူစီးပွားရေးလုပ်ငန်းများလည်း သိသင့်သိထိုက်သောနည်းနာများကို လိုက်နာရန်လိုအပ်လှပါတယ်။ ဒါမှသာ နှစ်ဦးနှစ်ဖက်မျှမျှတတ၊မှန်မှန်ကန်ကန်ဆက်ဆံတတ်ဖို့၊ ကုန်ပစ္စည်းတွေရဲ့ သတင်းအချက်အလက်ကိုသိရှိနိုင်ဖို့၊ မတော်တဆအငြင်းပွားစရာဖြစ်လာပါက ဖြေရှင်းရင်လွယ်ကူ ရှင်းလင်းစွာနဲ့ ဖြေရှင်းသွားနိုင်ဖို့ ယင်းဥပဒေကို နားလည်သဘောပေါက်ရန် လိုအပ်လှပါတယ်။

အစားအသောက်ဘေးကင်းလုံခြုံစိတ်ချရေးတွေမှာလည်း ကျွန်မတို့သက်ဆိုင်ရာအစိုးရ ဝန်ကြီးဌာနများနှင့် အခြားသော NGO အဖွဲ့အစည်းများ ပူးပေါင်း၍သင်တန်းပေးခြင်း လေ့ကျင့်ပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးလှုပ်ရှားဆောင်ရွက်မှုများကို ထိထိရောက်ရောက် ကျယ်ပြန့်စွာလုပ်ဆောင်ရာမှာ စားသုံးသူပြည်သူများ၊ ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များကလည်း အကျိုးရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အနာဂတ်မှာ ပိုမိုမြန်ဆန်ထိရောက်သော စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပိုမိုအသက်ဝင်လာမည်ဖြစ်ကြောင်း ထင်မြင်ယူဆမိပါတယ်။

**Nyein Wai Hnin CLK**

# ကရင်ပြည်နယ်၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဘားအံမြို့ ပညာရေးကောလိပ်တွင် ဒီဇင်ဘာလ ၂၉ ရက်နေ့လည်ကကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနှင့် ဝန်ထမ်းများ၊ ကရင်ပြည်နယ် ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိ ဦးအေးကို၊ ကရင်ပြည်နယ်၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာနန္ဒအောင်အောင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးကျွမ်းကျင် ဒေါ်မွန်မွန်ခိုင်၊ ကရင်ပြည်နယ် ကျောင်းကျန်းမာရေးအဖွဲ့မှ ဒေါက်တာချောစုယဉ်နဲ့ သူနာပြုဆရာမများ၊ ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာ၊ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀၀ ခန့်တက်ရောက် ခဲ့ကြောင်းသိရပါသည်။



ဟောပြောပွဲတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးတင့်ဆန်းက စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ခေါင်းစဉ်ဖြင့် စားသုံးသူတို့၏ အခွင့်အရေး၊ စားသုံးသူတို့ ရပိုင်ခွင့်နှင့် စီးပွားရေး သမားတို့၏ လုပ်ငန်းတာဝန်များအကြောင်း၊ စားသုံးသူတို့အငြင်းပွားမှုဖြစ်လျှင် ဖြေရှင်းမည့် နည်းလမ်းများအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဟောပြောခဲ့ပါသည်။ ယင်းနောက် ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေး အရာရှိ ဒေါက်တာနန္ဒအောင်အောင်က ကျန်းမာရေးရှုထောင့်မှ စားသုံးရန်နှင့် ပြုမူနေထိုင်ကြရန်၊ အစားအသောက်များ ရွေးချယ်စားသုံးကြရန် ဆွေးနွေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးကျွမ်းကျင် ဒေါ်မွန်မွန်ခိုင်က ဆေးဝါးအတု၊ ရက်လွန်ဆေးဝါး၊ စပ်ဆေး၊ တရားမဝင် အတုအပဆေးများအကြောင်း ဆွေးနွေးခြင်း၊ ကျောင်းကျန်းမာရေးမှ သူနာပြု ဆရာမ ဒေါ်နန်းဆုမာလေးက တီဘီရောဂါ အကြောင်း အသိပညာ ဖြန့်ဝေခြင်း၊ ပြည်နယ် ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိဦးအေးကိုက ဥပဒေဆိုင်ရာအချက်အလက်နှင့် ပတ်သက်ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်အကြောင်း၊ စားသုံးသူအတွက် အခိုင်အမာရပ်တည်နေပြီဖြစ်ကြောင်း၊ ဥပဒေဆိုင်ရာရှုထောင့်မှ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ ယင်းနောက် သင်တန်းသား/သူများကို ပဲနို့ရည်နှင့် မုန့်များကို ဝေငှပေးခဲ့ပြီး ကျောင်းအုပ် ဆရာမကြီးက စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲကို ပြုလုပ်ပေးသော ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်စပ်ပြောဟောပေးပါသော ဦးစီးဌာန အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ ဟောပြောပွဲကို ညနေ ၄ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်**
**စားသုံးသူရေးရာဌာနခွဲ**

Organizations News
Vol: 16, No.1 Monday January 4 2016

# ပို့ကုန်ထောက်ပံ့ကြေးပေးတာကို အဆုံးသတ်ဖို့ ချမ်းသာတဲ့နိုင်ငံတွေက ဒဗလျူတီအိုအစည်းအဝေးမှာ သဘောတူ

ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွေကို ၁၄ နှစ်ကြာ ဆွေးနွေး ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့တဲ့တိုင်အောင် ဖြေရှင်းနိုင်ခြင်းမရှိခဲ့ပေမယ့် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာကျင်းပတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)ဝန်ကြီးအဆင့် အစည်းအဝေးကို တက်ရောက်လာကြတဲ့ စေ့စပ်ညှိနှိုင်းရေးမှူးတွေက လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေ တိုက်ရိုက်တင်ပို့ရာမှာ ထောက်ပံ့ ကြေးပေးတာကိုရပ်ဆိုင်းဖို့ သဘောတူခဲ့ကြကြောင်း အိုင်းရစ်အိပ်စ်မိုင်းနား ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ပို့ကုန်ထောက်ပံ့ကြေးပေးတာကို ဖွံ့ဖြိုးပြီးနိုင်ငံတွေက ချက်ချင်းဖျက်သိမ်းပေးမှာဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပို့ကုန်တိုက်ရိုက် ထောက်ပံ့ကြေးပေးမှုကို ၂၀၁၈ ခုနှစ်မှာ အပြီးသတ်ရပ်ဆိုင်းပေးမှာဖြစ်ကြောင်း ဝန်ကြီးအဆင့်အစည်း အဝေးအပြီး ကြေညာချက်မှာ ဖော်ပြပေးထားပါတယ်။

“ပို့ကုန်ယှဉ်ပြိုင်မှုနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်က တကယ်ကိုထူးခြားတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်”လို့ ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ရောဘတ်တို အဇယ်ဗယ်ဒိုက အစည်းအဝေးမှာ ပြောပါတယ်။

ထုတ်ပြန်တဲ့ ကြေညာချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အထူးကာကွယ်ရေးယန္တရားကို အသုံးပြုခွင့်ရမှာဖြစ်ပြီး ဒီအခွင့်အရေးအရ သွင်းကုန်တွေ အဆမတန် မြင့်တက်မှုနဲ့ ဈေးနှုန်းကျဆင်းနေတာကို ကာကွယ်ဖို့အတွက် အခွန်နှုန်းတွေကို ယာယီတိုးမြှင့်ခွင့်ရရှိမှာဖြစ်ပါတယ်။ အဆိုပါအခွင့်အရေးအရ ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးနိုင်ငံတွေက ကုန်ပစ္စည်းတွေ တင်ပို့တဲ့အခါ ဈေးကွက်မှာ ရောင်းချနိုင်ဖို့အတွက် အထူးအခွင့်အရေးတွေကို ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။

နယ်စပ်ဖြတ်ကျော်ဆောင်ရွက်တဲ့ ကူးသန်းရောင်းဝယ်မှုကို လှုံ့ဆော်အားပေးခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်မှုမှာ ယူရိုဘီလီယံပေါင်းများစွာ ထပ်မံတိုးတက်အောင် ဆောင်ရွက်ဖို့ ရည်ရွယ်ချက်နဲ့ ကာတာနိုင်ငံ ဒိုဟာမြို့မှာ ဆွေးနွေးပွဲတွေ ကျင်းပခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်က စတင်ခဲ့တဲ့ ဒိုဟာဆွေးနွေးပွဲရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး နောက်ဆုံးထုတ်ပြန်တဲ့ ကြေညာချက်မှာ သဘောတူညီမှုမရရှိခဲ့ပါ ဘူး။

အထူးသဖြင့် ဖွံ့ဖြိုးပြီးကမ္ဘာမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ထောက်ပံ့ကြေးပေးနေတဲ့ ကိစ္စတွေမှာ ချမ်းသာတဲ့နိုင်ငံတွေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေအကြား သဘောထားကွဲလွဲမှုတွေ ရှိခဲ့တဲ့အတွက် ကုန်သွယ်ရေးဖွံ့ဖြိုးမှုနဲ့ ပတ်သက်တဲ့ စေ့စပ်ညှိနှိုင်းမှုတွေ လိမ်ခဲတည်းလည်း ဖြစ်ခဲ့ရကြောင်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။

# ဒဗလျူတီအိုအဖွဲ့ဝင်အဖြစ် နှစ်နှစ်အတွင်း အီရန်နိုင်ငံရရှိနိုင်

မကြာမီကာလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အတွင်းသို့ အီရန်နိုင်ငံဝင်ရောက်နိုင်တော့မှာ ဖြစ်ကြောင်းနဲ့ ဒဗလျူတီအိုအဖွဲ့ဝင်အဖြစ် အီရန်နိုင်ငံရဲ့ ကြိုးပမ်းချက် အမေရိကန်အစိုးရက နှောင့်ယှက်ဟန့်တားမည်ဆိုပါက ကိုယ့်ဒုက္ခကိုယ်ရှာခြင်းသာဖြစ်ကြောင်း အီရန်စက်မှုဝန်ကြီး မိုဟာမက်ရီဇာနာမက်ဇာဒက် ကပြောပါတယ်။

“နှစ်နှစ်မပြည့်မီကာလအတွင်း ကျွန်တော်တို့နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ဝင်ရောက်နိုင်ပါလိမ့်မယ်”လို့ ဒီဇင်ဘာ ၂၆ ရက်က ထုတ်လွှင့်တဲ့ ရုပ်သံမိန့်ခွန်းမှာ သူက ပြောပါတယ်။

ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ဖို့ အီရန်နိုင်ငံက ၁၉၉၅ ခုနှစ်မှာ လျှောက်ထားခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ လေ့လာသူအဖြစ် တက်ရောက်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီနောက်ပိုင်းကစပြီး စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေပြုလုပ်ပြီး တချို့နိုင်ငံတွေက အီရန်နိုင်ငံအဖွဲ့ဝင်အဖြစ် လျှောက်ထားတာကို ဆန့်ကျင်ခဲ့ကြောင်း ဝန်ကြီးကပြောပါတယ်။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာ မကြာသေးမီကကျင်းပတဲ့ အစည်းအဝေးမှာ နိုင်ငံ ၂၀ မှ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ရာ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံအဖြစ် အီရန်နိုင်ငံပါဝင်ရေးကိစ္စကို အပြုသဘောအမြင်ရှိကြောင်း သူကပြောပါတယ်။

အီရန်နိုင်ငံနဲ့ Group 5+1 (ရုရှား၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီ)တို့ နျူကလီးယားသဘောတူညီချက်ကို ဇူလိုင်မှာ အကောင်အထည်ဖော်ပြီးနောက်ပိုင်း ဒဗလျူတီအိုရဲ့အဖွဲ့ဝင်နိုင်ငံအဖြစ် အီရန်နိုင်ငံပါဝင်ရေးအတွက် အခြေအနေသစ်များ လမ်းပွင့်သွားပြီလို့ မျှော်လင့်ထားကြောင်း သူကပြောပါတယ်။

အီရန်နိုင်ငံရဲ့ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ နောက်ဆုံးဥပဒေပြဋ္ဌာန်းချက်တွေကို တင်ပြဖို့အီရန်နိုင်ငံကအသင့်ရှိနေပြီး နည်းဥပဒေတွေနဲ့ အခွန်အကောက်တွေကို ဒဗလျူတီအိုစည်းမျဉ်းတွေနဲ့ ကိုက်ညီအောင် ပြင်ဆင်သွားမှာဖြစ်ကြောင်း သူကပြောပါတယ်။ အီရန်နိုင်ငံလျှောက်ထားမှုကို အမေရိကန်ပြည်ထောင်စုက ဆန့်ကျင်နိုင်မှုရှိမရှိမေးမြန်းချက်ကိုဖြေကြားရာမှာ နျူကလီးယားစေ့စပ်ညှိနှိုင်းမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက်ပိုင်း အနေနဲ့ အဟန့်အတားပေးမည်ဆိုပါက အမေရိကန်ပြည်ထောင်စုက ကိုယ့်ဒုက္ခကိုယ်ရှာခြင်းသာဖြစ်ကြောင်း သူကပြောပါတယ်။

# တရုတ်နိုင်ငံ ဦးဆောင်တဲ့ အေအိုင်အိုင်ဘီဘဏ်တွင် ဖိလစ်ပိုင်နိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်

တရုတ်နိုင်ငံက ဦးဆောင်တဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေးဘဏ်- အေအိုင်အိုင်ဘီ (Asian Infrastructure Investment Bank-AIIB) ဘဏ်က ဖိလစ်ပိုင်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်တင်ပေးမယ့် အလားအလာရှိတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် ယူဆထားတဲ့အတွက် ဖိလစ်ပိုင်နိုင်ငံက ဒီအဖွဲ့ကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖို့ဆောင်ရွက်နေကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

အေအိုင်အိုင်ဘီဘဏ်ကို တရားဝင်အဖွဲ့အစည်းအဖြစ်ထူထောင်ခဲ့ရာ လာမယ့်နှစ်ဦးပိုင်းကစပြီး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ခန့်မှန်းထားပါတယ်။



အမေရိကန်အစိုးရက ဆန့်ကျင်ထားပေမယ့် ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)တို့နဲ့ ပြိုင်ဖက်သဖွယ်ဖြစ်နေတဲ့ ဒီဘဏ်ကို ဩစတြေးလျ၊ ဗြိတိန်၊ ဂျာမနီ၊ အီတလီနဲ့ တောင်ကိုရီးယားအစရှိတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ မဟာမိတ်တွေက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိပါတယ်။

“ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာမှာ အေအိုင်အိုင်ဘီက အလားအလာရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်”လို့ ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီးဆီဇာပူရီဆီမာက ပြောပါတယ်။ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ ပွင့်လင်းမှုနဲ့ တာဝန်ယူမှုတွေရှိအောင် ဆောင်ရွက်ဖို့ အေအိုင်အိုင်ဘီဘဏ်က ကတိပြုထားကြောင်း သူကပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးအတွက် ငွေကြေးထောက်ပံ့ရန် ၂၀၁၀ ပြည့်နှစ် ကနေ ၂၀၂၀ ပြည့်နှစ်အထိ အမေရိ ကန်ဒေါ်လာ ၁၂၇ ဘီလီယံ လိုအပ်လိမ့်မယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားပါတယ်။

အေအိုင်အိုင်ဘီမှာ ခွင့်ပြုပြီးရင်းနှီး မတည်ငွေရင်းက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ လျာထားတဲ့အနက် ဘဏ်စတင်တည်ထောင်ရာမှာ ပါဝင်တဲ့ နိုင်ငံတွေက ကနဦး ထည့်ဝင်ငွေအဖြစ် ၂၀ ရာခိုင်နှုန်းကို ထည့်ဝင်မှာဖြစ် ပါတယ်။

ဖိလစ်ပိုင်နိုင်ငံက အေအိုင်အိုင်ဘီအတွက် ထည့်ဝင်ဖို့ လျာထားငွေက အမေရိကန်ဒေါ်လာ ၁၉၆ သန်းဖြစ်ပြီး ငါးနှစ်ကျော်ကာလအတွင်း ထည့်ဝင်သွားမှာဖြစ်ပါတယ်။

အေအိုင်အိုင်ဘီ ဘဏ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမှာ ကျင်းပမှာ ဖြစ်ပါတယ်။

# အာဆီယံဒေသမှာ ထိုင်းရင်းနှီးမြှုပ်နှံမှုမြင့်တက်

ယခုနှစ် ဇန်နဝါရီမှ စက်တင်ဘာအထိ ထိုင်းနိုင်ငံက ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံတဲ့ပမာဏရဲ့ ၂၇ ရာခိုင်နှုန်း၊ ပမာဏအားဖြင့် ဘတ် ၆၄ ဒသမ ၇၅ ဘီလီယံကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံတာဖြစ်ပြီး ၂၀၀၅ ခုနှစ်က ရင်းနှီးမြှုပ်နှံမှု ဘတ် ၂၃ ဘီလီယံသာရှိရာကနေ မြင့်တက်လာတာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။ အဆိုပါကာလက အာဆီယံဒေသမှာ ရင်းနှီးမြှုပ်နှံမှုက ဘတ်သုံးဘီလီယံ သို့မဟုတ် ရာခိုင်နှုန်း အားဖြင့် ၁၃ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။

ထိုင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းကုမ္ပဏီတွေက ပင်လယ်ရပ်ခြားကို ဦးတည်ထွက်ခွာလျက်ရှိရာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်သားများ လွတ်လပ်စွာစီးဆင်းနိုင်မှုတို့အတွက် အလားအလာကောင်းတွေ ဖြစ်ပေါ်စေမယ့် အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ)ရဲ့ ကျေးဇူးကြောင့် အာဆီယံဒေသက အဓိကဦးတည်ရာ ဒေသဖြစ်ခဲ့ပါတယ်။

ချာအိုရင်ပေါက်ဖန်းဂရု၊ ဆီယမ်စီးမင့် ဂရု၊ ပီတီတီဂရု၊ ဆီယမ်စီးတီးစီးမင့်၊ ထိုင်းအဖျော်ယမကာလုပ်ငန်း၊ ဘန်ပုဂရု၊ ရက်ချာဘူရီ လျှပ်စစ်ထုတ်လုပ်ရေး ဦးပိုင်ကုမ္ပဏီနဲ့ ထိုင်းယူနီယံ ဂရုတို့ အပါအဝင် ကုမ္ပဏီကြီးတွေက အာဆီယံနိုင်ငံများသို့ ထိုးဖောက်ဝင်ရောက်ရာမှာ ပထမဆုံး စီးပွားရေးလုပ်ငန်းတွေဖြစ်ပါတယ်။ အဆိုပါ ကုမ္ပဏီကြီးများရဲ့နောက်မှ လုပ်ငန်းကဏ္ဍအမျိုးမျိုးရဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေက ဒေသအတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်တွေ ခံစားနိုင်ဖို့ ထပ်ချပ်မကွာ လိုက်ပါဆောင်ရွက်လာကြပါတယ်။

ဥပမာအားဖြင့် Siang Pure Oil Group က ကမ္ဘောဒီးယားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့လျက်ရှိပါတယ်။ MK Restaurant ကလည်း အင်ဒိုနီးရှား၊ မလေးရှားနဲ့ စင်ကာပူမှာ လုပ်ငန်းတွေ တိုးချဲ့လျက်ရှိပါတယ်။ Coca Holding International ကလည်း လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ စင်ကာပူ၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့မှာ လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။

လွန်ခဲ့တဲ့ လေးနှစ်အတွင်းမှာ ထိုင်းနိုင်ငံမှ အာဆီယံနိုင်ငံများသို့ အသားတင်ရင်းနှီးမြှုပ်နှံမှု စီးထွက်မှုက အဆက်မပြတ် တိုးတက်နေကြောင်း ထိုင်းဗဟိုဘဏ်က ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# စင်ကာပူရှိ ဘဏ်အလုပ်အကိုင်တွေအတွက် အခက်အခဲရှိ

စင်ကာပူ လူအင်အားဌာနက ထုတ်ပြန်တဲ့ စာရင်းများအရ ဘဏ္ဍာရေးကဏ္ဍက စင်ကာပူရှိအလုပ်အကိုင်များအတွက် အဓိကအရင်းအမြစ်တစ်ခုဖြစ်ကြောင်းနဲ့ စက်တင်ဘာအထိ စာရင်းအရ ဝန်ထမ်းနှစ်သိန်းကျော်ရှိပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) ရဲ့ ၁၂ ရာခိုင်နှုန်းရှိကြောင်း စီအင်န်အေသတင်းအရ သိရပါတယ်။

ဘဏ္ဍာရေးကဏ္ဍ တစ်ခုလုံးရဲ့ အလုပ်အကိုင်သစ်ရရှိမှုက တတိယသုံးလပတ်မှာ အလုပ်အကိုင် ၂၆၀၀ ပိုမိုရရှိပြီးတိုးတက်မှု ရှိခဲ့ပေမယ့် ဘဏ်လုပ်ငန်းကဏ္ဍရဲ့ အချို့နယ်ပယ်တွေမှာ အလုပ်အကိုင်အခြေအနေက အခက်အခဲနဲ့ ရင်ဆိုင်နေရတာကို တွေ့ရကြောင်း လူအင်အားဝန်ကြီးဌာနက ထုတ်ပြန်တဲ့ စာရင်းများအရ သိရပါတယ်။

အမျိုးသားအဆင့် စီးပွားရေးဖြစ်တဲ့မေခရိုစီးပွားရေးအားနည်းမှုနဲ့ ကြီးကြပ်ထိန်းချုပ်ရာမှ တင်းကျပ်မှုကြောင့် ကုန်ကျစရိတ်တွေမြင့်မားလာတဲ့အတွက် ကမ္ဘာ့ဘဏ်တွေမှာ အကျိုးအမြတ်ကျဆင်းလျက်ရှိပါတယ်။ ကဏ္ဍတစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် ၂၀၁၅ ခုနှစ်မှာ ဘဏ်အလုပ်အကိုင်ပေါင်း တစ်သိန်းနီးပါး ကျဆင်းမယ်လို့ Financial Times သတင်းဌာနက ခန့်မှန်းထားပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ကြည့်ရင် စတန်းဒတ်ချာတာ ဘဏ်၊ ဘာကလေဘဏ်နဲ့ ဒွိုက်ချ်ဘဏ်တို့က ဦးဆောင်ပြီး အလုပ်အကိုင်တွေ လျှော့ချလျက်ရှိရာ အာရှမှာ အဓိကဘဏ္ဍာရေး ဗဟိုဌာနတစ်ခုဖြစ်တဲ့ စင်ကာပူနိုင်ငံမှာလည်း အလုပ်အကိုင် လျှော့ချရတဲ့ အဖြစ်မှ လွတ်ကင်းမှုမရှိခဲ့တာတွေ့ ရပါတယ်။

စီးပွားရေးလုပ်ငန်း ပုံစံသစ်တွေကလည်း ရှေးရိုးစဉ်လာ ဘဏ်လုပ်ငန်းတွေကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေခဲ့ပါတယ်။

"ဒစ်ဂျစ်တယ်စနစ်နဲ့ ဆောင်ရွက်တဲ့ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာသစ်တွေက ရှေးရိုးစဉ်လာ ဘဏ်လုပ်ငန်းတွေအတွက် စိန်ခေါ်မှုတွေဖြစ်ခဲ့ပါတယ်။ ဘဏ်အလုပ်အကိုင်တွေ လျှော့ချရတဲ့အကြောင်းတွေထဲမှာ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းနဲ့ အွန်လိုင်းဘဏ်လုပ်ငန်းတွေ ထွန်းကားလာရတာက အဓိကအကြောင်းရင်းဖြစ်နိုင်ပါတယ်။

ဒါကြောင့် လာမယ့်တစ်နှစ်နှစ်နှစ်အတွင်း ဒီလိုပဲ ဆက်ဖြစ်မယ်လို့ ထင်ပါ တယ်"လို့ Deloitte Singapore မှ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ခေါင်းဆောင် မစ္စတာဟိုကုတ်ယောင်းက ပြောပါတယ်။

# နိုဝင်ဘာမှာ ၁၁ လမြောက်အဖြစ် ထိုင်းပို့ကုန်များကျဆင်း




ထိုင်းနိုင်ငံရဲ့ နိုဝင်ဘာပို့ကုန်မှာ ၁၁ လမြောက်ဆက်တိုက်ကျဆင်းခဲ့ရာ အများကမျှော်လင့်ထားသည်ထက်ပိုမိုကျဆင်းခဲ့တာကိုတွေ့ပါတယ်။ အလားတူ သွင်းကုန်များလည်း ထပ်မံကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကိုအားထား လျက်ရှိတဲ့ ထိုင်းနိုင်ငံရဲ့ စီးပွားရေးက စစ်တပ်မှအာဏာသိမ်းပြီးနောက်ပိုင်း ၁၉ လကြာတဲ့အထိ ကျဆင်းနေဆဲဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ်မေလမှာ စစ်တပ်မှ အာဏာသိမ်းယူခဲ့တဲ့အတွက် နိုင်ငံရေးမတည်ငြိမ်မှုများအဆုံးသတ်သွားပေမယ့် ပို့ကုန်နဲ့ပြည်တွင်းစားသုံးမှုတွေက ဆက်လက်ကျဆင်းနေဆဲ ဖြစ်ပါတယ်။ ထိုင်းပို့ကုန်က ၂၀၁၅ ခုနှစ်မှာ တတိယမြောက်နှစ်အဖြစ် ဆက်လက်ကျဆင်းခဲ့ပြီး ၂၀၁၆ ခုနှစ်မှာလည်း ဖွံ့ဖြိုးမှု မရှိနိုင်ဘူးလို့ ထိုင်းဗဟိုဘဏ်က ဒီဇင်ဘာ ၂၅ ရက်နေ့က ပြောပါတယ်။

"ဒီအခြေအနေကိုလေ့လာခြင်းအားဖြင့် လာမယ့်နှစ်မှာ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်မယ်ဆိုရင် ပို့ကုန်တစ်ခုတည်းကို မှီခိုအားထားလို့ မရနိုင်ဘူးဆိုတာကို တွေ့ရပါတယ်"လို့ KTZ Zmico ကုမ္ပဏီရဲ့ စီးပွားရေးပညာရှင်သမ်မရက်ကစ်တီဆီရီပက် က ပြောပါတယ်။

နိုဝင်ဘာလမှာ တရုတ်နိုင်ငံသို့ ပို့ကုန်က ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၆ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး ဂျပန်နိုင်ငံသို့ ပို့ကုန်က ၄ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဥရောပသို့ ပို့ကုန်က ၆ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ပို့ကုန်က ၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ထိုင်းနိုင်ငံရဲ့ သွင်းကုန်က ၉ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပေမယ့် နိုဝင်ဘာလက ကျဆင်းမှုရဲ့ ထက်ဝက်ခန့်သာရှိပြီး စစ်တမ်းများအရကျဆင်းမယ်လို့ ခန့်မှန်းခဲ့တဲ့ ၁၄ ဒသမ ၅ ရာခိုင်နှုန်းအောက်အများကြီး နည်းနေတာကို တွေ့ရပါတယ်။

၂၀၁၆ ခုနှစ်အတွက် ထိုင်းနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မူလက ၃ ဒသမ ၇ ရာခိုင်နှုန်းရှိမယ်လို့ မူလက ခန့်မှန်း ထားခဲ့ရာမှ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိမယ်လို့ လျှော့ချခန့်မှန်းထားပါတယ်။ ယခုနှစ်ဖွံ့ဖြိုးမှုနှုန်းက သုည ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

# ပင်လယ်ရပ်ခြားရောက် ဗီယက်နမ်လူမျိုးများရဲ့ ရင်းနှီးမြှုပ်နှံမှုက နိုင်ငံဖွံ့ဖြိုးမှုအတွက် အရေးပါ

ဗီယက်နမ်နိုင်ငံမှာ ပင်လယ်ရပ်ခြားရောက် ဗီယက်နမ်လူမျိုးများရဲ့ ရင်းနှီးမြှုပ်နှံမှုက ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်လို့ စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိ ဒေါင်ဖောင်းသာအိုက ပြောပါတယ်။ ဟန္ဒိုင်းမြို့မှာ ဒီဇင်ဘာ ၂၇ ရက်က နိုင်ငံခြားရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပင်လယ်ရပ်ခြားရောက် ဗီယက်နမ်လူမျိုးများကော်မတီ (State Committee for Overseas Vietnamese-SCOV) က တာဝန်ယူကျင်းပတဲ့ အစည်းအဝေးမှာ သာအိုက ယခုလို ပြောကြားခဲ့တာဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ပင်လယ်ရပ်ခြားရောက် ဗီယက်နမ်လူမျိုးတွေက ဗီယက်နမ်နိုင်ငံရှိ ပြည်နယ်နဲ့ မြို့ကြီး ၆၂ ခုအနက် ၅၂ ခုမှာ ရင်းနှီးမြှုပ်နှံထားကြောင်း သာအိုက ပြောပါတယ်။ လောလောဆယ် နိုင်ငံတစ်ဝန်းလုံးမှာ သူတို့ရင်းနှီးမြှုပ်နှံထားတဲ့ စီးပွားရေးလုပ်ငန်းပေါင်း ၃၆၀၀ ရှိပြီး စီမံကိန်းနှစ်ထောင်မှာ ရင်းနှီးမြှုပ်နှံထားတဲ့တန်ဖိုးက အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံရှိပါတယ်။ အဓိကထားပြီး ဆောင်ရွက်တဲ့ စီမံကိန်းနယ်ပယ်တွေက ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဆောက်လုပ်ရေးနဲ့ အိမ်ခြံမြေလုပ်ငန်းတွေ ပါဝင်သလို ပို့ကုန်လုပ်ငန်းများ ထုတ်လုပ်မှု၊ ငါးမွေးမြူရေးနဲ့ ပင်လယ်စာပြုပြင်မှုလုပ်ငန်းတွေလည်း ပါဝင်ပါတယ်။ ဒီစီမံကိန်းများမှ နှစ်စဉ်ရရှိတဲ့ ပျမ်းမျှဝင်ငွေက အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရှိပါတယ်။

ပင်လယ်ရပ်ခြားရောက် ဗီယက်နမ်လူမျိုး စီးပွားရေးလုပ်ငန်းများနဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်များက Techcombank နဲ့ VP Bank အပါအဝင် ဘဏ်လုပ်ငန်းများ၊ Vingroup နဲ့ Sungroup အပါအဝင် အိမ်ခြံမြေလုပ်ငန်းများနဲ့ ခရီးသွားလုပ်ငန်းများမှာ ရှယ်ယာများ ထည့်ဝင်ထားကြပါတယ်။ သူတို့အားလုံးက Eurowindow နဲ့ Masan တို့ကဲ့သို့သော ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးတွေမှာလည်း ရင်းနှီးမြှုပ်နှံထားကြပါတယ်။

ပင်လယ်ရပ်ခြား ဒေသရောက် ဗီယက်နမ်လူမျိုးတွေရဲ့ ကမ္ဘာ့စီးပွားရေးလုပ်ငန်းအသိုက်အဝန်းမှာ ၂၀၁၂ ခုနှစ်က စီးပွားရေးလုပ်ငန်းပေါင်း တစ်သောင်းအထိပါဝင်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဈေးကွက်တွေထဲမှာ ဗီယက်နမ်ကုန်ပစ္စည်းတွေ ထိုးဖောက်ဝင်ရောက်နိုင်ဖို့အတွက် အထောက်အကူပေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ SCOV ရဲ့ ဥက္ကဋ္ဌ ဗူယောင်နမ်က ပြောပါတယ်။

## ၂၀၁၆ ခုနှစ်မှာ ဖြစ်ပေါ်လာမယ့် အထိတ်တလန့်ဖြစ်မှုများအတွက် ဖိလစ်ပိုင်ကအသင့်ဖြစ်

ကမ္ဘာ့ကုန်သွယ်ရေးမှာ အခက်အခဲတွေ ဆက်လက်တည်ရှိနေမယ်လို့ ခန့်မှန်းထားကြပေမယ့် ၂၀၁၆ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးက ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ဖိလစ်ပိုင် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းတွေ ကျဆင်းနေပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ အလားအလာက တောက်ပကောင်းမွန်နေကြောင်း ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းများအသင်း (Philippine Exporters Confederation) ဥက္ကဋ္ဌ ဆီဂီယိုအောတစ်လူဝစ်ဂျူနီယာက ပြောပါတယ်။

ကမ္ဘာ့ပို့ကုန်လုပ်ငန်း ကျဆင်းနေပေမယ့် ဖိလစ်ပိုင်နိုင်ငံက အာရှဒေသမှာ "တောက်ပတဲ့ နေရာတစ်နေရာ' အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း သူကပြောပါတယ်။ အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွေမှာ အထိတ်တလန့်ဖြစ်ပေါ်မှုတွေ ရှိနေပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ ပြည်တွင်းစီးပွားရေး မောင်းနှင်အားတွေက စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးပညာရှင်တွေက လက်ခံထားတယ်လို့ သူကပြောပါတယ်။

ဖိလစ်ပိုင်စီးပွားရေးမှာ အားသာချက်တွေ အမြောက်အမြား ရှိနေကြောင်း၊ အဲဒီအားသာချက်တွေထဲမှာ အာရှဒေသနဲ့ အရှေ့တောင်အာရှနိုင်ငံများ အသင်းဝင်နိုင်ငံများရှိ လွတ်လပ်တဲ့ စီးပွားရေးကျင့်သုံးတဲ့ နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ဖိလစ်ပိုင်စီးပွားရေးက ကမ္ဘာ့စီးပွားရေး ကသောင်းကနင်းဖြစ်မှုတွေကနေ ကင်းလွတ်နေတာကလည်း တစ်ခုအဖြစ် ပါဝင်ကြောင်း သူကပြောပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ခိုင်မာတဲ့ စီးပွားရေးအခြေခံတွေ တည်ရှိနေသကဲ့သို့ ပြည်တွင်းစားသုံးမှုကလည်း အတိုင်းအဆ ကြီးမားကြောင်း သူကပြောပါတယ်။

ပြည်ပမှ ဝယ်လိုအားတွေ ကျဆင်းတဲ့အတွက် ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်း တွေက ၂၀၁၅ ခုနှစ် အောက်တိုဘာမှာ ၁၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ခုနစ်လမြောက် ဆက်တိုက်ကျဆင်းခဲ့တာဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ပါတယ်။ ဒါပေမဲ့ စက်တင်ဘာလက ကျဆင်းခဲ့တဲ့ ၂၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် ကျဆင်းမှု နည်းပါးနေသေးတာကို တွေ့ရပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဆိုးလ်

တရုတ်နိုင်ငံ အပါအဝင် တောင်ကိုရီးယားရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးမှု နှုန်းနှေးကွေး ကျဆင်းမှု၊ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်ကျဆင်းမှုတို့ကြောင့် ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တောင်ကိုရီးယားနိုင်ငံရဲ့ နိုဝင်ဘာ ပြည်ပတင်ပို့မှုက ၁၃ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၆၄ ဘီလီယံအထိ ကျဆင်းခဲ့ကြောင်း ဒီဇင်ဘာ ၁ ရက်က ထုတ်ပြန်တဲ့ အစိုးရကိန်းဂဏန်းများကို ကိုးကားပြီး ယွန်ဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### မနီလာ

ဖိလစ်ပိုင်နိုင်ငံမှာ နိုင်ငံခြားအီလက်ထရွန်းနစ် ကုမ္ပဏီများက စက်ရုံများ လာရောက်တည်ထောင်ကြတဲ့အတွက် ယခုနှစ်အတွင်းမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ အီလက်ထရွန်းနစ်လုပ်ငန်းက တိုးတက်မှုရှိတဲ့ အခြေအနေကို ရောက်ရှိလာနိုင်ကြောင်း ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်များအသင်း (Philippine Exporters Confederation Inc-Philexport)ရဲ့ ပြောကြားချက်ကို ဖီးလ်စတားသတင်းမှာ ကိုးကားဖော်ပြပါတယ်။

### ဟနွိုင်း

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းမြင့်မားလာခြင်း၊ ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်စေ့စပ်ညှိနှိုင်းမှုများအရ ပြည်တွင်းစီးပွားရေးမှာ အခွင့်အလမ်းများ ပေါ်လာခြင်းတို့ကြောင့် ဗီယက်နမ်စီးပွားရေးက ၂၀၁၆ ခုနှစ်မှာ ၆ ဒသမ ၇ ရာခိုင်နှုန်းမှ ၆ ဒသမ ၈ ရာခိုင်နှုန်းအတွင်း တိုးတက်လာနိုင်ကြောင်း ဘဏ္ဍာရေးကြီးကြပ်မှုကော်မရှင်ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဗီယက်နမ် နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။

### ဝါရှင်တန်

အမေရိကန်နိုင်ငံရဲ့ အလုပ်လက်မဲ့ ခံစားခွင့် လျှောက်ထားသူ အရေအတွက်က ဒီဇင်ဘာ ၂၆ ရက်မှာ ကုန်ဆုံးတဲ့ ရက်သတ္တပတ်အတွင်း နှစ်သောင်းထပ်မံတိုးတက်ပြီး ၂၈၇၀၀၀ရှိခဲ့ကြောင်း အမေရိကန်အလုပ်သမားဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ရက်ကထုတ်ပြန်ခဲ့ရာ ဇူလိုင်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်းနဲ့ အမေရိကန် အလုပ်အကိုင်ဈေးကွက်ရဲ့ အရှိန်အဟုန်ကျဆင်းမှုကို ပြသလျက်ရှိကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**MIDDLE EAST**

## ရေနံဈေးနှုန်းများ ကျဆင်းမှုကြောင့် ဆော်ဒီအာရေးဘီးယားက ထောက်ပံ့မှုတွေ ထူးထူးခြားခြားလျှော့ချ

ရေနံစိမ်းဈေးနှုန်းများ ကျဆင်းမှုကြောင့် ဘတ်ဂျက်လိုငွေ စံချိန်တင်မြင့်တက်ခဲ့ပြီးနောက်ပိုင်း ဆော်ဒီအာဏာပိုင်တို့က ရေနံထုတ်လုပ်မှုထောက်ပံ့ကြေးများကို ဒီဇင်ဘာ ၂၉ ရက်က ထူးထူးခြားခြား လျှော့ချခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဆော်ဒီအာရေးဘီးယားနိုင်ငံက ဆယ်စုနှစ်ပေါင်းများစွာ သက်သာချောင်ချိရေးစနစ်ကို ရက်ရက်ရောရော ကျင့်သုံးခဲ့တာကို စွန့်လွှတ်ပြီး၊ လောင်စာဆီ၊ လျှပ်စစ်ဓာတ်အား၊ ရေ၊ လေယာဉ်လက်မှတ်နဲ့ စီးကရက်စတဲ့ ပစ္စည်းတွေရဲ့ ဈေးနှုန်းများကို မြှင့်တင်ကြောင်း ဆော်ဒီအစိုးရက ကြေညာခဲ့ပါတယ်။

ရေနံကြွယ်ဝတဲ့ ဆော်ဒီအာရေးဘီးယားနိုင်ငံသားတွေက အခြေခံကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေအတွက် ဈေးနှုန်းများကို သက်သာစွာ ခံစားခဲ့ကြရပါတယ်။

ဒါပေမဲ့ လွန်ခဲ့တဲ့ လပေါင်း ၁၈ လကျော်မှာ ရေနံစိမ်းဈေးနှုန်းတွေ အဆမတန် ကျဆင်းခဲ့ပြီးနောက် အဆိုပါ အခွင့်အရေးများ ရေရှည်တည်တံ့စွာ ခံစားနိုင်တော့မှာ မဟုတ်ကြောင်း တွေ့မြင်လာရပါတယ်။

“မလိုအပ်တဲ့ အသုံးအစွဲတွေကို ကျွန်တော်တို့ ဆင်ခြင်ရပါတော့မယ်။ အရေးကြီးတဲ့ အသုံးအစွဲတွေကိုသာ ဆောင်ရွက်ရပါတော့မယ်”လို့ ဘဏ္ဍာရေးဝန်ကြီး အီဘရာဟင်အယ်လ်ဆာဆပ်က ဒီဇင်ဘာ ၂၈ ရက်က ပြောပါတယ်။ ဒါပေမဲ့ စီးပွားရေးပညာရှင် အဗ္ဗဒူဝါဟာ အဘီဒါဟက်ကတော့ ဒီထက်မက ဆောင်ရွက်ဖို့လိုလိမ့်မယ် လို့ အေအက်ဖ်ပီသတင်းဌာနကို ပြောပါတယ်။

အသုံးစရိတ်ကို မလျှော့ချဘူး။ ပြုပြင်ပြောင်းလဲမှုတွေ မပြုလုပ်ဘူးဆိုရင် တိုင်းပြည်ရဲ့ အရန်ငွေကြေးက ငါးနှစ်အတွင်း ကုန်သွားနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ဆော်ဒီအစိုးရကို သတိပေးထားပါတယ်။ ၂၀၁၄ ခုနှစ်အကုန်မှာ နိုင်ငံရဲ့ အရန်ငွေကြေး အမေရိကန်ဒေါ်လာ ၇၃၂ ဘီလီယံ ရှိတဲ့အနက် ယခုနှစ်အတွင်း ဒေါ်လာဘီလီယံ ၈၀ ထုတ်ယူသုံးစွဲခဲ့ပါတယ်။

**SOUTH ASIA**

## စွန့်ဦးတီထွင်သူ ပထမမျိုးဆက်များကို ထောက်ပံ့ဖို့ အိန္ဒိယဘဏ်များကိုတိုက်တွန်း

ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်တဲ့ စီးပွားရေးလုပ်ငန်းများက ဆောင်ရွက်နေတဲ့ လုပ်ငန်းချဲ့ထွင်ရေး စီမံကိန်းများအတွက် ချေးငွေများ ထပ်မံတိုးချဲ့ပေးမယ့်အစား စွန့်ဦးတီထွင်သူ ပထမမျိုးဆက်တွေ ဆောင်ရွက်နေတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုရှိတဲ့ စီမံကိန်းတွေကို ပိုမိုထောက်ပံ့ကြဖို့ ဒီဇင်ဘာ ၂၉ ရက်က အိန္ဒိယဝန်ကြီးချုပ်က ဘဏ်တွေကို တိုက်တွန်းကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

ဇာတ်နိမ့် (Dalit) လူငယ်များအား အလုပ်အကိုင် ရှာဖွေနေသူများဘဝမှ အလုပ်အကိုင် ဖန်တီးသူများဘဝသို့ ပြောင်းလဲနိုင်ရေးအတွက် ဇာတ်နိမ့်လူငယ်များအတွက် ကျွမ်းကျင်မှုနဲ့ ငွေကြေး အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးဖို့ အစိုးရက ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း မိုဒီကပြောပါတယ်။

ယခုနှစ် ပထမရှစ်လအတွင်း ဝန်ကြီးချုပ်ရဲ့ Mudra အစီအစဉ်အရ အပေါင်ထားစရာမလိုတဲ့ ချေးငွေရူပီးကုဋေ ၅၀,၀၀၀ အား လူပေါင်း ၈ သန်းနီးပါးကို ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း ဒါလစ်အိန္ဒိယကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်များ (Dalit Indian Chambers of Commerce and Industry-DICCI) ကကျင်းပတဲ့ ဒါးလစ်စွန့်ဦးတီထွင်သူများရဲ့ အမျိုးသားကွန့်ဖရင့်မှာ မိုဒီကပြောပါတယ်။ Mudra က အတိုကောက်စာလုံးဖြစ်ပြီး မိုက်ကရိုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနဲ့ ငွေကြေးထောက်ပံ့ရေး အေဂျင်စီလို့ အဓိပ္ပာယ်ရပါတယ်။

“ဒီချေးငွေကို ခံစားခွင့်ရသူအများစုက အသေးစားစီးပွားရေး လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ ဇာတ်နိမ့် တွေနဲ့ အမျိုးသမီးတွေဖြစ်ပါတယ်။ သူတို့ ရဲ့ အလုပ်အကိုင် ဖန်တီးနိုင်တဲ့ စွမ်းအားက တစ်ယောက်ကို နှစ်ဦးသုံးဦးသာ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်ငန်းတွေ ရဲ့ အလုပ်အကိုင်ဖန်တီးမှု စုစုပေါင်းက လူဦးရေက သန်း ၁၄၀ လောက်ရှိပြီး သူတို့အတွက် ဘဏ်ချေးငွေရဖို့ နည်းလမ်းမရှိဘဲဖြစ်နေပါတယ်” လို့ မိုဒီက ပြောပါတယ်။

**EU**

## ၂၀၁၆ ခုနှစ်မှာ ဥရောပသမဂ္ဂအတွက် ထူးခြားတဲ့ စိန်ခေါ်မှုများတွေ့ကြုံနိုင်

ဒုက္ခသည် အကျပ်အတည်း၊ ယူကေဆန္ဒခံယူပွဲ၊ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ နိုင်ငံခြားသားများကို ဆန့်ကျင်မုန်းတီးတဲ့ နိုင်ငံရေးပါတီများ အပါအဝင် ပြဿနာများက ဥရောပသမဂ္ဂ (အီးယူ)ခေါင်းဆောင်များကို စမ်းသပ်ရန် စိန်ခေါ်လျက်ရှိနေကြောင်း ယူရိုအင်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

နှစ်သစ်သို့ ကူးပြောင်းချိန်မှာ အီးယူအတွက် နိုင်ငံရေး စိန်ခေါ်မှု များက ပြင်းထန်တဲ့ မုန်တိုင်းတစ်ခု သဖွယ်ဖွဲ့စည်း ဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ ပြဿနာတွေကို ဖြေရှင်းရာမှာ အဓိက အသုံးပြုခဲ့တဲ့ ခေတ်ဟောင်း မဟာဗျူဟာက အသုံးဝင်တော့မှာ မဟုတ်ပါဘူး။

ယူရိုငွေကြေး အကျပ်အတည်းကလည်း အီးယူကို ဖျက်ဆီးပစ်လိမ့်မယ်လို့ အများစုက ခန့်မှန်းထားပါတယ်။ ဒါပေမဲ့ နှစ်အနည်းငယ်ခန့် ထိပ်သီးဆွေးနွေးပွဲတွေ ပြင်းပြင်းထန်ထန် ဆောင်ရွက်ပြီးနောက်ပိုင်း ပြဿနာကို အနည်းနဲ့အများ ဖြေရှင်းနိုင်ခဲ့ပါတယ်။ ဂရိနိုင်ငံက ဆိုးရွားတဲ့ အနေအထား ကို ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။ ယခုအချိန်မှာ အီးယူက စီးပွားရေးမူဝါဒ ပေါင်းစပ်ညှိနှိုင်းရေးမှာ ခိုင်မာတဲ့ ယန္တရားကို ဖွဲ့စည်းထူထောင်ထားနိုင်ပြီဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ နယ်စပ်ဒေသတွေကို ထိန်းချုပ်ဖို့နဲ့ လူဝင်မှုဝန်ထုပ်ဝန်ပိုးကို မျှဝေခံစားဖို့အတွက် အဓိကလုပ်ငန်းတွေကို သဘောတူညီမှုရပြီး လတ်တလော စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်မယ်လို့ အီးယူနိုင်ငံတွေက ခန့်မှန်းထားပါတယ်။

ဒါပေမဲ့ ဒုက္ခသည်တွေကို ဥရောပလူ့အဖွဲ့အစည်းအတွင်း ပေါင်းစည်းရေးနဲ့ နိုင်ငံခြားသားကို ဆန့်ကျင်တဲ့ နိုင်ငံရေးပါတီများ ထွန်းကားလာခြင်းကို တန်ပြန်ဆောင်ရွက်ရေးစတဲ့ ရေရှည်စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့က အခက်အခဲရှိနိုင်ပါတယ်။

**EAST ASIA**

## အွန်လိုင်းငွေပေးချေမှုနဲ့ ပတ်သက်တဲ့ အသေးစိတ် စည်းမျဉ်းများကို တရုတ်ဗဟိုဘဏ်ကထုတ်ပြန်

ထွန်းကားလာတော့မယ့် အင်တာနက်ငွေကြေးလုပ်ငန်းမှာ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ အန္တရာယ်တွေကို ထိန်းချုပ်ဖို့ နောက်ဆုံးကြိုးပမ်းချက်တစ်ရပ်အဖြစ် ဘဏ်မဟုတ်တဲ့ ငွေကြေးအဖွဲ့အစည်းများက ဆောင်ရွက်တဲ့ အွန်လိုင်းငွေပေးချေမှုဆိုင်ရာ စည်းမျဉ်းဥပဒေအသေးစိတ်ကို တရုတ်ဗဟိုဘဏ်က ဒီဇင်ဘာ ၂၈ ရက်မှာ ထုတ်ပြန်ခဲ့ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

အသစ်ထုတ်ပြန်လိုက်တဲ့ စည်းမျဉ်းသစ်များအရ ဘဏ်မဟုတ်တဲ့ ငွေစာရင်းအားလုံးအတွက် အမည်မှန်ကို သုံးစွဲရမှာဖြစ်ပြီး လုံခြုံမှုအဆင့်ပေါ်မူတည်ပြီး ငွေစာရင်းတွေကို အတန်းအစားသုံးမျိုး သတ်မှတ်မှာဖြစ်ပါတယ်။ ဒီလိုငွေစာရင်းတွေကနေခွင့်ပြုတဲ့ ငွေပေးချေမှု အရွယ်အစားပမာဏက တစ်နှစ်ကို ယွမ် ၁၀၀၀ (အမေရိကန် ၁၅၅ ဒေါ်လာ)ကနေ ယွမ် ၂၀၀,၀၀၀ အထိ အမျိုးမျိုးရှိမှာဖြစ်ပါတယ်။

ဘဏ်ငွေပေးချေမှု ပလက်ဖောင်းကနေ ဆောင်ရွက်တဲ့ ငွေပေးငွေယူလုပ်ငန်းတွေကို ယခုစည်းမျဉ်းဥပဒေအရ ကန့်သတ်မှာ မဟုတ်ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

ယခုမူဝါဒကို ချမှတ်တဲ့ ရည်ရွယ်ချက်က သူတစ်ပါး ပေးချေမှု ငွေ စာရင်း (Third-party Payment Account) မှာ ငွေကြေးအမြောက်အမြား အပ်နှံမှုမျိုးကို ရှောင်ရှားဖို့ ဖြစ်ပါတယ်။ အဆိုပါ အပ်နှံမှုမျိုးက ဘဏ်အပ်ငွေ အာမခံအကာအကွယ်ပေးနိုင်တဲ့ အနေအထားထက် ကျော်လွန်နေပြီး ဝန်ဆောင်မှုကို ရယူသုံးစွဲတဲ့ သုံးစွဲသူ (consumer) များကို ထိခိုက်စေနိုင်တဲ့အတွက် ဖြစ်ပါတယ်။

အလီဘာဘာက Alipay စနစ်ကို စတင်ကျင့်သုံးခဲ့တဲ့နောက်ပိုင်း တရုတ်နိုင်ငံမှာ Third-party Payment လုပ်ငန်းက လျင်မြန်စွာ ကျယ်ပြန့်လာပါတယ်။ ၂၀၁၅ ခုနှစ် ပထမသုံးလပတ်သုံးခုမှာ ငွေပေးချေမှုလုပ်ငန်းတွေရဲ့ အွန်လိုင်းငွေပေးငွေယူပမာဏက ယွမ် ၃၂ ဒသမ ၉၇ ထရီလီယံထိရှိပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်




ထွန်းသစ်စ ဈေးကွက်များရှိ ငွေကြေးများက ယခုနှစ်အတွင်းမှာ နှစ်ပေါင်း ၂၀ အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ပြီး တရုတ်နိုင်ငံ စီးပွားရေး နှေးကွေးကျဆင်းမှုနဲ့ အမေရိကန် ငွေကြေး မူဝါဒတင်းကျပ်မှုတို့ကြောင့် ၂၀၁၆ ခုနှစ်မှာလည်း ထပ်မံကျဆင်းဦး မယ်လို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းပါတယ်။

စီးပွားရေးအပေါ် ယုံကြည်မှုကျ ဆင်းလာခြင်းက စတော့ရှယ်ယာနဲ့ ဘွန်းစာချုပ်ဈေးကွက်တွေကို ထိခိုက် စေခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အီကွိတီ ရှယ်ယာတွေရဲ့ အညွှန်းကိန်းတွေက နှစ်အလိုက် နှိုင်းယှဉ်ရင် ၂၀၁၁ ခုနှစ် နောက်ပိုင်း အနိမ့်ဆုံးကို ကျဆင်းခဲ့ပါ တယ်။ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေး လိုက်ပြီး ဆက်လက်မြှင့်တင်ပေးသွား ဦးမယ့် အလားအလာတွေ ပြသလာတဲ့ အတွက် ထွန်းသစ်စ ဈေးကွက်များမှာ ရှိတဲ့ အစိုးရဘွန်းစာချုပ်တွေကို ဝယ်ယူ လိုတဲ့ ရင်းနှီးမြှုပ်နှံသူတွေ များပြားလာ တဲ့အတွက် ငွေကြေးတန်ဖိုးတွေ ကျ ဆင်းစေခဲ့ပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်း မှုက အာရှဒေသမှာ တစ်ဦးတည်းသော ရေနံပို့ကုန်နိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံ စီးပွားရေးကို ထိခိုက်စေတဲ့အတွက် မလေးရှား ရင်းဂစ်တန်ဖိုးက ယခုနှစ် အတွင်း ၁၉ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ ပြီး ၁၉၉၇ ခုနှစ်နောက်ပိုင်း စွမ်းဆောင် ရည် အညံ့ဆုံးငွေကြေးဖြစ်ခဲ့ပါတယ်။

### တရုတ်ယွမ်

လွန်ခဲ့တဲ့ ငါးလအတွင်း ရောင်း ဝယ်ရေးလုပ်ငန်းများ မတည်မငြိမ်ဖြစ်ခဲ့ ပြီးနောက်ပိုင်း ယွမ်ငွေကြေးတန်ဖိုးက နှစ်အလိုက်နှိုင်းယှဉ်ရင် ၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒီဇင်ဘာ ၃၁ ရက်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ ယွမ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ပါတယ်။

ဒီဇင်ဘာ ၃၁ ရက် ဈေးကွက်မဖွင့် မီက တရုတ်ဗဟိုဘဏ်က ဒေါ်လာနဲ့ ယွမ်ငွေဖလှယ်နှုန်းကို အမေရိကန်တစ် ဒေါ်လာလျှင် ၆ဒသမ ၄၉၃၆ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ ၂၀၁၁ ခုနှစ် မေလ နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။ လက်ငင်း ဈေးကွက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၄၉၃၆ ယွမ်နှုန်းဖြစ်ခဲ့တဲ့အတွက် ယခင်နေ့က ဖလှယ်နှုန်းအောက် သုည ဒသမ ၀၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

### အိန္ဒိယရူပီး

ဘဏ်များနဲ့ သွင်းကုန်လုပ်ငန်းရှင် များက အမေရိကန်ဒေါ်လာကို ထပ်မံ ဝယ်ယူလာကြတဲ့အတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၀၅ ရူပီးနှုန်း ကျဆင်းပြီး တစ် ဒေါ်လာကို ၆၆ ဒသမ ၂၀ ရူပီးနှုန်းရှိခဲ့ ပါတယ်။ ဘဏ်အချင်းချင်း နိုင်ငံခြား ငွေဖလှယ်ရာမှာ ရူပီးတန်ဖိုးက ဒီဇင် ဘာ ၃၁ ရက် ဈေးပိတ်ချိန်က ရှိခဲ့တဲ့ ၆၆ ဒသမ ၁၅ ရူပီးနှုန်းအောက် သုည ဒသမ ၀၅ ရာခိုင်နှုန်း ကျဆင်းပါတယ်။

ကမ္ဘာ့အဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး မြင့်တက် မှုကလည်း ရူပီးတန်ဖိုးအပေါ် အကျိုး သက်ရောက်မှုရှိခဲ့ကြောင်း ဝယ်ရောင်း သမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

ရေနံစိမ်းဈေးနှုန်းများ ပြန်လည် မြင့်တက်လာမှုကြောင့် အမေရိကန် ဒေါ်လာရဲ့ တန်ဖိုးက တိုကျိုဈေးကွက် မှာ ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တစ်ဒေါ်လာကို ၁၂၀ ဒသမ ၅ ယန်း ဝန်းကျင်မှာ ရှိခဲ့ပါတယ်။

ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၂၉ ရက် ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ ၁၂၀ ဒသမ ၄၂ ယန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၂၀ ဒသမ ၃၆ ယန်းရှိခဲ့ရာမှ နောက်တစ်နေ့ မွန်းတည့်ချိန်မှာ ၁၂၀ ဒသမ ၅၀ ယန်း နှုန်းကို ရောက်ရှိခဲ့ပါတယ်။

ယူရိုနဲ့ဖလှယ်ရာမှာ ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းက နယူးယောက်ဈေး ကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၉၁၄ ဒေါ်လာနဲ့ ၁၃၁ ဒသမ ၅၅ ယန်းနှုန်း ဖြင့် လည်းကောင်း တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၉၇၄ ဒေါ်လာနဲ့ ၁၃၂ ဒသမ ၀၉ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တိုကျိုဈေးကွက်မှာ တစ် ယူရိုကို သုည ဒသမ ၀၉၂၅ ဒေါ်လာနဲ့ ၁၃၁ ဒသမ ၆၅ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ကုန်သည်များက အရောင်း အဝယ် ရပ်ဆိုင်းကြတဲ့အတွက် ဒီဇင် ဘာ ၃၁ ရက်က ဒေါ်လာနဲ့ ဖလှယ် ရာမှာ ရင်းဂစ်တန်ဖိုး အနည်းငယ်ကျ ဆင်းခဲ့ကြောင်း ကုန်သည်တွေက ပြော ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ် ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၈၈၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ဒီဇင်ဘာ ၃၀ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၈၉၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ကမ္ဘာ့ ရေနံဈေးနှုန်းတွေ ကျဆင်းတဲ့အတွက် ရင်းဂစ်တန်ဖိုးက လွန်ခဲ့တဲ့ သုံးရက် အတွင်းက ရင်းဂစ်တန်ဖိုး မြင့်တက် နေရာမှ ဒီဇင်ဘာ ၃၁ ရက်မှာ အနည်း ငယ် ကျဆင်းခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေနဲ့ ငွေကြေး အဖွဲ့အစည်းတွေက တောင်ကိုရီးယား ရှယ်ယာတွေကို ပြန် လည် ရောင်းချလာကြတဲ့အတွက် ဒီဇင်ဘာ ၃၀ ရက်မှာ တောင်ကိုရီးယား ရှယ်ယာတွေ တန်ဖိုး ကျဆင်းခဲ့ပါ တယ်။

ရေနံဈေးနှုန်းကျဆင်းမှုနဲ့ တရုတ် ယွမ်ငွေကြေးအပေါ် ရင်းနှီးမြှုပ်နှံသူတွေ ရဲ့ ယုံကြည်မှု ကျဆင်းလာတဲ့အတွက် တောင်ကိုရီးယားဝမ်တန်ဖိုးပါ ကျဆင်း လာတာကို တွေ့ရပါတယ်။ ဒီဇင်ဘာ ၃၀ ရက်က ဒေါ်လာနဲ့ ဝမ်ငွေကြေးဖလှယ် နှုန်းက တစ်ဒေါ်လာကို ၁၁၇၂ ဒသမ ၅ ဝမ်နှုန်းရှိခဲ့တဲ့အတွက် ဒီဇင်ဘာ ၂၉ ရက်က ရှိခဲ့တဲ့ ဖလှယ်နှုန်းဖြစ်တဲ့ ၁၁၆၉ ဒသမ ၆ ဝမ်နှုန်းအောက် ဝမ် တန်ဖိုးက သုည ဒသမ ၃ ရာခိုင်နှုန်း ကျ ဆင်းပြီး ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

### ထိုင်းဘတ်

အမေရိကန်စီးပွားရေး နာလန် ထူမှုကြောင့် ယခုနှစ်အတွင်း အာရှ ငွေကြေးများ တန်ဖိုးကျဆင်းခဲ့တဲ့ နည်းတူ ဘတ်ငွေတန်ဖိုးကလည်း ယခုနှစ်အတွင်း ၉ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဇန်နဝါရီမှာ နေ့စာရင်းများအရ ဒေါ်လာ နဲ့ ဘတ်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၆ ဒသမ ၀၁၅၀ ဘတ်နှုန်း ရှိခဲ့ပါ တယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## မလေးရှားဘဏ်တို့ အခက်အခဲနဲ့ကြုံတွေ့

စီးပွားရေးနှေးကွေးမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကြွေးဆုံးများအတွက် သီးသန့်လျာထားငွေ ပိုမိုများပြားလာတဲ့အတွက် မလေးရှားဘဏ်များရဲ့ ဝင်ငွေက ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်း ပေါ်ပေါက်ပြီးနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် လျော့ကျခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ဘဏ်တွေရဲ့ အမြတ်အစွန်းက ပဉ္စမမြောက် သုံးလပတ်အဖြစ် ဆက်တိုက် ကျဆင်းခဲ့ပြီး စက်မှုလုပ်ငန်းချေးငွေကလည်း အောက်တိုဘာလမှာ ဒုတိယမြောက်လ အဖြစ် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။ အမြတ်အစွန်းနည်းပါးခြင်း၊ ချေးငွေဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ချေးငွေအတွက် ကုန်ကျစရိတ်မြင့်မားခြင်းနဲ့ မတည်ရင်းနှီးငွေ ဈေးကွက်အလားအလာ မှေးမှိန်ခြင်းစတဲ့ အကြောင်းအရာတွေက စက်မှုကဏ္ဍရဲ့ စွမ်းဆောင်ရည်ကို ဆက်လက်ပြီး အဟန့်အတားပြုနေမှာဖြစ်ကြောင်း ဘဏ်လုပ်ငန်း လေ့လာဆန်းစစ်သူတွေက သုံးသပ်ပါတယ်။

ယခုနှစ် ပထမကိုးလအတွင်း ဘဏ်လုပ်ငန်းကဏ္ဍရဲ့ တိုးတက်မှုက သုံးလ ပတ်အလိုက် နှိုင်းယှဉ်ရင် ၁ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး ဘဏ်လုပ်ငန်း တစ်ခု လုံးရဲ့ အမြတ်က ရင်းဂစ် ၅ ဒသမ ၂၂ ဘီလီယံသာရှိခဲ့ပါတယ်။ ဒါပေမဲ့ ယခင်တစ် နှစ်က အခြေအနေနဲ့ နှိုင်းယှဉ်ရင် ဘဏ်လုပ်ငန်းကဏ္ဍရဲ့အမြတ်က ပဉ္စမမြောက် သုံးလပတ်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။

ဘဏ်တွေရဲ့ လုပ်ငန်းဆောင်ရွက်မှုဝင်ငွေက မြင့်တက်လာပေမယ့် နှစ် အလိုက် အမြတ်နှုန်း တိုးတက်မှုက ကျဆင်းနေတာကို တွေ့ရပါတယ်။ ယခုလိုဝင်ငွေ ကျဆင်းရတာက ဘဏ်လုပ်ငန်းအသုံးစရိတ် မြင့်မားခြင်းနဲ့ ချေးငွေဆုံးရှုံးမှုလျာ ထားငွေမြင့်မားလာခြင်းစတဲ့ အကြောင်းအရာများကြောင့်ဖြစ်ကြောင်း လေ့လာ ဆန်းစစ်သူတွေက ပြောပါတယ်။ ချေးငွေဆုံးရှုံးမှုအတွက် လျာထားငွေက လွန်ခဲ့တဲ့ တစ်နှစ်က ရင်းဂစ် ၅၅၁ ဒသမ ၅ သန်းရှိခဲ့ရာမှ တတိယသုံးလပတ်မှာ ရင်းဂစ် ၁ ဒသမ ၄၁ ဘီလီယံထိရှိခဲ့ပါတယ်။

## ယွမ်တန်ဖိုးတည်ငြိမ်မှုရှိကြောင်း တရုတ်ဗဟိုဘဏ်ကပြောကြား

သင့်တော်တဲ့ ငွေဖြစ်လွယ်မှု အခြေအနေကို ထိန်းသိမ်း ထားနိုင်ဖို့နဲ့ ချေးငွေနဲ့ လူမှုရေးငွေကြေးထောက်ပံ့မှုလုပ်ငန်း များ သင့်တော်တဲ့နှုန်းထားနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ မူဝါဒ အမျိုးမျိုးကို ကျင့်သုံးသွားမှာ ဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်က ဒီဇင်ဘာ ၂၈ ရက်က ပြောပါတယ်။

စတုတ္ထသုံးလပတ် မူဝါဒကော်မတီအစည်းအဝေးက ထုတ်ပြန်ရာမှာ တရုတ်ဗဟိုဘဏ်က ငွေကြေးဆိုင်ရာ စည်း မျဉ်းစည်းကမ်းများကို တိုးတက်ကောင်းမွန်စေမယ့် ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်ရင်း ယွမ်ငွေကြေးကို တည်ငြိမ် အောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ငွေကြေးမူဝါဒကို ချမှတ်ရာမှာ မတင်းလွန်း၊ မလျော့ လွန်းတဲ့ ရပ်တည်ချက်ကို ထိန်းသိမ်းရင်း ဆင်ခြင်ထိန်းသိမ်းမှု ရှိတဲ့ ငွေကြေးမူဝါဒကို ကျင့်သုံးမှာဖြစ်ကြောင်း တရုတ်ဗဟို ဘဏ်က ပြောပါတယ်။ ဒီမူဝါဒကိုလည်း တရုတ်နိုင်ငံက ၂၀၁၁ ခုနှစ်ကတည်းက ကျင့်သုံးခဲ့တာလည်းဖြစ်ပါတယ်။

ငွေကြေးထောက်ပံ့မှုနဲ့ ချေးငွေဖွဲ့စည်းတည်ဆောက်ပုံကို အနေတော်အဖြစ် ဖန်တီးကာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ တိုက်ရိုက်ငွေကြေးထောက်ပံ့မှု အချိုးအစား ကို တိုးမြှင့်ခြင်းနဲ့ ငွေကြေးထောက်ပံ့မှု ကုန်ကျစရိတ်လျှော့ချ ခြင်းစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဗဟိုဘဏ်ကပြောပါတယ်။

တရုတ်စီးပွားရေးနဲ့ ဘဏ္ဍာရေးဈေးကွက်များ၊ အပြည် ပြည်ဆိုင်ရာ မတည်ငွေရင်း စီးဝင်မှုများကို အနီးကပ်စောင့် ကြည့်လေ့လာလျက်ရှိကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

တရုတ်ဗဟိုဘဏ်က ၂၀၁၄ ခုနှစ် နိုဝင်ဘာနောက်ပိုင်း ဗဟိုဘဏ်အတိုးနှုန်းကို ခြောက်ကြိမ်လျှော့ချခဲ့ပါတယ်။

JT MT
JAPAN TRUCK & MACHINERY TRADING CO.,LTD.
Yangon, Myanmar

# JAPAN TRUCK & MACHINERY TRADING CO.,LTD.
and
# KINKI TRUCK SALES CO.,LTD.

KINKI TRUCK SALES
Kobe, Japan

ဂျပန်နိုင်ငံမှ ကားကောင်း၊ ကားသန့်များကိုသာ ရွေးချယ်တင်သွင်းသည့် ဂျပန်ကားကြီးသီးသန့် (မင်္ဂလာဒုံ)မှ ကြိုဆိုပါ၏



လစဉ်
အစီးရေ ၅၀ နင့်ကို
တင်သွင်းရောင်းချပေး
နေပါသည်။

အနယ်နယ်အရပ်ရပ်မှ အားပေးသူများအား ကျေးဇူးအထူးတင်ပါသည်။

မြေအမှတ်(၁)၊ သက်နှင်းကျွန်းကြီး၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်။ (၁၂ လမ်းမှတ်တိုင်အနီး)
Ph : 09 420114705 (ဦးစိုး)(ရုံးအချိန်အတွင်း) Websitt : www.jtmtmyanmar.com







# VICTORY WAY







ဆေးနှင့်ဆေးပစ္စည်းများ (Medicine and Medical Equipment)
လျှပ်စစ်ဆိုင်ရာ ကုန်ကြမ်းနှင့်ကုန်ချောပစ္စည်းများ (Electrical Electronic Product)
ယာဉ်နှင့်စက်ကိရိယာအပိုပစ္စည်းများ (Vehicles and Spares Parts)
လယ်ယာထွက်ကုန်အမျိုးမျိုး (Farm Produts)
စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ (Factory Utencils and Raw Material)
သယ်ယူပို့ဆောင်ရေး (Logistic)
သတ္တုတူးဖော်ရေး (Mining)

အမှတ် - ၈၃၂၊ နေသိဒ္ဓိလမ်း၊ ဂန္ဓမာလမ်း၊ မရမ်းကုန်း(၈)ရပ်ကွက်၊ ရန်ကုန်မြို့။
Tel: 09-5502216, 09-73444222, E-mail : victroyway.burma@gmail.com

## Princess Amara

Car Rental Services

Car Rental Services, Limousine Services,
Valet Services, Shuttle Bus Services,
Ferry Services, Taxi Services and Driver Services



Room 903, Condo ©, Takathoyeikmon Housing, Bahan Township, Yangon, Myanmar

Email: princessamara.carrental@gmail.com / www.princessamara-carrental.com

+951 549399, +951 546646, Fax: +951 542942
+959 42 10 15 940, +959 79 99 00 473





# ဖွံ့ဖြိုးရေးစက်မှုလုပ်ငန်းသစ်များကို စင်ကာပူနိုင်ငံဖော်ထုတ်မည်

စင်ကာပူနိုင်ငံက စီးပွားရေးလုပ်ငန်းကို ပြန်လည်ပြင်ဆင်တည်ဆောက်နေချိန်မှာ ဖွံ့ဖြိုးရေးစက် မှုလုပ်ငန်းသစ်များ ဖော်ထုတ်ရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အာကာသသို့မဟုတ် ဂြိုဟ်တုထုတ်လုပ်ရေးလုပ်ငန်းလည်း ပါဝင်ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

အဆိုပါလုပ်ငန်းမှာ ခန့်ထားတဲ့ ကျွမ်းကျင်ပညာရှင်စုစုပေါင်းမှာ ၁၀၀၀ရှိပြီး လာမယ့်ငါးနှစ်ကျော်အတွင်း နောက်ထပ်ကျွမ်းကျင်ပညာရှင် ၃၀၀ ကို ခန့်ထားဖို့ ရည်မှန်းထားကြောင်း စင်ကာပူစီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့က ပြောပါတယ်။

စင်ကာပူနိုင်ငံမှ ထုတ်လုပ်တဲ့ ဂြိုဟ်တုခြောက်လုံးကို အာကာသအတွင်းသို့ မကြာသေးမီက အိန္ဒိယနိုင်ငံမှ လွှတ်တင်ခဲ့ပါတယ်။ လွှတ်တင်ခဲ့တဲ့ ဂြိုဟ်တုများအနက် တစ်လုံးမှာ နန်ယန်နည်းပညာတက္ကသိုလ်က တည်ဆောက်ပေးတဲ့ VELOX-11 ဂြိုလ်တုဖြစ်ပါတယ်။ စင်ကာပူလုပ်ငန်းတစ်ခုဖြစ်တဲ့ Addvalue ရဲ့ ဒေတာအချက်အလက်ထပ်ဆင့်ထုတ်လွှင့်ရေး တာမင်နယ်ကိုသုံးပြီး ထုတ်လွှင့်ခြင်းဖြစ်ပါတယ်။

ယခုနည်းပညာကို Addvalue က နှစ်နှစ်အချိန်ယူပြီး ဖန်တီးခဲ့ရခြင်းဖြစ်ပြီး ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းရှိ ဂြိုဟ်တုများနဲ့အော်ပရေတာများကို တစ်ပြိုင်နက်တည်း ဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ဒါကြောင့် ဆက်သွယ်ချိန်ကိုလည်း တစ်နာရီခွဲလောက် လျှော့ချပေးထားပါတယ်။ Addvalue ကို ၁၉၉၄ ခုနှစ်မှာ ကြိုးမဲ့ဖုန်းနှင့် ဘလူးတုဟန်းဆက်များ ထုတ်လုပ်ရေးလုပ်ငန်းအဖြစ် စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဒေသတွင်းမှာ တန်ဖိုးနည်းပစ္စည်းထုတ်လုပ်တဲ့ ပြိုင်ဘက်တွေပေါ်လာပြီး နောက်ပိုင်း ၂၀၀၆ခုနှစ်မှာ ဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းကုမ္ပဏီအဖြစ် Addvalue ကို ပြန်လည်ဆန်းစစ်ပြောင်းလဲခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုများနဲ့ ရင်ဆိုင်တွေ့ကြုံနေရချိန်မှာ ပြန်လည်ဆန်းသစ်ပြောင်းလဲတဲ့ စိတ်ဓာတ်နဲ့ ဆန္ဒပြင်းပြမှုက အရေးပါတဲ့လိုအပ်ချက်ဖြစ်ပါတယ်လို့ စီးပွားရေးပညာရှင်တစ်ဦးက ပြောပါတယ်။

စင်ကာပူစီးပွားရေးမူဝါဒများ ပြန်လည်လေ့လာဆန်းစစ်ရေးနဲ့ အနာဂတ် စီးပွားရေးမဟာဗျူဟာများ ချမှတ်နိုင်ရေးအတွက် အသစ်ဖွဲ့စည်းလိုက်တဲ့ အနာဂတ်စီးပွားရေးဆိုင်ရာ ကော်မတီကို တာဝန်ပေးထားပါတယ်။

အာကာသလုပ်ငန်းအပြင် စီးပွားရေးဖွံ့ဖြိုးမှု ဘုတ်အဖွဲ့က ရေးဆွဲချမှတ်ထားတဲ့ ဖွံ့ဖြိုးရေးနယ်ပယ်သစ်များမှာ မော်တော်ကား၊ သဘာဝသယံဇာတ၊ လူနေမှုဘဝထုတ်ကုန်နဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေလည်း ပါဝင်ပါတယ်။

# ၂၀၁၅ ခုနှစ်တွင် တောင်ကိုရီးယားပို့ကုန်များ တစ်ဟုန်ထိုး ကျဆင်း

တောင်ကိုရီးယားနိုင်ငံသုံး ငွေကြေးဖြစ်တဲ့ ဝမ်တန်ဖိုးမြင့်တက်မှုနဲ့ ရေနံစိမ်းဈေးများ အဆမတန်ကျဆင်းမှုကြောင့် တောင်ကိုရီးယားပို့ကုန်များက ၂၀၁၅ ခုနှစ်မှာ ကျဆင်းခဲ့ကြောင်းနဲ့ ယခုကျဆင်းမှုမှာ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဖြစ်ပြီးနောက် အလျင်မြန်ဆုံး ကျဆင်းခဲ့ပြီး ၁၂ လ မြောက် ဆက်တိုက်ကျဆင်းခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ပို့ကုန်လုပ်ငန်းများက အကြမ်းဖျဉ်းအားဖြင့် တောင်ကိုရီးယားနိုင်ငံစီးပွားရေးရဲ့ ထက်ဝက်နီးပါး ပါဝင်လျက်ရှိကြောင်း ဇန်နဝါရီ ၁ ရက်က ထုတ်ပြန်တဲ့ အစိုးရကိန်းဂဏန်းများအရ တွေ့ရပါတယ်။ ပို့ကုန်များမှာ ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ပါက ၇ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၂၇ ဒသမ ၂ ဘီလီယံရှိခဲ့ရာ ၂၀၀၉ ခုနှစ်နောက်ပိုင်း နှစ်အလိုက် ကျဆင်းမှု အများဆုံးဖြစ်ခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။ ပြည်ပသို့ တင်ပို့မှုမှာ ဒီဇင်ဘာ တစ်လတည်းမှာပင် ၁၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဝန်ကြီး ဌာနက ပြောပါတယ်။

ပို့ကုန်များ ကျဆင်းရတဲ့ အကြောင်းရင်းများစွာ ရှိတဲ့အနက် ပို့ကုန်ပြိုင်ဖက်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံသုံးငွေကြေး ယန်းငွေနဲ့ ဖလှယ်ရာမှာ တောင်ကိုရီးယားဝမ်တန်ဖိုး မြင့်တက်မှုနဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက ယွမ်တန်ဖိုးအဆက်မပြတ်ချခဲ့ခြင်းတို့လည်း ပါဝင်ပါတယ်။

ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းများ ကျဆင်းရခြင်းကလည်း အဓိက အကြောင်းအရင်းတစ်ခုဖြစ်ပြီး အာရှမှာ စတုတ္ထအကြီးမားဆုံး စီးပွားရေးဖြစ်တဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ အရေးကြီးထုတ်ကုန်တွေဖြစ်တဲ့ ရေနံထုတ်ကုန်တွေကို ထိခိုက်မှုရှိခဲ့ပါတယ်။ ရေနံနဲ့ ရေနံဓာတုထုတ်ကုန်တွေ တင်ပို့မှုက ၃၇ ရာခိုင်နှုန်းနဲ့ ၂၀ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။

ထွန်းသစ်စ ဈေးကွက်များ ဆက်လက်နှေးကွေးကျဆင်းနေခြင်းနဲ့ ရေနံစိမ်းဈေးနှုန်းတွေ အရှိန်အဟုန်ဖြင့် ကျဆင်းခြင်းတို့ အပါအဝင် ကျဆင်းမှုအန္တရာယ်တွေ ဆက်လက်တည်ရှိနေပေမယ့် ၂၀၁၆ ခုနှစ်မှာ စီးပွားရေး အနည်းငယ် နာလန်ထူလာလိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 4th January 2016

<< December And January Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.11.2015 | 25.11.2015 | | | 9.12.2015 | 13.12.2015 | |
| | S/O CUT | | | | | | | | 22.11.2015 | 21.11.2015 | | | | | |
| MV.CITY OF MUMBAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.12.2015 | 13.12.2015 | 10.12.2015 | | 22.12.2015 | 26.12.2015 | 3.1.2016 |
| | S/O CUT | | | | | | | | 7.12.2015 | 9.12.2015 | 6.12.2015 | | | | |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.12.2015 | 26.12.2015 | 28.12.2015 | | 9.1.2015 | 13.1.2015 | |
| | S/O CUT | | | | | | | | 23.12.2015 | 22.12.2015 | 24.12.2015 | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 26.1.2016 | 30.1.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiohama Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။